# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်    ၂၀၂၀ ပြည့်နှစ်၊ မတ် ၉ ရက်၊ တနင်္လာနေ့    အတွဲ (၅၉)၊ အမှတ် (၁၆၁)


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍဝဂ် (ဓမ္မပဒ - ၁၄၅)



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အဘိဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ချောင်းဒေါင်းစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ကေလာသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အဘိဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ ပန်းငွေရုံတောရ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တသုမနထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။ သတင်းစဉ်

# ၂၀၂၀ ပြည့်နှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၈**

၂၀၂၀ ပြည့်နှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ကြသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တေးသံရှင်က ထူးမခြားနားသီချင်းခံကို မြန်မာရိုးရာ စောင်းသံဖြင့် သီဆိုတီးခတ်ပူဇော်ပြီး ဒုတိယဝန်ကြီး ဦးကြည်မင်းက အခမ်းအနားဖွင့် စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ညီ့ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ချောင်းဒေါင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကေလာသ က သမ္မောဒနီယဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို က သာသနာရေးဆိုင်ရာ များကို လျှောက်ထားသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ✻*



**မတ်ပဲနှင့် ငရုတ်အသစ်များ ပေါ်ချိန်တွင် ရန်ကုန်ဈေးကွက်၌ ဈေးနှုန်းများ စတင်ကျဆင်းလာ**

စာ ၁၇

## ထူးခြားသည့်နေ့အပူချိန်များ ၈-၃-၂၀၂၀

| | | | |
|---|---|---|---|
| ချောက်မြို့ | ၄၂ ဒီဂရီစင်တီဂရိတ် | တောင်တွင်းကြီးမြို့ | ၃၈ ဒီဂရီစင်တီဂရိတ် |
| တောင်ငူမြို့ | ၃၉ ဒီဂရီစင်တီဂရိတ် | ဆင်ဖြူကျွန်းမြို့ | ၃၈ ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲမြို့ | ၃၉ ဒီဂရီစင်တီဂရိတ် | ပြည်မြို့ | ၃၈ ဒီဂရီစင်တီဂရိတ် |
| နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၃၈ ဒီဂရီစင်တီဂရိတ် | ညောင်လေးပင်မြို့ | ၃၈ ဒီဂရီစင်တီဂရိတ် |
| | | ကြို့ပင်ကောက်မြို့ | ၃၈ ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၃၈ ဒီဂရီစင်တီဂရိတ် | ဘားအံမြို့ | ၃၈ ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ | ၃၈ ဒီဂရီစင်တီဂရိတ် | သိမ်ဖြူမြို့ | ၃၈ ဒီဂရီစင်တီဂရိတ် |


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# အလှဆင်လိုသည့် စိတ်နှလုံးများဖြင့် စုပေါင်းဖန်တီးထားသည့် ဥယျာဉ်များ

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၃၁ လမ်းနှင့် ၃၂ လမ်းကြား (အောက်ဘလောက်)တွင် "အားလုံးအတူတကွ ပူးပေါင်းပါဝင်သော လူမှုဝန်းကျင်" အမည်ရှိ ခေါင်းစဉ်ဖြင့် ဖန်တီးပုံဖော်ထားသည့် နောက်ဖေးလမ်းကြားဥယျာဉ်တစ်ခုကို ဖွင့်လှစ်လိုက်ရာ ရန်ကုန်မြို့တွင် နောက်ဖေးလမ်းကြားဥယျာဉ် စုစုပေါင်း ၁၁ ခု ရှိလာပြီဖြစ်သည်။ ယင်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဒို့အိမ်အဖွဲ့၊ ရပ်ကွက်နေပြည်သူများ၊ စေတနာ့ဝန်ထမ်းလုပ်အားပေးသူများနှင့် အလှူရှင်တို့၏ ပူးပေါင်းအကောင်အထည်ဖော်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များပင်ဖြစ်သည်။

ယနေ့တွေ့မြင်နေရသည့် ရန်ကုန်မြို့ကို အင်္ဂလိပ် - မြန်မာ ဒုတိယစစ်ပွဲအပြီး မြန်မာနိုင်ငံအောက်ပိုင်း ကိုလိုနီဘဝသို့ ကျရောက်ခဲ့ရပြီးနောက် အင်္ဂလိပ်တို့က ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မြို့တော် ပြန်လည်တည်ဆောက်ရေးကို ဒေါက်တာ မောင်ဂိုမာရီက ဦးဆောင်စီမံဆောင်ရွက်ခဲ့ပြီး ရန်ကုန်မြို့တည်ဆောက်ပုံအတိုင်း စင်ကာပူကိုပါ တည်ဆောက်ခဲ့သည်။ ရန်ကုန်မြို့၏ လမ်းမကြီးများနှင့် လမ်းသွယ်များကို စစ်တုရင်ကွက် (Chess Board Pattern) ပုံစံရေးဆွဲခဲ့ပြီး ရေဆိုးထုတ်မြောင်းများကို သေချာစွာ စနစ်တကျ ဖောက်လုပ်ထားကာ အရိပ်ရသစ်ပင်များကိုလည်း အတန်းလိုက် အစီအစဉ်ကျနစွာ စိုက်ပျိုးခဲ့သည်ဟု မှတ်တမ်းများက ဆိုသည်။ ရန်ကုန်မြို့ သန့်ရှင်းလှပရေးအတွက် တံမြက်လှည်းဝန်ထမ်းများကို မဒရပ်၊ ကာလကတ္တားမြို့များမှ ဝန်ထမ်းများခေါ်ယူခန့်အပ်ခဲ့ပြီး လှပသော မြို့ရန်ကုန်၏ လမ်းသွယ်တိုင်းမှာ ရေနံဆီမီးစာသုံးဖန်မီးအိမ်လေးများ ထွန်းညှိလျက် ညအချိန်တွင် မီးရောင်တထိန်ထိန်နှင့် ရှိခဲ့သည်ဟုလည်း ဆိုသည်။

အရှေ့တိုင်းတွင် လှပသောမြို့တစ်မြို့အဖြစ် ဂုဏ်သတင်းထင်ရှားခဲ့သည့် ရန်ကုန်မြို့မှာ ဒုတိယကမ္ဘာစစ်ကြီး၏ဒဏ်ကို အကြီးအကျယ်ခံစားခဲ့ရပြီး စစ်ပြီးခေတ်၌လည်း မြန်မာနိုင်ငံဒေသအသီးသီးမှ ဝင်ရောက်နေထိုင်လာကြသူအမြောက်အမြားနှင့် မြို့လယ်ဒေသများ၌ပါ ကျူးကျော်ရပ်ကွက်ကြီးများ ပေါ်ပေါက်လာကာ အကျည်းတန်အရုပ်ဆိုးခဲ့ရသည်။ မြန်မာနိုင်ငံ၏ တစ်ခုတည်းသော စီးပွားရေးအချက်အချာမြို့လည်း ဖြစ်လာသည့်အလျောက် လူဦးရေထူထပ်သိပ်သည်းလာသည်နှင့်အမျှ မြို့ပြဆိုင်ရာ စိန်ခေါ်မှုများစွာ၊ ပြဿနာများစွာတို့ ကြုံတွေ့လာရသည်။ ရန်ကုန်မြို့ပြ၏ စိန်ခေါ်မှုများအနက် အဓိကကျသော စိန်ခေါ်မှုတစ်ခုဖြစ်သည့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများနှင့် ညစ်ပတ်နံစော်နေသည့် နောက်ဖေးလမ်းကြားများ ပြဿနာမှာ နှစ်ပေါင်းများစွာကတည်းကပင် ရှိနေခဲ့ခြင်းဖြစ်သည်။ နောက်ဖေးလမ်းကြားကို ကျောခိုင်းထားသည့် နေအိမ်တိုက်ခန်းများမှ သူပစ်ကိုယ်ပစ်နှင့် စည်းကမ်းမဲ့စွာ အလွယ်တကူစွန့်ပစ်လိုက်သည့် အမှိုက်များစွာတို့က ကာလကြာမြင့်သည်နှင့်အမျှ တန်ချိန်များစွာ၊ တောင်ပုံ ရာပုံဖြစ်လာပြီး ခြင်၊ ယင်၊ ကြွက်၊ ပိုးဟပ်၊ ပုရွက်ဆိတ်တို့ ခိုအောင်းသည့်နေရာ၊ အနံ့အသက်ဆိုးများနှင့် အညစ်အကြေးများကြောင့် ရောဂါပိုးမွှားများစွာ ပေါက်ဖွားနိုင်သည့်နေရာများ ဖြစ်နေခြင်းပင် ဖြစ်သည်။

ယင်းကဲ့သို့သော နောက်ဖေးလမ်းကြားများကို သန့်ရှင်းစင်ကြယ်စေကာ သစ်ပင်ပန်းမန်များ၊ ဆေးရောင်စုံနံရံပန်းချီများနှင့် တင့်တယ်လှပစေပြီး ကလေးများ ဘေးရန်ကင်းစွာဆော့ကစားနိုင်သည့်နေရာ၊ လူကြီးများ ကိုယ်လက်လှုပ်ရှားအပန်းဖြေနိုင်သည့် နေရာများဖြစ်လာအောင် ပြောင်းလဲဖန်တီးကြရာတွင် လောကကို အလှဆင်လိုသည့် စိတ်နှလုံးများဖြင့် စုပေါင်းဖန်တီးကြရခြင်းဖြစ်သည်ဟု ယုံကြည်မိသည်။ ဖန်တီးပုံဖော်ဖွင့်လှစ်ထားပြီးဖြစ်သည့် နောက်ဖေးလမ်းကြားဥယျာဉ်များ နောင်အစဉ်အဆက် ဆက်လက်တည်တံ့ရေး၊ နောက်ဖေးလမ်းကြားဥယျာဉ်သစ်များစွာ မြို့လုံးကျွတ်ဖန်တီးပုံဖော်နိုင်ရေးတို့တွင်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဒို့အိမ်အဖွဲ့၊ ရပ်ကွက်နေပြည်သူများ၊ အလှူရှင်များ ဆက်လက်ပူးပေါင်းအကောင်အထည်ဖော်နိုင်ကြပါစေရန်လည်း ဆန္ဒမွန်ပြုအပ်ပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

## မော်လမြိုင်မြို့နှင့် ဘားအံမြို့တို့တွင် ပညာရေးဝန်ကြီးဌာန၏ တိုင်းရင်းသားဘာသာစကား ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေများ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၈**

ပညာရေးဝန်ကြီးဌာန၏ တိုင်းရင်းသားဘာသာစကား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှု အခြေအနေများ တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကို မတ် ၅ ရက်က မော်လမြိုင်မြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိကအမှာစကားပြောကြားပြီး ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်က ပညာရေးဝန်ကြီးဌာနမှ တိုင်းရင်းသားဘာသာစကား ၆၃ မျိုးကို ကျောင်းပေါင်း ၁၄၀၀၈ ကျောင်းတွင် ဆရာဆရာမ ၃၁၇၄၂ ဦးဖြင့် တိုင်းရင်းသားကလေးငယ် ၈၄၈၄၈၀ ကို သင်ကြားပေးလျက်ရှိကြောင်း၊ မွန်ပြည်နယ်တွင် ကျောင်းပေါင်း ၆၄၂ ကျောင်းတွင် သင်ကြားရေး အထောက်အကူပြုဆရာ (TA) ၈၂၂ ဦး၊ ဘာသာစကားသင်ဆရာ (LT) ၉၇၀ စုစုပေါင်း ၁၇၉၂ ဦးဖြင့် ကျောင်းသားကလေးငယ် ၅၅၈၅၇ ဦးကို သင်ကြားပေးပါကြောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်နှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တိုင်းရင်းသားဘာသာစကား ၃၇ မျိုးအတွက် တိုင်းရင်းသားဖတ်စာအုပ်များကို အခြေခံပညာဦးစီးဌာနက အခမဲ့ပုံနှိပ်ဖြန့်ဝေခဲ့ကြောင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အထိ တိုင်းရင်းသားဘာသာစကား သင်ကြားပြသသောဆရာများ လစာငွေ ချီးမြှင့်ခြင်းနှင့် ပုံနှိပ်ခြင်းအတွက် ဘဏ္ဍာငွေကျပ် ၄၀ ဒသမ ၂၁၅ ဘီလီယံကို အသုံးပြုခဲ့ကြောင်း။

ပညာရေးဝန်ကြီးဌာန ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် မွန်ပြည်နယ်ပညာရေးမှူးရုံး၏ စီစဉ်ပံ့ပိုးမှုဖြင့် ဒေသသင်ရိုးညွှန်းတမ်းစာအုပ်များကိုလည်း ပြုစုပြီးဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအိအိဟန်က တိုင်းရင်းသားဘာသာစကား သင်ကြားသင်ယူမှု ထိရောက်အောင်မြင်မှု အခြေအနေ သုတေသနဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်နယ်တာဝန်ခံက တိုင်းရင်းသားဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ဆက်လက်ရှင်းလင်းဆွေးနွေးသည်။

အလားတူ တွေ့ဆုံပွဲကို မတ် ၆ ရက် နံနက် ၉ နာရီက ဘားအံမြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံး၌ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်က အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မော်လမြိုင်နှင့် ဘားအံမြို့ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ပြည်နယ်ရုံးမှ တာဝန်ရှိသူများ၊ ပြည်နယ်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများ၊ သင်ကြားရေးအထောက်အကူပြု ဆရာ ဆရာမများနှင့် တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရွှေသမင်များကျက်စားရာနေရာအနီးရှိ ရေကန်များကို ရေဖြည့်ပေးနေ

**မင်းဘူး မတ် ၈**

နွေဦးရာသီကာလများမှစ၍ မင်းဘူးခရိုင် ရွှေစက်တော်ဘေးမဲ့တောဧရိယာထဲမှ ရွှေသမင်များကျက်စားရာ နေရာများအနီးရှိ ရေကန် သုံးကန်ကို ရေဖြည့်တင်းမှုများ လုပ်ဆောင်နေကြောင်း ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရုံးမှ သိရသည်။



ရွှေစက်တော် ဘေးမဲ့တော၌ မွေးမြူထားသည့် ရွှေသမင်များ။

ဘေးမဲ့တောရုံး၏ အရှေ့မြောက်ဘက်၊ ပွင့်ဖြူမြို့နယ် တပ်မတော်ဝါစိုက်ခင်းအနီးရှိ ရေပြာကန်၊ သပိတ်ဆေးကန်၊ တမာပင် မုဆိုးကန်များတွင် မတ် ၅ ရက်မှစ၍ ၈ ရက်အထိ ရေဖြည့်တင်းမှုများ လုပ်ဆောင်နေခြင်းဖြစ်ပြီး ဂါလန် ၁၆၀၀ ဆံ့သည့် တပ်မတော် ဘောက်ဆာယာဉ်ဖြင့် ၁၄ ခေါက်၊ ဘေးမဲ့တောရုံးဌာနပိုင်ကားဖြင့် ကိုးခေါက် စုစုပေါင်း ၂၄ ခေါက် ရေဖြည့်တင်းနိုင်ခဲ့ကြောင်း ဘေးမဲ့တောရုံး ဦးစီးအရာရှိ ဦးသိန်းလွင် ထံမှ သိရသည်။

" ကောက်ယူထားတဲ့စာရင်းအရ ရွှေသမင်ကောင်ရေ ၁၅၀၀ ဝန်းကျင် ရှိပါတယ်။ အဲဒီထဲက ကောင်ရေ ၅၀၀ လောက်က အခုရေဖြည့်တဲ့ ကန်တွေအနီးမှာ ကျက်စားတာပါ။ သမင်လေးတွေ သောက်ရေမပြတ်ရအောင် ရေဖြည့်ပေးတာကို အပတ်စဉ် ဆောင်ရွက်သွားမှာပါ " ဟု ဦးစီးအရာရှိ ဦးသိန်းလွင်က ပြောသည်။

ယမန်နှစ်ကလည်း သမင်သောက်ရေကန်များကို ငွေကျပ် ၁၀ သိန်းဖိုးခန့် ရေဖြည့်တင်းမှု လုပ်ဆောင်ခဲ့ပြီး ယမန်နှစ် လက်ကျန်ငွေကျပ်သိန်း ၂၀ ဖြင့် ယခုနှစ်တွင် ဆက်လက်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ရေကားအကူအညီကို အခမဲ့ရရှိပြီး ဆီဖိုးအတွက် တစ်စီးလျှင် ငွေကျပ် ၁၀၀၀၀ စိုက်ထုတ်သုံးစွဲရကြောင်း သိရသည်။

ရွှေစက်တော် ဘေးမဲ့တောတွင် မိုးရေစုရေကန် ကိုးကန်ရှိပြီး ရေကားဝင်ထွက်၍ရသည့် ရေကန်များကိုသာ မုန်းချောင်းအတွင်းမှရေကို သယ်၍ ဖြည့်ပေးနေခြင်းဖြစ်ကြောင်း ဘေးမဲ့တောရုံးမှ သိရသည်။

**ဇေယျာတု(မကွေး)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရမ်ကလောင်းတွင် ၀ ဒသမ ၀၄ လက်မ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

**မိုး/ဇလ**



ဒုတိယသမ္မတ ဦးမြင့်ဆွေ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျောက်ကုန်းတောရမေဒိနီ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ကောဝိဒဓဇထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး မကွေးမြို့ သံဃာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ စိန္တာသာရထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။ သတင်းစဉ်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။ သတင်းစဉ်



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သီတဂူ ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။ သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ရွှေမင်းဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိမလထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။ သတင်းစဉ်



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ မင်းကျောင်းပရိယတ္တိ စာသင်တိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဝေဠုရိယထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။ သတင်းစဉ်

*** ရှေ့ဖုံးမှ**

ထို့နောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ကြရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ချောင်းဒေါင်းစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ကေလာသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ ပန်းငွေရုံတောရ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တသုမနထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် မြို့လယ်ကျောင်း စာသင်တိုက် ဆရာတော် ဘဒ္ဒန္တဇောတိပါလနှင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျောက်ကုန်းတောရ မေဒိနီ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ကောဝိဒဓဇတို့ထံ လည်းကောင်း၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး မကွေးမြို့ သံဃာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ စိန္တာသာရနှင့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း ဆရာတော် ဘဒ္ဒန္တ အဂ္ဂဉာဏာဘိဝံသတို့ထံလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသထံ လည်းကောင်း၊

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရွာသာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာဝံသနှင့် စစ်ကိုင်းတိုင်း ဒေသကြီး စစ်ကိုင်းမြို့ သီတဂူဗုဒ္ဓ တက္ကသိုလ် အဓိပတိ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရတို့ထံ လည်းကောင်း၊ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ရွှေမင်းဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိမလနှင့် ရခိုင်ပြည်နယ် တောင်ကုတ်မြို့ စေတျာရာမ ဓမ္မ ရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသူရိယဓဇတို့ထံ လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်က အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်း ဒေသကြီး မြစ်သားမြို့ မင်းကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဝေဠုရိယနှင့် ရှမ်း ပြည်နယ် မိုင်းယောင်းမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း ဆရာတော် ဘဒ္ဒန္တဘဒ္ဒိယတို့ထံ လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ် ပူဇော်ကြသည်။

### ဆက်ကပ်ပူဇော်

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီး စိုးဝင်းနှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်တို့က အဂ္ဂမဟာပဏ္ဍိတနှင့် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ် ပူဇော်ကြသည်။

### ဘွဲ့တံဆိပ်တော်ဆက်ကပ်

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာ နိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညှိနှိုင်း ကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်း မှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန် များနှင့် ညွှန်ကြားရေးမှူးချုပ်များက အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာ စရိယ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစက ပဏ္ဍိတ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာ စရိယ၊ ဓမ္မကထိကဗဟုဇနဟိတဓရ၊ ဂန္ထဝါ စကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ဘွဲ့တံဆိပ်တော် နှင့် အဆောင်အယောင်များ ဆက်ကပ် ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချိုက အဂ္ဂ မဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ဂူနီချောင်မှ သီလရှင် ဆရာကြီး ဒေါ်ကေတုဝတီ၊ မန္တလေး တိုင်းဒေသကြီး မန္တလေးမြို့ သဒ္ဓမ္မပါလ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ကုလဉာဏီ နှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သာသနာ့မဉ္ဇူ ယင်းမာမြိုင် သီလရှင် စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်သုစာရီတို့ထံ ဘွဲ့တံဆပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ် ပူဇော်သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာ ရွှေလွှမ်းက အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပဲခူး တိုင်းဒေသကြီး နတ်တလင်းမြို့ မဟာစည်သာသနာ့ရိပ်သာမှ သီလရှင် ဆရာကြီး ဒေါ်စန္ဒာသိရီ၊ ရန်ကုန်တိုင်း ဒေသကြီး ရန်ကုန်မြို့ ဓမ္မဂုဏ်ရည် စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဂုဏထေရီနှင့် မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်း တိုင်းဒေသကြီး စစ်ကိုင်းမြို့ ခေမေ သကချောင်မှ သီလရှင်ဆရာကြီး ဒေါ်အဠနဝတီတို့ထံ ဘွဲ့တံဆိပ်တော် နှင့် အဆောင်အယောင်များ ဆက်ကပ် ပူဇော်သည်။

ယင်းနောက် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး နန့်ကြင် ကြည်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော် မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ၏ဇနီး ဒေါက်တာစိန်စိန်သိမ်းနှင့် ပြည်ထောင်စုဝန်ကြီးများ၏ ဇနီး များက မဟာဂန္ထဝါစကပဏ္ဍိတ၊ ဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ နှင့် သဒ္ဓမ္မဇောတိက ဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာ ကြီးများအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ် ပူဇော်ကြသည်။

ထို့နောက် လူပုဂ္ဂိုလ် အမျိုးသား များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အဂ္ဂ မဟာသီရိ သုဓမ္မဇောတိကဓဇဧ

*စာမျက်နှာ ၅ သို့*



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရခိုင်ပြည်နယ် မြောက်ဦးမြို့ အောင်မင်္ဂလာကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ပညာသာမိထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။ သတင်းစဉ်



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီး စိုးဝင်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကံကြီး/ မကျီးရပ်ကွက် မစိုးရိမ်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တစန္ဒဇောတိထံ ဘွဲ့တံဆိပ်တော် နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။ သတင်းစဉ်



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ် မုဒုံမြို့နယ် ကော့ခပုံစံပြကျေးရွာ သာသနဝေပုလ္လာရာမ ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဥပါလိထံ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်များ ဆက်ကပ် ပူဇော်စဉ်။ သတင်းစဉ်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး နန့်ကြင်ကြည် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဒေါ်စန္ဒကလျာထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ် လှူဒါန်းစဉ်။ သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး ဒေါက်တာဒေါ်ပညာသီရိထံ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။ သတင်းစဉ်



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၏ဇနီး ဒေါ်အေးသီတာ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး ဒေါ်အဂ္ဂစာရိဏီထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။ သတင်းစဉ်





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး ဒေါ်ကေတုဝတီထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွှမ်း အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး ဒေါ်ဂုဏထေရီထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။ သတင်းစဉ်



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၏ဇနီး ဒေါ်အေးသီတာ သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ဒေါ်ထွေးထွေး(ခ)ဒေါ်ရီရီထွေးအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရ ဒေါက်တာဒေါ်ငွေးငွေးခိုင်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင် များ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ဇနီး ဒေါက်တာ စိန်စိန်သိမ်း သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရ ဒေါ်နီလာအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

ဘွဲ့တံဆိပ်ရ ဦးမောင်သိန်း၊ ဦးဇော်မိုးခိုင်၊ ဦးဝိတ်၊ ဦးစိုင်းမျိုးဝင်း၊ ဦးထွန်းဖေ၊ ဦးကိုကိုထွေး၊ ဦးသိန်းဟန်နှင့် ဦးဇော်ဝင်းထွန်းတို့ကို ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် လူပုဂ္ဂိုလ် အမျိုးသမီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ တံဆိပ်ရ ဒေါ်စမ်းစမ်း၊ ဒေါ်လှလှဝေ၊ ဒေါ်ရင်ရွှင်၊ ဒေါ်လွင်လွင်ဝေ၊ ဒေါက်တာခင်ခင်ရီ၊ ဒေါ်တင်လတ်မင်း၊ ဒေါ်နန်းခင်မြင့်ရီ၊ ဒေါ်တင်(ခ)ဒေါ်တင်တင်၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်တင်မေလတ်နှင့် ဒေါ်ချောချော(ခ) ဒေါ်အေးချောတို့ကို ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချို က အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ တံဆိပ်ရ ဒေါ်ခင်ဝါဝါ၊ ဒေါ်ခင်ညွန့်၊ ဒေါ်လယ်လယ်အောင်၊ ဒေါ်မီမီစိန်၊ ဒေါ်မြင့်မြင့်နွယ်၊ ဒေါ်ချိုမာလွင်နှင့် ဒေါ်စိုးသန္တာတို့ကို ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ ဦးမိုး၊ ပါမောက္ခ ဒေါက်တာကြည်စိုး၊ ဒေါက်တာမောင်မောင်ဦး၊ ဦးဇော်ဝင်းနှင့် ဦးဟန်ရှင်တို့ကို ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များပေးအပ်ချီးမြှင့်သည်။

အလားတူ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွှမ်းက သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရ ဒေါ်ယဉ်ထွေး၊ ဒေါ်မြသန်း၊ ဒေါ်တင်အုန်း၊ဒေါ်ခင်စိုးရီနှင့် ဒေါ်ခင်ခင်စုတို့ကို ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ရ ဦးကျော်စိုးဦး၊ ဦးတင်ဝင်းညို၊ ဦးကျော်စွာဝင်း(ခ) ဦးမြကျော်စွာဝင်း၊ ဦးအောင်တိုးနှင့် ဦးမောင်မောင်တို့ကို ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့အတူ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ဇနီး နန့်ကြင်ကြည်က သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရ ဒေါ်သင်းသင်း၊ ဒေါ်ကြည်ခင်၊ ဒေါ်ဆွေဆွေဦး၊ ဒေါ်ခင်ရွှေနှင့် ဒေါ်ခင်အုန်းမြင့်တို့ကို ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်သည်။ *စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့က သီရိသုဓမ္မဇောတရေ၊ သီဟသုဓမ္မဇောတရေ၊ သုဓမ္မဇောတရေ၊ မဟာသဒ္ဓမ္မဇောတိကဓဇနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် အမျိုးသားများအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ၏ဇနီး ဒေါက်တာစိန်စိန်သိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများက သီရိသုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီ၊ သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် အမျိုးသမီးများကို ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်ကြသည်။

**ရေစက်သွန်းလောင်းအမျှပေးဝေ**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**လှူဖွယ်ပစ္စည်းများ လောင်းလှူ**

အခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော်အမှူးပြုသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

**ဘွဲ့တံဆိပ်များ ချီးမြှင့်**

ယနေ့ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားတွင် ဆရာတော် ၃၂၂ ပါး၊ သီလရှင်ဆရာကြီး ၂၄ ပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များကို ဆက်ကပ်ခဲ့ပြီး လူပုဂ္ဂိုလ် အမျိုးသား ၅၀ နှင့် အမျိုးသမီး ၉၁ ဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အဂ္ဂမဟာသီရိသုဓမ္မဇောတရေ ဘွဲ့တံဆိပ်ရ ဦးဝိတ်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးမြင့်ဆွေ သီရိသုဓမ္မဇောတရေ ဘွဲ့တံဆိပ်ရ ဦးမိုးအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သီရိသုဓမ္မဇောတရေ ဘွဲ့တံဆိပ်ရ ဦးကျော်စွာဝင်း(ခ) ဦးမြကျော်စွာဝင်းအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် သီဟသုဓမ္မဇောတရေ ဘွဲ့တံဆိပ်ရ ဦးအောင်ဇော်မောင်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း သီဟသုဓမ္မဇောတရေ ဘွဲ့တံဆိပ်ရ ဦးကျော်မြင့်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး သီဟသုဓမ္မဇောတရေ ဘွဲ့တံဆိပ်ရ ဦးချမ်းမြေ့ဆွေအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သုဓမ္မဇောတရေ ဘွဲ့တံဆိပ်ရ ဦးထွန်းထွန်းလင်းအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရ ဒေါ်နန်းခင်မြင့်ရီအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။
သတင်းစဉ်



နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ချိုချို အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရ ဒေါ်မီမီစိန်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။
သတင်းစဉ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ ဦးဟန်ဇော်ထွန်းအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။
သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာ ရွှေလွှမ်း သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရ ဒေါ်တင်အုန်းအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။
သတင်းစဉ်





ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်ရ ဒေါက်တာ ထွန်းထွန်းဦးအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။
သတင်းစဉ်



အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ဇနီး ဒေါ်နန့်ကြင်ကြည် သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရ ဒေါ်ဆွေဆွေဦးအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။
သတင်းစဉ်

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရ ဦးနုအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။
သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရ ဒေါ်စန်းစန်းဦးအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ပေးအပ်ချီးမြှင့်စဉ်။
သတင်းစဉ်



# တပေါင်းလပြည့်နေ့၌ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ ဘုရားပုထိုးစေတီများ၌ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ပြုကြသူများဖြင့် စည်ကားများပြား

နေပြည်တော် မတ် ၈

တပေါင်းလကို "နေ့ပူလို့ညချမ်း၊ တပေါင်းလသရမ်း" ဟု ဆိုစမှတ်ပြုကြလေသည်။ တပေါင်းလသည် ဆောင်းကြွင်း နွေဦးလဖြစ်ကာ သစ်ပင်များသည် ရွက်ဟောင်းများစွန့်၍ ရွက်သစ်လွန်ကာ အညွန့်၊ အညှောင့်လေးများ ပေါ်ထွက်လာခြင်းဖြင့် တင့်တယ်သာယာလှပေသည်။ "တပေါင်းသာခေါင်လများနောင်" ဟူသော ဆိုစကားနှင့်အညီ တပေါင်းလတွင် မြစ်ချောင်းများ ရေစစ်ကာ သောင်ခုံသဲပြင်များ ပေါ်ထွန်းသဖြင့် သဲပုံစေတီပွဲကျင်းပလေ့ရှိပြီး မြန်မာနိုင်ငံအနှံ့အပြားတွင် ဘုရားပွဲတော်များ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။

နေပြည်တော်ရှိ ဘုရားပုထိုးစေတီများတွင် ဘုရားဖူးပြည်သူများ၊ ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၌ နံနက်ပိုင်းတွင် စေတီတော်လိုဏ်တော်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာမဏိမယရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်လေးဆူနှင့် မဟာဆုတောင်းပြည့်ဘုရားတို့ကို ရွှေကြာသကၤန်းတော်ကပ်လှူပူဇော်ပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနား ကျင်းပသည်။

ညနေပိုင်းတွင် ဗုဒ္ဓဘာသာခလေ့ထုံးတမ်းများနှင့်အညီ ပရိတ်တရားတော်၊ ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ပွားပူဇော်ကြပြီး ဆီမီး ၉၀၀၀ ပူဇော်ပွဲကို ဆက်လက်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ဘာဝနာပွားများသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရန်အောင်မြင်ရွှေလက်လှစေတီတော်၊ ဓာတုစယစေတီတော်၊ သံသရာငြိမ်းအေးစေတီတော်၊ ကိုးခန်းကြီးဘုရား၊ မဟာသကျရုံသီရပ်တော်မူ ရုပ်ရှင်တော်မြတ်၊ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်နှင့် သံဝေဇနိယလေး႒ာနတို့တွင် တရားဘာဝနာ အားထုတ်ကြသူများ၊ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်။

## သဲပုံစေတီပွဲတော်

မြန်မာ့ဆယ့်နှစ်လ ရာသီတွင် တပေါင်းလသည် နောက်ဆုံးလဖြစ်ပြီး တပေါင်းလပြည့်နေ့ကို မြတ်စွာဘုရားပြည်တော်ဝင် အခါတော်နေ့အဖြစ် သတ်မှတ်ပြီး သဲပုံစေတီပွဲတော်ကို မြန်မာ့ယဉ်ကျေးမှုပွဲတော်တစ်ခုအဖြစ် ကျင်းပလေ့ရှိသည်။

ထို့ပြင် ဗုဒ္ဓပူဇနိယပွဲတော်များ၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ပဋ္ဌာန်းနှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်းများ၊ သံဃာတော်များကို ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်ဆက်ကပ်လှူဒါန်းခြင်းများကို ရိုးရာအစဉ်အလာမပျက် နှစ်စဉ် ကျင်းပလေ့ရှိကြသည်။



မန္တလေးမဟာမုနိဘုရားသို့ ကုသိုလ်လာရောက်ပြုကြသူ ဘုရားဖူးလာပြည်သူများအား တွေ့ရစဉ်။ ဓာတ်ပုံ - တင်မောင်(မန်းကိုယ်ပွား)

## ရွှေတိဂုံစေတီတော်

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တပေါင်းလပြည့်နေ့ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲအခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲက ရွှေတိဂုံစေတီတော်အထက်ပစ္စယံ၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်များနှင့် ပင့်သံဃာတော်များ စုစုပေါင်း ၁၀၈ ပါးဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် (၂၆၀၈)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ရေစက်ချပွဲအခမ်းအနားကို စေတီတော်ရင်ပြင် ချမ်းသာကြီးတန်ဆောင်း၌ ဆက်လက်ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ် အသင်းအဖွဲ့များနှင့် အလှူရှင်များက နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဩဝါဒါစရိယ ရန်ကင်းမြို့နယ် ကျိုက်ပိကျောင်း မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏောသနထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သာကေတမြို့နယ် တိပိဋကလင်္ကာရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂသာမိထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရား နာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

ယနေ့တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများနှင့် အနယ်နယ်အရပ်ရပ်ရှိ စေတီတော်များတွင် ဥပုသ်သီလ ဆောက်တည်ကြသူများနှင့် ဘုရားဖူးလာပြည်သူများ၏ ကုသိုလ်ပုည ဆည်းပူးသံများဖြင့် ဝေစည်လျက်ရှိသည်။



ရွှေတိဂုံစေတီတော်၏ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကျင်းပစဉ်။ ဓာတ်ပုံ - ဇော်မင်းလတ်

## မန္တလေး မဟာမုနိဘုရား

တပေါင်းလပြည့်နေ့ နံနက်ပိုင်းမှ စတင်၍ မန္တလေးမြို့ရှိ ဘုရားပုထိုးစေတီများ၌ ကုသိုလ်ပုည ဆည်းပူးကြသူများဖြင့် စည်ကားလျက်ရှိသည်။

မန္တလေးမြို့ရှိ မဟာမုနိဘုရားအား နံနက် ၄ နာရီတွင် ရေတော်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဥက္ကဋ္ဌ ဦးဆောင်၍ ဘုရားကြီးအား ရေသပ္ပာယ်ခြင်းနှင့် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များ ရွတ်ဆိုပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည့်အပြင် ဥပုသ်သီလ ဆောက်တည်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူကြသူများ၊ ကုသိုလ်ဒါနလှူဒါန်းကြသူများနှင့် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူ ချမ်းအေးသာစံမြို့နယ်ရှိ မဟာလောကရန်နိုင် အောင်တော်မူ ဆုတောင်းပြည့်ဘုရား၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ ဘုရားမျက်နှာသစ်တော်ရေအတွက် သနပ်ခါးသွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်။

## ဥပုသ်သီလဆောက်တည်

ထို့အတူ ကျောက်တော်ကြီး၊ မန္တလေးတောင်၊ကုသိုလ်တော်စန္ဒာမုနိ၊ ရွှေကျီးမြင်ဘုရား၊ တဝဂူဘုရား၊ ဘုရားနီဘုရား၊ ချမ်းသာ ချမ်းသာကြီးဘုရား၊ ဆုတောင်းပြည့် ဆုတောင်းရဘုရား၊ စွယ်တော်မြတ်စေတီတော် အပါအဝင် မန္တလေးမြို့ပေါ်ရှိ ဘုရားပုထိုးစေတီတော်များ၊ ဓမ္မာရုံများ၌ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်းနှင့် ဒါနသီလ ဘာဝနာတရား အားထုတ်ကြသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် ကုသိုလ်ပုညဆည်းပူးသံများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။

**သတင်းစဉ်၊ ကိုကိုဇော်**
**တင်မောင်(မန်းကိုယ်ပွား)**

---

# ရှေးဟောင်းသမိုင်းဝင် ရွှေစာရံစေတီတော် ဘုရားပွဲတော် စတင်ကျင်းပ

**မန္တလေး မတ် ၈**

ရှေးဟောင်းသမိုင်းဝင် ရွှေစာရံစေတီတော်၏ ဘုရားပွဲတော်ကို ယနေ့ (တပေါင်းလပြည့်နေ့) မှ လပြည့်ကျော် ၁၀ ရက်အထိ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာအုပ်စု ရွှေစာရံကျေးရွာရှိ အဆိုပါစေတီတော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ရွှေစာရံစေတီတော်ကို ပုဂံအနော်ရထာမင်း၏ မိဖုရား ရှမ်းမင်းသမီးစောမွန်လှက တည်ထားကိုးကွယ်ခဲ့ပြီး ရှမ်းတိုင်းရင်းသားများက ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာအရ နှစ်စဉ် ရှမ်းအိုးစည်ဝိုင်းဖြင့် ဂါရဝပြုပူဇော်ကြည်ညိုကြသော အစဉ်အလာရှိ၍ လာရောက်လေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ်၏ ဒေသထွက်ကုန်ပစ္စည်းများကို ရောင်းချသည့် ပွဲတော်ဈေးတန်း၌ ဒေသထွက်ကုန်များကို ဝယ်ယူကြသူများ၊ ဒုဋ္ဌဝတီမြစ်အတွင်းမှ ငှက်လှေဖြင့် ရွှေစာရံဒေသ ရှုခင်းအလှများ ကြည့်ရှုခံစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

ဘုရားပွဲတော်အပြီးတွင် ဘုရားဂေါပကအဖွဲ့နှင့် စေတနာရှင် အလှူရှင်ပြည်သူများ စုပေါင်း၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

---

# ရွှေဘိုမြို့နယ် စာရေးဆရာအသင်း အမှုဆောင်အဖွဲ့ ရွေးချယ်

**ရွှေဘို မတ် ၈**

မြန်မာနိုင်ငံစာရေးဆရာအသင်း ဖွဲ့စည်းပုံစည်းမျဉ်းအရ ရွှေဘိုမြို့နယ် စာရေးဆရာအသင်း အမှုဆောင်အဖွဲ့ကို ရွှေဘိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မတ် ၈ ရက်က ရွေးချယ်ပွဲကျင်းပသည်။

အသင်းဥက္ကဋ္ဌအဖြစ် အောင်ဘုန်းညို(ရွှေဘို)၊ အတွင်းရေးမှူးအဖြစ် မိုးစက်၊ ဘဏ္ဍာရေးမှူးအဖြစ် မြတ်သာထွန်း(ရွှေဘို)၊ အဖွဲ့ဝင်များအဖြစ် ဖိုးကျော်နှင့် အောင်ကိုကိုတို့က ရွေးချယ်ခြင်းခံရပြီး အမှုဆောင်အဖွဲ့သစ်တို့ ဥက္ကဋ္ဌဟောင်း ရွှေစောသက်က လက်ပြောင်းလွှဲအပ်သည်။

**ကျော်ဇော(ရွှေဘို)**

# ကမ္ဘာ့အင်ဂျင်နီယာနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၈**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ကမ္ဘာ့အင်ဂျင်နီယာနေ့ (World Engineering Day for Sustainable Development) အထိမ်းအမှတ် ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**



**စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်**

အခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်တို့၏ နာယက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ လျှောက်လှမ်းခဲ့သည့် သမိုင်းကြောင်းနှင့် လက်ရှိရောက်ရှိနေမှု၊ အာဆီယံအပြင် ကမ္ဘာ့အင်ဂျင်နီယာအသင်းချုပ်တွင် ပါဝင်ဆောင်ရွက်နေမှု၊ ကမ္ဘာကြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရေးတွင် အင်ဂျင်နီယာများ၊ အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများသည် အရေးပါသည့်အတွက် ယခုနှစ်မှစတင်၍ မတ် ၄ ရက်ကို ကမ္ဘာ့အင်ဂျင်နီယာများနေ့အဖြစ် UNESCO မှ သတ်မှတ်ပေးခဲ့ပါကြောင်း၊ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးခရီးပန်းတိုင် Sustainable Development Goal (၁၇) ချက်တွင် အင်ဂျင်နီယာများ မဖြစ်မနေ ဦးဆောင်ပါဝင်လှုပ်ရှားရမည့် ပန်းတိုင်ငါးခုရှိကြောင်း၊ ယင်းပန်းတိုင်များအတွက် ရည်မှန်းချက်များကို ၂၀၃၀ ပြည့်နှစ်တွင် အားလုံးတန်းတူညီစွာရရှိခံစားနိုင်ရေးအတွက် အင်ဂျင်နီယာများက စည်းလုံးညီညွတ်စွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် လိုအပ်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်နာယက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အင်ဂျင်နီယာအတတ်ပညာသည် စီးပွားရေး တိုးတက် ဖွံ့ဖြိုးမှု၏ အခြေခံလိုအပ်ချက်များ၊ နည်းပညာသစ် ဖော်ထုတ်အသုံးပြုခြင်းများ၊ လူသားများအတွက် စားဝတ်နေရေးနှင့် ကျန်းမာရေးဆိုင်ရာများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများ၊ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေး၊ စွမ်းအင်လုံလောက်စွာ ရရှိရေး၊ သဘာဝအရင်းအမြစ်များကို ကျွမ်းကျင်စွာ စီမံခန့်ခွဲထုတ်ယူသုံးစွဲခြင်း လုပ်ငန်းစဉ်များအတွက် မဖြစ်မနေ အားကိုးအားထားပြုရသူများဖြစ်ကြောင်း၊ အင်ဂျင်နီယာများကို ပြည်တွင်း၌ သင့်တင့်သော အလုပ်အကိုင်ရရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ ပြောင်းလဲလာသော နည်းပညာအသစ်များနှင့် လိုက်လျောညီထွေဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများဖြစ်အောင် ပညာရေးကဏ္ဍမှ စိစစ်ပြောင်းလဲပေးရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်မှ အရည်အချင်းမြှင့် သင်တန်းများ၊ ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် စီစဉ်ပေးရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ စိစစ်ထုတ်ပေးခြင်းဖြင့် မိမိတို့အင်ဂျင်နီယာများ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို မြှင့်တင်ပေးရာရောက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌနှင့် Asia Pacific အင်ဂျင်နီယာ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာချာလီသန်းနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ် ဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ကမ္ဘာ့အင်ဂျင်နီယာနေ့ကျင်းပရခြင်းနှင့် အင်ဂျင်နီယာအသင်း၏ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မြန်မာနိုင်ငံတွင် ပညာရေးပြုပြင်ပြောင်းလဲမှုများ၊ ဆောင်ရွက်ရန် လိုအပ်ချက်များ၊ လုပ်ငန်းအတတ်သင်ပညာရပ်များ၊ ပိုမိုတိုးချဲ့ပေးနိုင်ရန် ဆောင်ရွက်နေမှုများ၊ UNESCO တွင် ဝန်ကြီးဌာနမှ မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံမှ UNESCO ၏ ဗဟိုအမှုဆောင်ကော်မတီဝင်အဖြစ် တာဝန်ယူဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းတင်လွှာ ပေးအပ်**

ယင်းနောက် World Engineering Day for Sustainable Development ဆုရရှိသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ကုမ္ပဏီများ၊ ၂၀၂၀ ပြည့်နှစ်အတွက် စံပြုထိုက်သူ လူငယ်ဆုရရှိသူနှင့် အဖွဲ့လိုက်လုပ်ငန်းစွမ်းဆောင်ရည်ဆု ရရှိသူများကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌတို့က ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကာ အခမ်းအနားကျင်းပရေးအတွက် မတည်အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းတင်လွှာများ ပေးအပ်ကြသည်။

အခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဒေါက်တာထွန်းနိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်စည်ပင်သာယာရေးကော်မတီတို့မှ ကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်တို့မှ ဥက္ကဋ္ဌများနှင့် ဗဟိုကော်မတီဝင်များ၊ အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ အသင်းအဖွဲ့များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေ - ၂၀၁၈ ပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ရည်ရွယ်ချက်တွင်ပါရှိသော ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်မှုများကို ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး နီလာခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်က မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေ - ၂၀၁၈ ၏ ရည်ရွယ်ချက်ဖြစ်သော မြန်မာနိုင်ငံကို ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ထွက်လာစေရေးအတွက် ထိရောက်သော ပြည်တွင်းပြည်ပ ဈေးကွက်မြှင့်တင်မှုများ ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးစဉ်ဒေသများ စနစ်တကျ စီမံကွပ်ကဲနိုင်ရေးနှင့် ယခုကဲ့သို့ လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်နိုင်ရန် ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြန်လည်သုံးသပ်၍ လိုအပ်သည်များ ပြန်လည်ဖြည့်စွက်နိုင်ရန် ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းမှ အလုပ်အမှုဆောင်များနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြန်လည်ဖြည့်စွက်ရေးဆိုင်ရာများနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးဆိုင်ရာများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီး ဦးတင်လတ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

**သတင်းစဉ်**



# ဧရာဝတီတိုင်းဒေသကြီး တာတမံများကြံ့ခိုင်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့သည် မတ် ၆ ရက် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်း မိုးကာလမရောက်မီ သဘာဝဘေး ကာကွယ်ရေးအတွက် တာတမံများ ကြံ့ခိုင်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်းရှိ ဆည်တာတမံနှင့် ကျွန်းပတ်တာများ ကြံ့ခိုင်ရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးလက်ကုန်ထုတ်လမ်း၊ ရေပေးဝေရေးလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်းနှင့် လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လျာထားမှုများကို ဆွေးနွေးကြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်သည် ပုသိမ်မြို့ရှိ မရမ်းချောင်း၌ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ODA Loan ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့ရေပေးဝေရေးစီမံကိန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးလှကျော်သည် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေဖြင့် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စု အနောက်စုကြီးကျေးရွာရှိ မြေဂဝံအမျိုးအစား ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုနှင့် ကျောင်းကုန်းမြို့နယ် ကံကလေးအုပ်စု မျိုးစေ့ချကိရိယာဖြင့် ၁၀ ဧက စံပြကွက် စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်းစဉ်**

# မေးရိုး ခွဲစိတ်၍ သွားညှိကုသသည့်ပညာ စာတွေ့၊ လက်တွေ့ သင်တန်းကို ဖွင့်လှစ်သင်ကြား

**ရန်ကုန် မတ် ၈**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်- ရန်ကုန်နှင့် မလေးရှားနိုင်ငံ Academy of Medicine တို့အကြား နှစ်နိုင်ငံ ပညာရေး ပူးပေါင်းဆောင်ရွက်မှုအဖြစ် မေးရိုးခွဲစိတ်၍ သွားညှိကုသသည့်ပညာ (Orthognathic Surgey) စာတွေ့၊ လက်တွေ့သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အဆိုပါသင်တန်းကို ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း ပြုလုပ်ခဲ့ရာ သင်တန်းရှစ်ခု ပြီးမြောက်အောင်မြင်သည့် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက အဆိုပါတက္ကသိုလ် သဟဇာတခန်းမ၌ ကျင်းပရာ အောင်မြင် ပြီးမြောက်ခဲ့သည့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်- ရန်ကုန်နှင့် မန္တလေးတို့မှ ဆရာ ဆရာမ ၂၄ ဦးတို့အား တာဝန်ရှိသူများက အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရုံးဝန်ထမ်းများ လုပ်ငန်းခွင်မွမ်းမံသင်တန်းဖွင့်

**ဘားအံ မတ် ၈**

ကရင်ပြည်နယ်အတွင်းရှိ ဥပဒေရုံးများမှ ဝန်ထမ်းများ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန် ကရင်ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ မတ် ၇ ရက်က ရုံးဝန်ထမ်းများ လုပ်ငန်းခွင်မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၀) ဖွင့်လှစ်သည်။ ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဥပဒေချုပ် ဦးစောချစ်မြင့်လေးက အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းကို ကရင်ပြည်နယ်အတွင်းရှိ စာရေးဝန်ထမ်း စုစုပေါင်း ၃၅ ဦး တက်ရောက်လျက်ရှိပြီး ပြည်နယ်ဥပဒေချုပ်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးများနှင့် ဆက်စပ်ဌာနများဖြစ်သော စာရင်းစစ်ချုပ်ရုံး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများအား ဖိတ်ခေါ်၍ ရုံးလုပ်ငန်းဘာသာရပ်များကို မတ် ၈ ရက်အထိ ဆွေးနွေးပို့ချကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

## တိမ်အနည်းငယ် ဖြစ်ထွန်း

**နေပြည်တော် မတ် ၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် (၄-၁-၂၀၂၀ ရက်နေ့မှ ၈-၃-၂၀၂၀ ရက်နေ့အထိ)

**၈-၃-၂၀၂၀ ရက်နေ့၊ ည ၈:၁၅ နာရီ**

**၁။ ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၇-၃-၂၀၂၀) ရက်နေ့
မြန်မာစံတော်ချိန် (၁၅:၃၀) နာရီအချိန်ထုတ်ပြန်ချက်)

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း - (၉၄) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း-(၁၀၁,၉၂၇)ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၃,၄၈၆) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၃.၄) %

- **ကမ္ဘာပေါ်တွင် ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ -**

| စဉ် | နိုင်ငံ | စဖြစ်သည်မှ ယခုအချိန်အထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း | သေဆုံးသူစုစုပေါင်း |
| ၁။ | ကိုရီးယားသမ္မတနိုင်ငံ | ၆,၇၆၇ | ၄၄ |
| ၂။ | အီတလီ | ၄,၆၃၆ | ၁၉၇ |
| ၃။ | အီရန် | ၄,၇၄၇ | ၁၂၄ |
| ၄။ | ဂျပန် | ၄၀၈ | ၆ |
| ၅။ | ဂျာမနီ | ၆၃၉ | ၀ |
| စုစုပေါင်း | | ၁၇,၁၉၇ | ၃၇၁ |

- ကမ္ဘာ့ဒေသအသီးသီးတွင် ရောဂါကူးစက်ဖြစ်ပွားသောနိုင်ငံများ ဆက်တိုက်များပြားလာခဲ့ကြောင်းနှင့် နိုင်ငံပြင်ပမှ ရောဂါကူးစက်မှု (Imported case) များသာမက နိုင်ငံတွင်း၌ပါ ရောဂါကူးစက်မှု (Local transmission) များ ရှိလာပါကြောင်း၊
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပတွင် နိုင်ငံတွင်းကူးစက်မှုဖြစ်ပွားသော နိုင်ငံ(၄၅) နိုင်ငံမှာ -

| စဉ် | ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ထားသော ဒေသကြီးများ | နိုင်ငံ |
|---|---|---|
| ၁။ | အနောက်ပစိဖိတ်ဒေသ | -ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ စင်ကာပူ၊ ဩစတြေးလျ၊ မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ နယူးဇီလန် |
| ၂။ | ဥရောပဒေသ | -အီတလီ၊ ဂျာမနီ ၊ ပြင်သစ်၊ စပိန်၊ အင်္ဂလန်၊ ခရိုအေးရှား၊ ဆန်မာရီနို၊ နော်ဝေး၊ နယ်သာလန်၊ ဆွစ်ဇာလန်၊ ဂရိ၊ ဖင်လန်၊ ဒိန်းမတ်၊ ဆွီဒင်၊ အစ္စရေး၊ ရိုမေးနီးယား၊ ဘယ်လ်ဂျီယံ၊ ပေါ်တူဂီ၊ ဘယ်လာရုစ်၊ ဘော့စနီးယား၊ အိုင်ယာလန်၊ ချက်သမ္မတနိုင်ငံ၊ ဆလိုဗေးနီးယား၊ အိုက်စလန်၊ ဆလိုဗေးကီးယား |
| ၃။ | အရှေ့တောင်အာရှဒေသ | -ထိုင်း၊ အင်ဒိုနီးရှား၊အိန္ဒိယ |
| ၄။ | အရှေ့အလယ်ပိုင်းဒေသ | -အီရန်၊ ယူအေအီး၊ လက်ဘနွန် |
| ၅။ | အမေရိကဒေသ | -အမေရိကန်၊ ကနေဒါ၊ အီကွေဒေါ |
| ၆။ | အာဖရိကဒေသ | -အယ်လ်ဂျီးရီးယား၊ ကမ်မရွန်း |
| ၇။ | နယ်မြေဒေသ | -ပါလက်စတိုင်းနယ်မြေ |

- သို့ဖြစ်ပါ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၈-၂-၂၀၂၀) ရက်နေ့ ထုတ်ပြန်ချက်တွင် COVID-19 ရောဂါကူးစက်ပြန့်ပွားနိုင်မှု အခြေအနေ (Risk Assessment) အား-
  - တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ အားလုံးတွင် အလွန်မြင့်မားသည့်အဆင့် (Very High) အဖြစ် တိုးမြှင့် သတ်မှတ်ခဲ့ပါသည်။

၂။ (၁၆-၂-၂၀၂၀) ရက်နေ့မှ (၂၄-၂-၂၀၂၀) ရက်နေ့အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ပူးပေါင်း၍ ဆောင်ရွက်ခဲ့သော လေ့လာဆန်းစစ်ချက်များအပေါ် ထုတ်ပြန်သော အစီရင်ခံစာ (WHO-China Joint Mission Report on COVID-19) အရ ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ (၅၅,၉၂၄) ဦးအား လေ့လာဆန်းစစ်ရာတွင် တွေ့ရှိရသော အဓိကရောဂါလက္ခဏာများ ဖြစ်ပွားမှုနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရောဂါလက္ခဏာများ (Signs and Symptoms) | ရာခိုင်နှုန်း |
|---|---|---|
| ၁။ | ဖျားနာခြင်း (Fever) | ၈၇.၉ |
| ၂။ | ချောင်းခြောက်ဆိုးခြင်း (Dry cough) | ၆၇.၇ |
| ၃။ | ကိုယ်လက်မအီမသာဖြစ်ခြင်း (Fatigue) | ၃၈.၁ |
| ၄။ | သလိပ်ထွက်ခြင်း (Sputum production) | ၃၃.၄ |
| ၅။ | မောခြင်း (Shortness of breath) | ၁၈.၆ |
| ၆။ | လည်ချောင်းနာခြင်း (Sore throat) | ၁၃.၉ |
| ၇။ | ခေါင်းကိုက်ခြင်း (Headache) | ၁၃.၆ |
| ၈။ | ကြွက်သားကိုက်ခဲခြင်း၊ အဆစ်ကိုက်ခဲခြင်း (Myalgia or Arthralgia) | ၁၄.၈ |
| ၉။ | ချမ်းတုန်ခြင်း (Chills) | ၁၁.၄ |
| ၁၀။ | မူးဝေအော့အန်ခြင်း (Nausea or Vomiting ) | ၅ |
| ၁၁။ | နှာခေါင်းပိတ်ခြင်း (Nasal Congestion) | ၄.၈ |
| ၁၂။ | ဝမ်းလျှောခြင်း (Diarrhea) | ၃.၇ |
| ၁၃။ | ချောင်းဆိုးသွေးပါခြင်း (Haemoptysis) | ၀.၉ |
| ၁၄။ | မျက်စိနာ (Conjunctiva Congestion) | ၀.၈ |

COVID-19 ရောဂါလက္ခဏာအခြေအနေမှာ -
- သာမန်မှ အလယ်အလတ် (Mild to Moderate) - (၈၀ %)
- ပြင်းထန် (Severe) - (၁၃.၈ %)
- အထူးပြင်းထန်စွာရောဂါခံစားရခြင်း(Critically ill) - (၆.၁ %) တို့ ဖြစ်ကြပါသည်။

- တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပတွင် ဖြစ်ပွားလျက်ရှိသော ဓာတ်ခွဲအတည်ပြုလူနာများ အနက် (၈၃ %) မှာ ကိုရီးယားသမ္မတနိုင်ငံ၊ အီရန်နိုင်ငံနှင့် အီတလီနိုင်ငံများတွင် ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။
- လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် COVID-19 ရောဂါအတည်ပြုလူနာ မတွေ့ရှိရသေးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၉၉) နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ကြောင်း တွေ့ရှိရပါသည်။

**၃။ COVID-19 ရောဂါနှင့် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza) အဓိကခြားနားချက်များမှာ ယခုလက်ရှိအချိန်အထိ လေ့လာချက်များအရ-**

- COVID-19 ရောဂါသည် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza) ထက် ရောဂါလက္ခဏာ ပိုမိုပြင်းထန်နိုင်ကြောင်းနှင့် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza) သည် ကာကွယ်ဆေး (Vaccine) ရှိသော်လည်း COVID-19 ရောဂါသည် ကာကွယ်ဆေးနှင့် ကုသရန်ဆေး ယခုအချိန်အထိ မတွေ့ရှိရသေးကြောင်း သိရှိရပါသည်။

**၄။ မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ (၈-၃-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအချိန်အထိ**

| | ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ | | | | လူနာဦးရေ စုစုပေါင်း |
|---|---|---|---|---|---|
| | ပိုးတွေ့ | ပိုးမတွေ့ | ဓာတ်ခွဲရလဒ် စောင့်ဆိုင်းဆဲ | ဓာတ်ခွဲနမူနာ ရယူဆဲ | |
| စောင့်ကြည့်လူနာ | – | ၆၀ | ၆ | ၆ | ၇၂ |
| သံသယလူနာ | - | ၂ | – | – | ၂ |
| စုစုပေါင်း | – | ၆၂ | ၆ | ၆ | ၇၄ |

၅။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၈-၃-၂၀၂၀) ရက်နေ့ အထိ စောင့်ကြည့်လူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၂၇) ဦး၊ ရှမ်းပြည်နယ်တွင် (၁၄) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၁၃) ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၁၈) ဦး စုစုပေါင်း (၇၂) ဦးတို့ ဖြစ်ပါသည်။

၆။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID - 19 ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအား ဆောင်ရွက်ရာတွင်-

(က) ဆင့်ပွားကူးစက်ပျံ့နှံ့မှုများအား ကာကွယ်နိုင်ရေးအတွက် လူနာနှင့် အနီးကပ်ထိတွေ့သူများ (အတူနေမိသားစုများနှင့် ကျန်းမာရေး ဝန်ထမ်းများစသည်) တို့အားရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများတွင် ရောဂါပိုးကူးစက်မှုကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအား အစဉ်တစိုက် ဆက်လက်အားဖြည့်ဆောင်ရွက်ခြင်း၊

(ခ) သံသယလူနာနှင့် စောင့်ကြည့်လူနာများအား စောစီးစွာရှာဖွေ ဖော်ထုတ်ခြင်း၊ သီးခြားထားရှိကုသခြင်းနှင့် ထိရောက်ကောင်းမွန်သည့်ကုသမှုများ ပေးလျက်ရှိခြင်း၊

(ဂ) ကျန်းမာရေးဝန်ထမ်းများအား မှန်ကန်ထိရောက်သည့်ရောဂါ ကာကွယ်ရေးလုပ်ငန်းများအား တိကျစွာဆောင်ရွက်နိုင်ရန်လုပ်ငန်း လမ်းညွှန်ချက်များအား ရေးသားဖြန့်ဝေခြင်းနှင့် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်ရမည့်လမ်းညွှန်ချက်များအား ဖြန့်ဝေခြင်း၊

(ဃ) ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာနိုင်ငံ၌ လတ်တလောဖြစ်ပွားနေသော အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား နိုင်ငံပိုင်သတင်းစာမျက်နှာများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov. mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/ MinistryOfHealthAndSportsMyanmar နှင့် https://www. facebook.com/ MyanmarCDC) တို့တွင် ဖော်ပြခြင်းနှင့် တစ်ပြိုင်တည်းမှာပင် ပြည်သူလူထုအကြား ပျံ့နှံ့လေ့ရှိသည့် သတင်းအမှားများအား သတင်းအမှန်များဖြင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊

(င) COVID – 19 ရောဂါကြောင့် ပြည်သူလူထု၏ လူမှုစီးပွားထိခိုက်မှုများ နည်းပါးစေရန် သက်ဆိုင်ရာနှီးနွှယ်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ လူမှုရေးအသင်းအဖွဲ့များ (Civil Society Organizations)နှင့် ပြည်သူလူထု အခြေပြုအသင်းအဖွဲ့များ (Community Based Organizations) တို့မှ ပူးပေါင်း၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူစည်ကားသည့် နေရာများဖြစ် သည့် ကားဂိတ်များ၊ ဈေးများ စသည့်နေရာများတွင် COVID-19 ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအား Hand Held Loud Speaker များဖြင့် ပိုမိုဆောင်ရွက်စေခြင်း၊

*စာမျက်နှာ ၁၁ သို့*

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၈-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် -

(က) ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်တွင် နေထိုင်သော အသက် (၂၆) နှစ်အရွယ် အမျိုးသားတစ်ဦးသည် (၂၈-၂-၂၀၂၀) ရက်နေ့တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး (၂-၃-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းကိုက်ခြင်း လက္ခဏာများခံစားခဲ့ရသဖြင့် (၇-၃-၂၀၂၀) ရက်နေ့တွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြသခဲ့ရာ ဝေဘာဂီအထူးကုဆေးရုံကြီးသို့ ညွှန်းပို့ခဲ့ပါသည်။ အဆိုပါလူနာအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိကုသမှု ပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း၌ ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရပါ။

(ခ) ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ပညာသင်ကြားနေသော အသက် (၁၈) နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် (၆-၃-၂၀၂၀) ရက်နေ့တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံ၊ ဘားအံမြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး (၇-၃-၂၀၂၀)ရက်နေ့ ဖျားခြင်း၊ ချောင်းဆိုးခြင်း လက္ခဏာများခံစားခဲ့ရသဖြင့် (၈-၃-၂၀၂၀) ရက်နေ့တွင် ဘားအံမြို့နယ် ပြည်သူ့ဆေးရုံသို့ လာရောက်ပြသခဲ့ရာ ၎င်းအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း၌ ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရပါ။

(ဂ) မန္တလေးပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနမှ လက်ထောက်ဆရာဝန်၊ အသက် (၂၅) နှစ်အရွယ် အမျိုးသားတစ်ဦးသည် (၇-၃-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ အာသီးရောင်ခြင်းဝေဒနာများ ခံစားခဲ့ရပြီး ၎င်းမှာ ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရသော်လည်း ကန်တော်နဒီဆေးရုံတွင် (၆-၃-၂၀၂၀) ရက်နေ့မှစတင်၍ စောင့်ကြည့်လူနာအဖြစ် ကုသမှုခံယူလျက်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့မှ အသက် (၃၅) နှစ်အရွယ် အမျိုးသားတစ်ဦးအား ဆေးကုသမှုပေးခဲ့သည့် ရာဇဝင်ရှိသဖြင့် ၎င်းအား ကန်တော်နဒီဆေးရုံတွင် စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ် နေထိုင်သော အသက် (၂၄)နှစ်အရွယ် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးသည် (၅-၃-၂၀၂၀) ရက်နေ့မှ စတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရ ခက်ခဲခြင်း လက္ခဏာများ စတင်ခံစားခဲ့ရသဖြင့် (၆-၃-၂၀၂၀) ရက်နေ့တွင် အင်းစိန်အထွေထွေရောဂါကု ဆေးရုံကြီးသို့ လာရောက်ပြသခဲ့ပါသည်။ လူနာမှာ ရောဂါကူးစက်ဖြစ်ပွားလျက် ရှိသော ဒေသများသို့ ခရီးသွားရာဇဝင်နှင့် သံသယလူနာများနှင့် ထိတွေ့ခဲ့သည့် ရာဇဝင်မရှိသော်လည်း လတ်တလော ပြင်းထန် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ လက္ခဏာများတွေ့ရှိရသဖြင့် (၈-၃-၂၀၂၀) ရက်နေ့တွင် စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(င) ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့တွင် နေထိုင်သော ကိုရီးယားသမ္မတနိုင်ငံသား အသက် (၅၂) နှစ်အရွယ် အမျိုးသားတစ်ဦးသည် (၄-၃-၂၀၂၀) ရက်နေ့တွင် ဘန်ကောက်မြို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး (၇-၃-၂၀၂၀) ရက်နေ့မှ စတင်၍ ဖျားခြင်း၊ လည်ချောင်းနာခြင်းများ ခံစားခဲ့ရသဖြင့် (၈-၃-၂၀၂၀) ရက်နေ့တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးသို့ လာရောက်ပြသခဲ့ရာ ၎င်းအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း၌ ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရပါ။

(စ) မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် နေထိုင်သော အသက် (၃၈)နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် (၂၈-၁-၂၀၂၀) ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ဂျယ်ခေါင်မြို့မှ

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၀ မှ*

၇။ ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် အဖွဲ့အစည်းများထံမှ ဆေးနှင့် ဆေးပစ္စည်းများ ယနေ့ (၈-၃-၂၀၂၀) ရက်နေ့အထိ လက်ခံရရှိမှုအခြေအနေ

| စဉ် | အဖွဲ့အစည်းအမည် | Personal Protective Equipment (အစုံရေ) | N95 Mask (ခု) | Surgical Mask (ခု) | Surgical Gown | Hand Gel (ဘူး) | Protective goggles | Non-Contact Thermo meter (ခု) | Ventilator (ခု) | Glove (ခု) |
|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ | ၆၀၀ | ၅၂၅ | ၃၀,၀၀၀ | ၁,၀၀၀ | ၄၉၉ | ၅၀၀ | - | | ၂၀,၀၀၀ |
| ၂။ | မြန်မာနိုင်ငံကြက်ခြေနီအသင်း | ၂,၅၀၀ | - | ၅,၁၀၀ | | ၁,၈၅၇ | | - | | ၆,၀၀၀ |
| ၃။ | Sea Lion Company | ၂,၀၀၀ | - | - | | - | | - | | |
| ၄။ | ဥက္ကာသီရိကုမ္ပဏီ | ၁,၀၀၀ | - | - | | ၂၂၅ | | - | | |
| ၅။ | ဇီဇဝါကုမ္ပဏီ | - | - | - | | - | | ၄၅ | | |
| ၆။ | Gold Lite Co.,Ltd | | ၂,၀၀၀ | | | | | | | |
| ၇။ | Eclion Global Group နှင့် အခြားအလှူရှင်များ | ၃,၃၀၀ | | | | | | | | |
| ၈။ | ရီရှင်းကုမ္ပဏီမိသားစု | | | | | | | | ၅ | |
| ၉။ | Valves Co.,Ltd | | | ၂,၀၀၀ | | | | | | |
| ၁၀။ | USAID | ၁,၀၀၀ | ၃,၅၀၀ | ၆၀,၀၀၀ | | ၅၀၀ | | | | ၂၀,၀၀၀ |
| ၁၁။ | China | | | | | | | ၁၀၀ | | |
| ၁၂။ | INGOS | | | ၅,၇၀၀ | | ၁,၁၉၅ | ၅၀၀ | | | ၃၂၀ |
| ၁၃။ | INGO | ၂,၀၀၀ | ၁,၆၀၀ | ၁၀,၃၅၀ | | ၁,၉၀၀ | ၂၀ | | | ၅၀၀ |
| **စုစုပေါင်း** | | **၁၂,၄၀၀** | **၇,၆၂၅** | **၁၁၃,၁၅၀** | **၁,၀၀၀** | **၆,၁၇၆** | **၁,၀၂၀** | **၁၄၅** | **၅** | **၄၆,၈၂၀** |

COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးသည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆေးကုမ္ပဏီကြီးများအားလုံးအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ဆေးရုံများတွင် ကြိုတင်ပြင်ဆင်မှုအနေဖြင့် အသက်ရှူအားကူးစက် (Ventilator) နှင့် အခြားလိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများကို ဝယ်ယူဖြန့်ဖြူးလျက်ရှိပါသည်။

၈။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ COVID-19 ရောဂါ ဖြစ်ပွားသူ လူနာမတွေ့ရှိသေးသော်လည်း -

- ရောဂါစတင်ဖြစ်ပွားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင် ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အီတလီနိုင်ငံနှင့် အီရန်နိုင်ငံတို့၌ အရှိန်အဟုန်ဖြင့် ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသည်ကို သိရှိရပါသည်။
- အဆိုပါနိုင်ငံများမှ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ အခြားနိုင်ငံများတွင် ရပ်နားဖြတ်သန်းပြီးသော်လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့် အခြေအနေများစွာရှိနေပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နီးနွှယ်ဝန်ကြီးဌာနများနှင့်ပူးပေါင်းကာ အထူးအားဖြည့်၍ ဆောင်ရွက်လျက်ရှိပါသည်။
- အပြည်ပြည်ဆိုင်ရာဝင်ပေါက်များမှ သံသယရောဂါလက္ခဏာရှိသူများ မဝင်ရောက်နိုင်စေရန် ထိန်းချုပ်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာခရီးသည်များ တည်းခိုနေထိုင်မည့် ဟိုတယ်၊ တည်းခိုခန်းနှင့် အိမ်များ၌ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများအား အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါသည်။
- COVID-19 ရောဂါ လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းမရှိသူ (သို့မဟုတ်) ရောဂါဖြစ်ပွားရာ ဒေသ၊ နိုင်ငံများသို့ လတ်တလောသွားရောက်ခဲ့သော ခရီးသွားရာဇဝင်မရှိသူများတွင်လည်း ရောဂါကူးစက်ဖြစ်ပွားမှုဖြစ်စဉ် (နိုင်ငံတွင်းရောဂါကူးစက်မှု - Local transmission) များအား နိုင်ငံအချို့တွင် တွေ့ရှိနေရပါသည်။
- ရောဂါ လက္ခဏာမပြသေးသော်လည်း ရောဂါရှိသူ (Asymptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားရာတွင် အလုံပိတ်အခန်း (သို့မဟုတ်) လေယာဉ်၊ သင်္ဘော၊ အလုံပိတ် အဝေးပြေးဘတ်စ်ကားကဲ့သို့သော နေရာများတွင် ရောဂါကူးစက်မှုများပြားနိုင်ကြောင်း တွေ့ရှိရ၍ ပြည်သူလူထုများအနေဖြင့် သတိပြုရန် လိုအပ်ပါသည်။

၉။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက်တစ်ပြိုင်နက် တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် -

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေ အကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်၊

(ဂ) အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများနှင့် မကူးစက်နိုင်သော ရောဂါဖြစ်ပွားနေသူများသည် မိမိတို့၏ ကျန်းမာရေးအား ဂရုတစိုက်ထိန်းသိမ်းပါရန်၊

(ဃ) ရောဂါဖြစ်ပွားနေသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှ ထွက်ရှိလာသော အမှုန်အမွှားများမှတစ်ဆင့် ရောဂါကူးစက်နိုင်သဖြင့် လက်ကိုမကြာခဏ ဆပ်ပြာဖြင့် ဆေးကြောပေးရန်အတွက် ပွဲလမ်းသဘင်များတွင် ဆပ်ပြာနှင့် ရေ (သို့မဟုတ်) လက် သန့်စင်ဆေးရည် (Hand Sanitizer) များ စီစဉ်ထားရှိရန်၊

(င) ပွဲလမ်းသဘင်များ မကျင်းပမီ COVID-19 ရောဂါနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား (၅) မိနစ်ခန့် အချိန်ယူပြောကြားရန်၊

(စ) အကယ်၍ ထိုသို့ မလွှဲမရှောင်သာကျင်းပရပါက တက်ရောက်သည့်လူအရေအတွက် နည်းနိုင်သမျှ နည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ မလာရောက်စေရေးအစီအမံများ တင်းကျပ်စွာပြုလုပ်ရမည့်အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များကိုလည်း တိကျစွာ စနစ်တကျလိုက်နာ ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

*စာမျက်နှာ ၁၁ မှ*

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး လွန်ခဲ့သော (၁)လခန့်မှစတင်၍ ဖျားခြင်း၊ အသက်ရှူကျပ်ခြင်း၊ အသက်ရှူရခက်ခဲခြင်း လက္ခဏာခံစားခဲ့ရပြီး (၈-၃-၂၀၂၀) ရက်နေ့တွင် ချောင်းဆိုးသွေးပါခြင်းဝေဒနာ ခံစားခဲ့ရသဖြင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ လာရောက်ပြသခဲ့ရာ ၎င်းမှာ သံသယလူနာများနှင့် ထိတွေ့ခဲ့သည့် ရာဇဝင်မရှိသော်လည်း လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ တွေ့ရှိရသဖြင့် ကန်တော်နဒီဆေးရုံသို့ ညွှန်းပို့ခဲ့ပါသည်။ ၎င်းအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ယနေ့၊ ညနေပိုင်းတွင် ပေးပို့လာသော ဓာတ်ခွဲအဖြေများအရ -

(က) ဝေဘာဂီအထူးကုဆေးရုံတွင် စောင့်ကြပ်ကြည့်ရှုကုသမှုခံယူနေသည့် ချင်းပြည်နယ်၊ ဟားခါးမြို့နယ်တွင် နေထိုင်သော အသက် (၃၀) နှစ်အရွယ် အမျိုးသမီးတစ်ဦး၊

(ခ) လင်းကယ်တိုက်နယ်ဆေးရုံတွင် စောင့်ကြပ်ကြည့်ရှုကုသမှုခံယူနေသော မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်တွင် နေထိုင်သည့် အသက် (၄၁) နှစ်အရွယ် အမျိုးသားတစ်ဦး၊

(ဂ) ရေတာရှည်မြို့နယ် ပြည်သူ့ဆေးရုံတွင် စောင့်ကြပ်ကြည့်ရှုကုသမှုခံယူနေသော ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်တွင် နေထိုင်သည့် အသက် (၃၇) နှစ်အရွယ် အမျိုးသားတစ်ဦး၊

(ဃ) ကန်တော်နဒီဆေးရုံမှ အသက် (၃၅) နှစ်အရွယ် အမျိုးသားတစ်ဦး၊

(င) ကန်တော်နဒီဆေးရုံတွင် စောင့်ကြပ်ကြည့်ရှုကုသမှုခံယူနေသည့် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်တွင် နေထိုင်သော အသက် (၇၁) နှစ်အရွယ် အမျိုးသားတစ်ဦးနှင့်

(စ) ဝေဘာဂီအထူးကုဆေးရုံတွင် စောင့်ကြပ်ကြည့်ရှုကုသမှုခံယူနေသည့် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်တွင် နေထိုင်သော အသက် (၃၀)နှစ်အရွယ် အမျိုးသားတစ်ဦး၊ စုစုပေါင်း (၆) ဦးတို့တွင် COVID-19 ရောဂါပိုး မရှိကြောင်း တွေ့ရှိရပါသည်။

၄။ စင်ကာပူနိုင်ငံ၌ နေထိုင်ခဲ့စဉ်ကာလအတွင်း COVID-19 ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့ပြီး ကျောက်ပန်းတောင်း မြို့နယ်ဆေးရုံတွင် စောင့်ကြည့်လူနာအဖြစ် စောင့်ကြပ်ကြည့်ရှုမှုခံယူလျက်ရှိသော မြန်မာနိုင်ငံသား၊ အသက် (၂၆) နှစ်အရွယ် အမျိုးသားနှင့် ၎င်း၏ဇနီးဖြစ်သူ အသက် (၂၉) နှစ်အရွယ် အမျိုးသမီး၊ စုစုပေါင်း (၂) ဦးတို့၏ ဒုတိယအကြိမ် ဓာတ်ခွဲနမူနာများအား ထပ်မံစစ်ဆေးရာတွင်လည်း COVID-19 ရောဂါပိုးမရှိကြောင်း တွေ့ရှိရပါသည်။

၅။ ယနေ့ (၈-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်အထိ လူနာ (၆) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပါသည်။

၆။ (၈-၃-၂၀၂၀) ရက်နေ့၊ နံနက်ပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာသော လေယာဉ်တစ်စင်းပေါ်တွင် COVID-19 ရောဂါဖြစ်ပွားမှုများပြားနေသော ကိုရီးယားသမ္မတနိုင်ငံ၊ ဒယ်ဂူးမြို့မှ မြန်မာနိုင်ငံသား (၁၃)ဦး လိုက်ပါလာကြောင်း လေယာဉ်မှူးကြီးမှ သတင်းပေးပို့လာပါသည်။ ၎င်းတို့တွင် ဖျားခြင်းနှင့် အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရသည့်အပြင် COVID-19 ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့မှု မရှိကြောင်း သိရှိရပါသည်။ သို့ရာတွင် ရောဂါဖြစ်ပွားမှုမြင့်မားလျက်ရှိသော ကိုရီးယားသမ္မတနိုင်ငံ၊ ဒယ်ဂူးမြို့သို့ သွားရောက်ခဲ့သည့် ခရီးသွားရာဇဝင်ရှိသဖြင့် အဆိုပါ မြန်မာနိုင်ငံသား (၁၃) ဦးအနက် (၁၀) ဦးအား တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးသို့ လည်းကောင်း၊ (၃) ဦးအား ဝေဘာဂီအထူးကုဆေးရုံကြီးသို့လည်းကောင်း ညွှန်းပို့ခဲ့ပြီး (၁၄) ရက် ခွဲခြားထားရှိ၍ အသွားအလာကန့်သတ်ခြင်း (Hospital Quarantine) ပြုလုပ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၇။ (၈-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့အပါအဝင် ကမ္ဘာ့နိုင်ငံ (၉၄) နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေး အချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

❋ *ကျောဖုံးမှ*

တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၈ မိနစ်တွင် မျိုးဇော်ဦးက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဟံသာဝတီအသင်းအတွက် ဂိုးများကို ၂၃ မိနစ်တွင် မျိုးဇော်ဦးနှင့် ၃၄ မိနစ်တွင် ဟိန်းထက်အောင်တို့က ထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဟံသာဝတီအသင်းသည် ဂိုးထပ်ရရန် ဂိုးသွင်းခွင့်များစွာရခဲ့သော်လည်း တိုက်စစ်မှူး အီမီကာ လွဲချော်ခဲ့၍ မိနစ် ၈၀ ကျော်မှ ဂိုးထပ်ရခဲ့သည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးများကို ၈၄ မိနစ်တွင် အီမီကာနှင့် ၈၈ မိနစ်တွင် ဒိုနယ်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၉) အပြီးတွင် ဟံသာဝတီအသင်းက ၂၄ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရှေ့ဝတီအသင်းက ၂၃ မှတ်၊ ရန်ကုန်အသင်းက ရမှတ် ၂၀၊ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၇ မှတ်၊ ရခိုင်အသင်းက ၁၅ မှတ်၊ စစ်ကိုင်းအသင်းက ၁၃ မှတ်၊ ရတနာပုံအသင်းက ၁၀ မှတ်၊ မကွေးနှင့် အား/ကာသိပ္ပံအသင်းက ခုနစ်မှတ်စီ၊ ဇွဲကပင်အသင်းက ခြောက်မှတ်၊ Southern နှင့် ချင်းယူနိုက်တက်အသင်းက လေးမှတ်စီရရှိထားသည်။

**ညီမြတ်သော်တာ**

## တပေါင်းလပြည့်သမားတော်နေ့ ကျင်းပ

**ရန်ကုန် မတ် ၈**

မြန်မာ့တိုင်းရင်းဆေးသမားတော်များနှင့် မြန်မာ့တိုင်းရင်းဆေးထုတ်လုပ်ရေးလုပ်ငန်းရှင်များ စုပေါင်းပြုလုပ်သည့် ဆဋ္ဌမအကြိမ် တပေါင်းလပြည့်မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ပန်ဒါဟိုတယ်၌ ကျင်းပရာ တိုင်းရင်းဆေးသမားတော်ကြီးများ၊ တိုင်းဒေသကြီးအဆင့် တိုင်းရင်းဆေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးပညာရှင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာတိုင်းရင်းဆေးဆရာအသင်း၊ ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဆရာကြီး ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး အပူဇော်ခံဆရာကြီးများအား ဂုဏ်ပြုပူဇော်အလှူငွေများပေးအပ်ကာ ဂုဏ်ပြုခံဆရာကြီး ဦးညဏ်လွင်က သြဝါဒစကား ပြန်လည်ပြောကြားသည်။



ယခုနှစ်တွင် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ နေရာတွင် တစ်ပြိုင်တည်းကျင်းပခဲ့ကြောင်း သိရသည်။ **အာကာစိုး**

## မောင်တောမြို့နယ် တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်းသို့ မိမိတို့ဆန္ဒအရ ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များအတိုင်း စိစစ်လက်ခံ ဆောင်ရွက်ပေးလျက်ရှိ

**မောင်တော မတ် ၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း၌ မတ် ၇ ရက်က မိမိတို့ဆန္ဒအရ ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူ အိမ်ထောင်စု တစ်စု ကျား တစ်ဦး၊ မ နှစ်ဦး ပေါင်း သုံးဦးအား ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များအတိုင်း သက်ဆိုင်ရာတာဝန်ရှိသူများက စိစစ်လက်ခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ လက်ခံဆောင်ရွက်ရာတွင် ရှေးဦးစွာ လုံခြုံရေးတာဝန်ရှိသူများက သတ်မှတ်နေရာ၌ တစ်ဦးချင်း လုံခြုံရေးဆိုင်ရာ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်သည်။

ထို့နောက် လူဝင်မှုကြီးကြပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ စိစစ်မှတ်တမ်းတင်ခြင်းအား ဆောင်ရွက်ရာတွင် အသက် (၁၀)နှစ်အထက် ကျား တစ်ဦး၊ မ နှစ်ဦး ပေါင်း သုံးဦးတို့အား NV Card ထုတ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များ ပြီးစီးခဲ့သည်။

ဆက်လက်၍ မတ် ၈ ရက် တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်း ခေတ္တစခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းထက်က လှဖိုးခေါင် ယာယီနေရာချထားစခန်းသို့ လွှဲပြောင်းပို့ဆောင်ပေးရာ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိပြီး လှဖိုးခေါင်ကြားစခန်း တာဝန်ခံ ညွှန်ကြားရေးမှူး ဦးစိုးရွှေအောင်နှင့် စခန်းတာဝန်ရှိသူများက လွှဲပြောင်း/လက်ခံ ဆောင်ရွက်ကာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ မီးဖိုချောင်သုံးပစ္စည်းများအား ထောက်ပံ့ပေးအပ် သည်။

ထို့နောက် ပြန်လည်ဝင်ရောက်လာသူ သုံးဦးအား မောင်တောမြို့နယ် ကညင်တန်း(မြို့မ)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကာ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် စခန်းမှ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ **သက်လွင်စိုး (ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ရှစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရသည့်ပွဲတွင် ယခု ရာသီ၏ သွင်းဂိုး ၁၀၀ ပြည့်ဂိုးအား သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းနေ့တွင် ပွဲစဉ်ပေါင်းများစွာ ကျင်းပခဲ့ပြီး ပွဲချိန် ၇၁ မိနစ်တွင် သွင်းယူသည့် ရှိုင်းသူရ၏ဂိုးမှာ ရာပြည့်ဂိုးအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ရာပြည့်ဂိုးသွင်းရှင်များကို MPT ၏ ပံ့ပိုးမှုဖြင့် ဆုကြေးငွေများ ချီးမြှင့်လျက်ရှိပြီး ယခုရာသီ၏ ရာပြည့်သွင်းဂိုးရှင် ရှိုင်းသူရကို မတ် ၇ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပသည့် ဇွဲကပင်အသင်းနှင့် Southern အသင်းပွဲမတိုင်မီ ဆုကြေးငွေကျပ်သုံးသိန်း ပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ရာပြည့်ဂိုးသွင်းရှင်များကို ၂၀၁၈ ရာသီမှစ၍ ဆုကြေးချီးမြှင့်ခဲ့ပြီး တစ်ရာသီအတွင်း သွင်းဂိုးစုစုပေါင်းမှာ ပျမ်းမျှ ၃၀၀ နှင့် ၄၀၀ ကြားရှိကြောင်း သိရသည်။

**ညီမြတ်သော်တာ**

## AFC Cup ပြိုင်ပွဲ အဝေးကွင်းပွဲယှဉ်ပြိုင်ရန် ရှမ်းယူနိုက်တက်အသင်းထွက်ခွာ

**ရန်ကုန် မတ် ၈**

၂၀၂၀ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုတတိယပွဲယှဉ်ပြိုင်ရန် ရှမ်းယူနိုက်တက်အသင်းသည် ယနေ့ နံနက်ပိုင်းက စင်ကာပူနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ရှမ်းယူနိုက်တက်အသင်းတွင် အဖွဲ့ခေါင်းဆောင် ဦးရဲမျိုးထွန်း၊ အုပ်ချုပ်သူ ဦးဟန်ဝင်းအောင်၊ နည်းပြချုပ် ဦးအောင်နိုင်၊ လက်ထောက်နည်းပြ ဦးအောင်ကျော်ထွန်း၊ ဦးစိုးမင်းဦး၊ ဂိုးနည်းပြ ဦးရဝေဇင်၊ ကစားသမားများအဖြစ် ဂိုး- သီဟစည်သူ၊ မျိုးမင်းလတ်၊ နောက်တန်း- ဒေးဗစ်ဒန်း၊ ငြိမ်းချမ်း၊ ရဲမင်းသူ၊ ဒန်နီရယ်လ်၊ ဟိန်းသီဟဇော်၊ ဟိန်းဖြိုးဝင်း၊ အလယ်တန်း- မက်ဆီမင်၊ အဘူဘာကာ၊ ရဲရင့်ထွန်း၊ ရွှေကို၊ နန္ဒကျော်၊ အောင်ရှိုးသာမောင်၊ ဆက်ဖြိုးဝေ၊ ရှေ့တန်း- ဇင်မင်းထွန်း၊ စအောင်ပြည့်ကို၊ ထက်ဖြိုးဝေတို့ လိုက်ပါသွားသည်။




ရှမ်းယူနိုက်တက်အသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စု (H) ၌ စင်ကာပူကလပ် တမ်ပနိစ်ရိုဗာအသင်း၊ အင်ဒိုနီးရှားကလပ် မာကာဆာအသင်း၊ ဖိလစ်ပိုင်ကလပ် ကာယာအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ ရှမ်းယူနိုက်တက်အသင်းသည် နှစ်ပွဲကစား နှစ်ပွဲအရေးနိမ့်ထားသောကြောင့် ယခုပွဲတွင် ရလဒ်ကောင်းရန် လိုအပ်နေသည်။

တမ်ပနိစ်ရိုဗာ(စင်ကာပူ)နှင့် ရှမ်းယူနိုက်တက် (မြန်မာ) အသင်းတို့သည် မတ် ၁၀ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင် စင်ကာပူနိုင်ငံ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊**
**ဓာတ်ပုံ- ရှမ်းယူနိုက်တက်**

## ပြည်မြို့၌ ရပ်ကွက်၊ ကျေးရွာ အုပ်စုပေါင်းစုံဘောလုံးပြိုင်ပွဲ ကျင်းပ

**ပြည် မတ် ၈**

ပြည်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ ကြီးမှူး၍ ပြည်ခရိုင်အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်မြို့နယ် ဘောလုံးအဖွဲ့ချုပ်တို့ ကျင်းပသော ဗိုလ်ချုပ်အောင်ဆန်းဖလား(ဒုတိယအကြိမ်) ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ပြည်မြို့ မြို့မအားကစားကွင်း၌ မတ် ၇ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်က အမှာစကားပြောကြားပြီး Max High Way ကုမ္ပဏီက အလှူငွေကျပ် ၁၅ သိန်းနှင့် ဘောလုံး အလုံး၂၀၊ လွှတ်တော်ကိုယ်စားလှယ်များက ငွေကျပ် ၅၅၀၀၀၀ လှူဒါန်းပေးအပ်ခဲ့သည်။ ယင်းနောက် ဖွင့်ပွဲအဖြစ် ခေတ္တရာရပ်ကွက်ဘောလုံးအသင်းနှင့် ဆံတော်ရပ်ကွက်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ **ခရိုင် (ပြန်/ဆက်)**

# ကျောက်တံတားမြို့နယ်ရှိ စားသောက်ဆိုင်တစ်ခု၌ မီးလောင်မှုဖြစ်ပွား၊ မီးသတ်တပ်ဖွဲ့ဝင် အင်အား ၅၀၀ ကျော်ဖြင့် ငြိမ်းသတ်ခဲ့ရ

**ရန်ကုန် မတ် ၈**
ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ် ၄ ရပ်ကွက် ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်ရှိ စားသောက်ဆိုင် Kafe in Town Hotpot & Restaurant နှစ်ထပ်တိုက်တွင် မတ် ၈ ရက် နံနက် ၅ နာရီ ၁၀ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

လောင်အားကောင်းနေခဲ့သော မီးအားကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမျိုးဝင်းတို့၏ ကြီးကြပ်မှုဖြင့် မီးငြိမ်းသတ်ရေးယာဉ် ၄၂စီး၊ ရေသယ်ယာဉ် ၁၆ စီး၊ အထောက်အကူပြုယာဉ် လေးစီး၊ အဆင့်မြင့် လှေကားတင်ယာဉ်တစ်စီးနှင့်အတူ သန္နေမီးသတ်တပ်ဖွဲ့ ၄၂၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၂၇ ဦးတို့နှင့် အတူ ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုပေါင်းအားဖြင့် ငြိမ်းသတ်ခဲ့ကြရာ နံနက် ၅ နာရီ ၅၇ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုမှာ မီးအားများသည့်အတွက် မီးသတ်တပ်ဖွဲ့မှာ Level 3 အဖြစ် သတ်မှတ်ပြီး မီးငြိမ်းသတ်ရေးယာဉ်များနှင့်အတူ အဆင့်မြင့် လှေကားပါ မီးငြိမ်းသတ်ယာဉ်ကြီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ပေးခဲ့ကြသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားချိန်တွင် မြို့နယ်လျှပ်စစ်ဌာနမှ သိသိချင်း နံနက် ၅ နာရီ မိနစ် ၂၀ ခန့်တွင် လျှပ်စစ်ဓာတ်အားကို ဖြတ်တောက်ပေးထားခဲ့ကြောင်း လျှပ်စစ်ဝန်ထမ်းတစ်ဦးထံမှ သိရှိခဲ့ရသည်။ စားသောက်ဆိုင် မီးလောင်ပြီး မကြာခင်ဂက်စ်အိုးပေါက်ကွဲသံများ ကြားရကြောင်း အနီးဝန်းကျင်နေသူအချို့က ပြောသည်။

မီးလောင်မှုစတင်ဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများ ပူးပေါင်းပြီး စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း အနောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးဌေးဝင်းက ဖြေကြားသည်။

**ကိုကြီးတင်**




စားသောက်ဆိုင် မီးလောင်မှုအား မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ကြစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၉ . ၃ . ၂၀၂၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆ : ၀၀ - မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇ : ၀၀ - Breakfast News
- ၈ : ၃၅ - အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ စကားဝိုင်း " (အပိုင်း-၁)
- ၉ : ၁၅ - BBC Click
- ၁၁ : ၀၀ ~ " ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ" (ဓာတုဗေဒဘာသာရပ်)
- ၁၁ : ၄၀ - လုံမမှတ်စု (၁၂၉)
- ၁၃ : ၃၅ - ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်

**ညပိုင်း**

- ၁၆ : ၂၅ - "၂၀၂၀ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ "(သင်္ချာဘာသာရပ်)
- ၁၇ : ၀၅ - This Week's Special Interest
- ၁၈ : ၂၀ - ဥပဒေရေးရာအဖြာဖြာ "ကိတ္တိမသားသမီးမွေးစားခြင်းနှင့် အမွေခံစားခွင့် အကြောင်းသိကောင်းစရာ- ဦးခင်ဇော် (တရားလွှတ်တော်ရှေ့နေ- ပဲခူး)၊ ခိုင်ဇာ၊ ခင်ဖြူဖြူသန့် (ဒါရိုက်တာ-ဝေဠု(ဝသန်))
- ၁၉ : ၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ " ခန်းဆောင်နီအိပ်မက် " (အပိုင်း-၂၉) (၁) (ရှေးထုံးကိုပယ်သည့် ညဏ်နည်းသောသားသည် သော်ကပွင့်အတွက်ပူဆွေးခြင်း) (၁)
- ၂၀ : ၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- " အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ စကားဝိုင်း"(အပိုင်း- ၂)
- ပြည်သူ့အကျိုးပြု မှတ်တိုင်များ " ဗဟိုအမျိုးသမီးဆေးရုံကြီး၏ တတိယအကြိမ်မြောက် ဖန်ပြွန်သန္ဓေသား မွေးဖွားခြင်း "
- မြန်မာ့ရုပ်ရှင်ရာပြည့် ဂုဏ်ပြုတေးများ
- နိုင်ငံခြားဇာတ်လမ်းတွဲ " မေတ္တာခေါက်ဆွဲ " (အပိုင်း- ၃၇)

## မိုးမောက် - လွယ်ဂျယ် ကားလမ်း၌ ယာဉ်တစ်စီးတိမ်းမှောက်၍ နှစ်ဦးသေဆုံး

**လွယ်ဂျယ် မတ် ၈**
ကချင်ပြည်နယ် မိုးမောက်မြို့နယ် မိုးမောက် – လွယ်ဂျယ် ကားလမ်း၌ မတ် ၈ ရက် နံနက်ပိုင်းက ယာဉ်တစ်စီး တိမ်းမှောက်ခဲ့၍ ယာဉ်မောင်းနှင့်အတူ ယာဉ်နောက်လိုက် တစ်ဦးပါ သေဆုံးခဲ့ကြောင်း သိရသည်။

ယနေ့ နံနက် ၆ နာရီက မိုးမောက် – လွယ်ဂျယ် ကားလမ်း ဗျစ်ဝိုင်ရွာအနီး မိုင်တိုင်အမှတ်(၃၂/၃၃)ကြားတွင် လွယ်ဂျယ်မှ မိုးမောက်ဘက်သို့ မောင်းနှင်လာသည့် ယာဉ်အမှတ် MDY-2C/---- ၁၂ ဘီးယာဉ် တစ်စီး ကားလမ်း၏ ယာဘက်ချောင်းအတွင်း တိမ်းမှောက်ခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် မိုးညှင်းမြို့ ကျွန်းကုန်းကျေးရွာနေ ယာဉ်နောက်လိုက် ဇော်မျိုးဝင်း (၁၉နှစ်)မှာ အခင်းဖြစ်နေရာတွင် သေဆုံးလျက်တွေ့ရှိရပြီး ယာဉ်အား ကရိန်းဖြင့် ဆွဲတင်ကြည့်ရှုစစ်ဆေးရာ ယာဉ်၏ခေါင်းခန်းအတွင်း ယာဉ်မောင်း အောင်သူဝင်း (၂၈နှစ်)အား သေဆုံးလျက် တွေ့ရှိခဲ့ကြောင်း သိရသည်။

သေဆုံးသူများကို လွယ်ဂျယ်မြို့ မေတ္တာမွန် လူမှုကူညီရေးအသင်း ယာဉ်ဖြင့် လွယ်ဂျယ်ဆေးရုံသို့ ပို့ဆောင်ကာ လွယ်ဂျယ်နယ်မြေ ရဲစခန်းမှ ရဲဆေးစာစစ်ချက်များ ရယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မိုးညှင်းနှင့် ချမ်းမြသာစည်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၈**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၇ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က မိုးညှင်းမြို့ နန့်ပုတ်ကျေးရွာအနီး ရွှေဘို – မြစ်ကြီးနား ကားလမ်းပေါ်၌ ဘိုဘိုနောင်လတ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံး၊ ကွင်းဆက်အရ မိုးညှင်းမြို့ အောင်သပြေရပ်ကွက် အိမ်အမှတ် (အသပ-၃/၃၂၁) နေ ထွန်းစိုး(ခ)ဘိုဘို၏ အင်္ကျီအိတ်ကပ်အတွင်းမှ Diazepam ထိုးဆေးငါးပုလင်းနှင့် လက်ကိုင်ဖုန်း တစ်လုံး၊ ထွန်းစိုး (ခ)ဘိုဘို ဖွင့်လှစ်ထားသည့် မြို့မ ရပ်ကွက်ရှိ ဆေးဆိုင်မှ Tramadol HCl ဆေးတောင့် ၃၂ တောင့်နှင့် Diazepam ထိုးဆေး ကိုးပုလင်းတို့ကို လည်းကောင်း။



ဘိုဘိုနောင်လတ်နှင့် ထွန်းစိုး(ခ)ဘိုဘိုတို့ကို ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မိုးညှင်းမြို့ နန့်ခါ ရပ်ကွက် ဘူတာလမ်း အိမ်အမှတ် (နခတ/၂၂) ရှိ ခိုင်မင်း၏ ဆေးဆိုင်မှ Ketamine Hydrochloride ထိုးဆေး ၁၃ ပုလင်း၊ Tramadol ထိုးဆေး ပုလင်း ၂၉၄၀၊ Tramadol ဆေးတောင့် ၁၁၀၂၀၀၊ Diazepam ထိုးဆေးပုလင်း ၉၃၁၀၊ Diazepam ဆေးပြား ၁၈၃၀၀၊ Alprazolam ဆေးပြား ၂၉၀၀ နှင့် Lorazepam ဆေးပြား ၆၀၀ တို့ကို လည်းကောင်း။

ထို့အပြင် ညနေ ၆ နာရီတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ်(၁)ရပ်ကွက် ငုဝါလမ်းနှင့် သဇင်လမ်းကြား၊ ၆၂ လမ်းတွင် စိုးအောင်(ခ)ဝင်းအောင် မောင်းနှင်ပြီး ကြည်ခိုင် (ခ) ဖိုးသားကြီး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ကြည်ခိုင်(ခ) ဖိုးသားကြီး၏ လက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## တရားမဝင်ကုန်စည်များ တားဆီးရေးဆောင်ရွက်

**နေပြည်တော် မတ် ၈**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၇ ရက်တွင် မန္တလေး – မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၅၂၅ စီး၊ သွင်းကုန် ၁၅၀၉ စီး၊ ရန်ကုန် – မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၉၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သောကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၇ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်း တန်ဖိုးငွေကျပ် ၄ ဒသမ ၅၈၁ သန်းအနက် ထူးခြားဖမ်းဆီးမှုအနေဖြင့် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် နစ်ဆန်းဒီဇယ်ထရပ်ကား ကားခေါင်းအင်ဂျင်ပါ ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၅ သန်းအား တွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြောင်းမြမြို့နယ်၌ ကူးတို့စက်လှေနစ်မြုပ်ကာ သုံးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိ

**နေပြည်တော် မတ် ၈**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ဘုရားကြီးကျေးရွာအနီး မြို့ဟောင်းချောင်း ကူးတို့ဆိပ်၌ မတ် ၇ ရက် နံနက် ၁၀ နာရီက ကူးတို့စက်လှေ တစ်စင်း နစ်မြုပ်ကာ သုံးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ကြွက်နွယ်ချောင်းကျေးရွာနေ ဦးမန်းသာအေး (ခ) မန်းစပေ့ါ (၆၈ နှစ်) မောင်းနှင်ပြီး (၄)ရပ်ကွက်နေ ဒေါ်သင်းသင်းနွယ် (၄၉ နှစ်) ပါ ၂၈ ဦးတို့ လိုက်ပါလာသည့် စက်လှေသည် ဘုရားကြီးကျေးရွာဘက်မှ ကြွက်နွယ်ချောင်းကျေးရွာဘက်သို့ သွားရောက်ရန် ကူးတို့ဆိပ်ကမ်းမှ ထွက်ခွာစဉ် ဝန်အားမမျှ၍ ဟန်ချက်ပျက်ကာ နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

စက်လှေနစ်မြုပ်စဉ် အနီးရှိကျေးရွာသားများက ဦးမန်းသာအေး (ခ) မန်းစပေ့ါပါ ၂၃ ဦးတို့အား ကယ်ဆယ်ရရှိခဲ့ပြီး ဒေါ်သင်းသင်းနွယ်ပါ ငါးဦးတို့မှာ နစ်မြုပ်ပျောက်ဆုံးသွားသဖြင့် လိုက်လံရှာဖွေခဲ့ရာ ညနေ ၄ နာရီ မိနစ် ၂၀ တွင် ကြွက်နွယ်ချောင်းကျေးရွာ၏ အနောက်စု ဆိပ်ကမ်းအနီး၌ ဒေါ်သင်းသင်းနွယ်ပါ သုံးဦးတို့၏ အလောင်းများကို ရှာဖွေတွေ့ရှိခဲ့၍ မြောင်းမြမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ကျန်ရှိသည့် မောင်စလင်းထက်ကျော်ပါ နှစ်ဦးကို ပူးပေါင်းအဖွဲ့များဖြင့် ဆက်လက်ရှာဖွေလျက်ရှိကြောင်းနှင့် ဦးမန်းသာအေး (ခ) မန်းစပေ့ါအား မြောင်းမြမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## မိုးကုတ်၌ မြေလျှောင်လှုပ်ခတ်မှုကြောင့် ကျောက်တွင်းဟောင်းပြိုကျ၍ နှစ်ဦး ပိတ်မိ

**နေပြည်တော် မတ် ၈**
မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်၏ အရှေ့မြောက်ဘက် ၂၂ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်စတာစကေး ၄ ဒသမ ၈ အဆင့်ရှိ မြေလျှင်တစ်ခု လှုပ်ခတ်မှုကြောင့် မိုးကုတ်မြို့နယ် မြေမဲကျေးရွာအနီးရှိ အမှတ်(၃) ကျောက်တွင်းဟောင်းအတွင်း ပေ ၃၅၀ ခန့်၌ တွင်းဆင်းလမ်းပြိုကျ၍ ကျောက်ရှာဖွေသူ ငါးဦး ပိတ်မိနေခဲ့ကြောင်း သိရသည်။

လူများပိတ်မိနေကြောင်း သတင်းအရ ကျပ်ပြင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက ကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် မြေမဲကျေးရွာနေ ဦးဝင်းရွှေ (၅၅ နှစ်)ပါ သုံးဦးတို့အား အသက်ရှင်လျက် ကယ်ဆယ်ရရှိခဲ့ပြီး တစ်ရွာတည်းနေ ဦးလှဝင်း (၅၅ နှစ်)ပါ နှစ်ဦးအား ဆက်လက်ရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



မလှိုင်မြို့ လေးတိုင်စင်လမ်းဆုံ၌ မတ် ၆ ရက် ညပိုင်းက မလှိုင်မြို့မ ရဲစခန်းမှူး ဒုတိယရဲမှူး သန်းထွန်းနှင့် ပူးပေါင်းအဖွဲ့က တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အနှောင့်အယှက်မဖြစ်ပေါ်စေရေးအတွက် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များတွင် တုတ်၊ ဓားလက်နက်များ ကိုင်ဆောင်သွားလာခြင်းနှင့် အသံထိန်းကိရိယာ မပါသောဆိုင်ကယ် အိတ်ဇောများ တပ်ဆင်မောင်းနှင်ခြင်းမပြုရေး စစ်ဆေးဆောင်ရွက်ကြစဉ်။ ရဲပြန်ကြား

# တရုတ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူများ သီးသန့်ထားရှိသည့် ဟိုတယ်ပြိုကျကာ ခြောက်ဦးသေဆုံး

**ပေကျင်း မတ် ၈**

တရုတ်နိုင်ငံအရှေ့ပိုင်းရှိ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရသူလူနာများ သီးသန့်ထားရှိရာ အဆောက်အအုံတစ်ခုအဖြစ် အသုံးပြုနေသည့် ဟိုတယ်ပြိုကျမှုဖြစ်ပွားခဲ့ရာ လူခြောက်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အရေးပေါ်စီမံခန့်ခွဲမှုဝန်ကြီးဌာနက မတ် ၈ ရက်တွင်ပြောကြားခဲ့သည်။

အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ဝင်များက အဆောက်အအုံအပျက်အစီးများထဲမှ လူ ၄၃ ဦးကို ကယ်ထုတ်နိုင်ခဲ့ပြီး ၎င်းတို့ထဲတွင် ၃၇ ဦးမှာ အသက်ရှင်ခဲ့ကြောင်း အရေးပေါ်စီမံခန့်ခွဲမှုဝန်ကြီးဌာန၏ လူမှုမီဒီယာဝက်ဘ်ဆိုဒ်၌ ဖော်ပြခဲ့သည်။ ကမ်းခြေမြို့ဖြစ်သည့် ကွမ်ကျိုး၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၇ ဦးအထိ မြင့်တက်လာခဲ့ပြီး မကြာသေးမီက ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း အတည်ပြုခဲ့သည့် လူနာများနှင့် အနီးကပ်ထိတွေ့မှုရှိခဲ့သူများကို လက်ခံရန် အဆိုပါဟိုတယ်ကို ပြန်လည်နေရာချထားမှုများ လုပ်ဆောင်ခဲ့ကြောင်း တရုတ်နိုင်ငံပိုင် ပြည်သူ့နေ့စဉ်သတင်းစာက ဖော်ပြသည်။

မီးသတ်ဌာနက ဖော်ပြခဲ့သည့် ရုပ်သံဖိုင်ထဲ၌ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ခြောက်ထပ်အဆောက်အအုံဖြစ်သည့် စီကျားဟိုတယ်၏ အပျက်အစီးပုံထဲမှ ဆွဲထုတ်လာသည့်ကလေးငယ်များကို နှာခေါင်းစည်းများ ဝတ်ဆင်ပေးလျက်ရှိသည်ကို တွေ့မြင်ရသည်။ ကယ်ဆယ်ရေးအဖွဲ့သားများသည် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ဆေးဖျန်းနေကြသည်ကိုလည်း ရုပ်သံဖိုင်ထဲတွင် တွေ့ရသည်။

အခင်းဖြစ်ပွားရာလမ်းပေါ်တွင် တပ်ဆင်ထားသည့် လုံခြုံရေးကင်မရာများထဲတွင် စက္ကန့်ပိုင်းအတွင်းဟိုတယ်အဆောက်အအုံ လဲပြိုကျခဲ့သည့်မြင်ကွင်းကို ဒေသမီဒီယာက ဖော်ပြခဲ့သည်။ ဟိုတယ်ပြိုကျမှု ဖြစ်ပွားချိန်တွင် လူကိုးဦးမှာဘေးကင်းစွာ ထွက်ပြေးလွတ်မြောက်လာခဲ့ကြောင်း အရေးပေါ်စီမံခန့်ခွဲမှုဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

အေအက်ဖ်ပီ



ကယ်ဆယ်ရေးအဖွဲ့ဝင်များက ပြိုကျအဆောက်အအုံထဲမှ ကလေးငယ်တစ်ဦးကို ကယ်ထုတ်လာစဉ်။

# လစ်ဗျားရှိ ကုလထောက်ခံသည့် အစိုးရအဖွဲ့က ထရီပိုလီတောင်ပိုင်းရှိ စစ်စခန်းများကို ပစ်မှတ်ထား

**ထရီပိုလီ မတ် ၈**

လစ်ဗျားနိုင်ငံ ထရီပိုလီမြို့တောင်ပိုင်းရှိ အရှေ့ဘက်အခြေစိုက် စစ်စခန်းများကို ပစ်မှတ်ထားတိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း လစ်ဗျားရှိ ကုလသမဂ္ဂထောက်ခံသည့် အစိုးရတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက မတ် ၇ ရက်တွင် ပြောကြားခဲ့သည်။

အစိုးရတပ်များသည် ထရီပိုလီတောင်ပိုင်း ကွာဆာဘင်ဂါရီယာရှိ အရှေ့ဘက်အခြေစိုက်တပ်ဖွဲ့မှ ပြည်သူ့စစ်အဖွဲ့များနှင့် လက်နက်သိုလှောင်ရုံတစ်ခုကို တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း အစိုးရတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ဂိုနိုနိုက ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အရှေ့ဘက်အခြေစိုက်တပ်ဖွဲ့ကလည်း ကုလသမဂ္ဂထောက်ခံသည့် အစိုးရတပ်ဖွဲ့ပိုင်ဆိုင်သည့် တူရကီလုပ် ဒရုန်းယာဉ်တစ်စင်းကို ပစ်ချလိုက်ကြောင်း မတ် ၇ ရက်က ကြေညာခဲ့ပြီး အစိုးရတပ်များသည် ထရီပိုလီရှိ အရပ်သားပြည်သူများ နေထိုင်ရာ ဧရိယာများကို ပစ်မှတ်ထား တိုက်ခိုက်မှုများ လုပ်ဆောင်နေကြောင်း စွပ်စွဲလိုက်သည်။

အရှေ့ဘက် အခြေစိုက်တပ်ဖွဲ့သည် ၂၀၁၉ ခုနှစ် ဧပြီလကတည်းက စတင်ကာ မြို့တော်ထရီပိုလီ အနီးတစ်ဝိုက်တွင် စစ်ဆင်ရေးဆင်နွှဲမှုများ လုပ်ဆောင်လာခဲ့ပြီး ကုလသမဂ္ဂကျောထောက်နောက်ခံပေးထားသည့် အစိုးရကို ဖြုတ်ချနိုင်ရေး ကြိုးပမ်းခဲ့သည်။ ထိုးစစ်ဆင်တိုက်ခိုက်မှုများအတွင်း သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရသူ ထောင်ပေါင်းများစွာရှိခဲ့ပြီး အရပ်သား ၁၅၀၀၀၀ ကျော် နေအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်။

ဆင်ဟွာ





ထရီပိုလီတောင်ပိုင်းရှိ တိုက်ပွဲဖြစ်ပွားမှုကြောင့် ပျက်စီးနေသော အဆောက်အအုံများကို တွေ့ရစဉ်။

## ပါလက်စတိုင်းတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူအရေအတွက် ၁၉ ဦးအထိ ရှိလာ

**ရာမာလာ မတ် ၈**

ပါလက်စတိုင်းတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ နောက်ထပ်သုံးဦးတိုးလာရာ စုစုပေါင်းအရေအတွက်မှာ ၁၉ ဦးအထိ မြင့်တက်လာပြီဟု ပါလက်စတိုင်းအာဏာပိုင်များက မတ် ၇ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

**သုံးဦးထပ်တွေ့**

အနောက်ဘက်ကမ်းမှ ဘက်သလီဟမ်မြို့တွင် ကူးစက်ခံရသူသုံးဦးထပ်မံတွေ့ရှိခဲ့သည်ဟု ပါလက်စတိုင်းအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အီဘရာဟင်မယ်ဟင်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ယခုကူးစက်ခံရသူများမှာ မြို့အတွင်းရှိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံနေရသည့်နေရာရှိ ဟိုတယ်တွင် အလုပ်လုပ်ကိုင်ကြသူများနှင့် ထိတွေ့မှုရှိသည်ဟု သိရသည်။

**သီးခြားခွဲထား**

ယခုအခါ ရောဂါကူးစက်ခံရသူများကို သီးခြားခွဲထားကြောင်း သိရသည်။ ပါလက်စတိုင်း လူမျိုး ၅၀၀ ကျော်ကို ဗိုင်းရပ်စ်ကူးစက်ခံရခြင်းရှိမရှိစစ်ဆေးပြီးဖြစ်ကြောင်း၊ ၃၅၀ ကို သီးခြားခွဲကာ စောင့်ကြည့်နေမှုများ ပြုလုပ်ထားကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

သီးခြားခွဲစောင့်ကြည့်ခံနေရသူများမှာ နိုင်ငံရပ်ခြားသို့ ခရီးသွားလာခဲ့ပြီးနောက် အနောက်ဘက်ကမ်းသို့ ပြန်လာခဲ့ကြသူများဖြစ်သည်။

ဆင်ဟွာ

# ဂရိတွင် ခိုလှုံသူများအတွက် ကန့်သတ်ချက်အသစ်များပေါ်ထွက်လာပြီးနောက် ဒုက္ခသည် ခိုလှုံရေးစခန်းမီးလောင်

**အေသင် မတ် ၈**

တူရကီနိုင်ငံမှ နယ်စပ်တံခါးများဖွင့်ပေးလိုက်သည့်အတွက် ဂရိနယ်စပ်တွင် ရွှေ့ပြောင်းနေထိုင်သူအရေအတွက် တစ်ရှိန်ထိုးမြင့်တက်လာသည်။ ယင်းအတွက်ကြောင့် ခိုလှုံခွင့်တောင်းခံသူများအပေါ် နောက်ထပ်ကန့်သတ်ချက်များ ဂရိနိုင်ငံက ချမှတ်ခဲ့ပြီးနောက် လက်စ်ဘို့စ်ကျွန်းပေါ်ရှိ ဒုက္ခသည်ခိုလှုံရေးစခန်းတွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

အသစ်ချမှတ်ခဲ့သည့် ကန့်သတ်မှုအရ ဒုက္ခသည်များသည် တစ်လအကြာတွင် ကိုယ်တိုင်ငွေရှာရမည်ဖြစ်ပြီး အစိုးရမှ ငွေကြေးထောက်ပံ့ပေးတော့မည်မဟုတ်ပေ။ One Happy Family ဟု အမည်ပေးထားသည့် ဒုက္ခသည်ခိုလှုံရေးစခန်းတွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လက်စ်ဘို့စ်ရှိဂျာနယ်လစ်များနှင့် အကူအညီပေးရေးအုပ်စုတို့အပေါ် အကြမ်းဖက်မှုများ ပေါ်ပေါက်ခဲ့ပြီးနောက် ယခုလိုမီးလောင်မှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် ကျောင်းတစ်ကျောင်း ဆိုးရွားစွာပျက်စီးသွားခဲ့ရသည်။ ဒဏ်ရာရရှိသူအရေအတွက်ကိုမူမသိရသေးပေ။ ပြီးခဲ့သည့်သီတင်းပတ်အတွင်း လက်စ်ဘို့စ်ကျွန်းသို့ ရွှေ့ပြောင်းနေထိုင်သူ ၁၇၀၀ ရောက်ရှိလာခဲ့ကြသည်။

ယခင်ကတည်းက ရွှေ့ပြောင်းနေထိုင်သူပေါင်း ၃၈၀၀၀ ရှိနှင့်နေပြီးဖြစ်ရာ ဒုက္ခသည်စခန်းများတွင် ဝန်နှင့်အားမမျှအောင် ပြည့်နှက်လာခဲ့သည်။ ဒေသခံများသည် နောက်ထပ်ရွှေ့ပြောင်းနေထိုင်သူများ ရောက်ရှိလာသည်ကို မနှစ်မြို့ကြပေ။

ထို့ကြောင့် လက်စ်ဘို့စ်ကျွန်းတွင် အခြေအနေတင်းမာမှုများ မြင့်တက်လာခဲ့သည်။ စိတ်ပျက်မှုများသည် အကြမ်းဖက်မှုအသွင်ပြောင်းသွားပြီး အကူအညီပေးရေး လုပ်သားများနှင့် ဂျာနယ်လစ်များတင်ဆောင်လာသည့်ကားကို လူစုလူဝေးဖြင့် တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့ကြသည်။ မတ် ၁ ရက်နောက်ပိုင်း ရောက်လာသည့် ရွှေ့ပြောင်းနေထိုင်သူများအတွက် ခိုလှုံရာစခန်းအသစ်နှစ်ခု တည်ထောင်သွားရန် စီစဉ်ထားသည်ဟု ဂရိလူဝင်မှုကြီးကြပ်ရေးက မတ် ၈ ရက် နံနက်ပိုင်းတွင် ကြေညာခဲ့သည်။ မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းကိုမူ မသိရသေးပေ။

အေအက်ဖ်ပီ



လက်စ်ဘို့စ်ကျွန်းပေါ်ရှိ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများထားရှိရာ ယာယီစခန်းတစ်ခုကို တွေ့ရစဉ်။

## အီဂျစ်နှင့် ဆူဒန်တို့ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန်ကတိပြု

**ကိုင်ရို မတ် ၈**

အီဂျစ်သမ္မတ အဗ္ဗဒယ် ဖက်တာအယ်စီစီနှင့် ဆူဒန်အချုပ်အခြာအာဏာကောင်စီမှ ဥက္ကဋ္ဌ အဗ္ဗဒယ်ဖက်တာအယ် ဘရှုဟန်တို့သည် မတ် ၇ ရက်က နှစ်နိုင်ငံဆက်ဆံရေးခိုင်မာအောင် အလေးအနက်ထား ပြောကြားခဲ့ကြကြောင်း သိရသည်။ အယ်စီစီနှင့် ဘရှုဟန်တို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြီးနောက် ယခုလိုမှတ်ချက်ချပြောဆိုခဲ့ခြင်းဖြစ်သည်။ ဖုန်းဖြင့် ဆက်သွယ်ပြောကြားရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း အီဂျစ်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဘတ်ဆမ်ရာဒီက ပြောကြားခဲ့သည်။ ဆူဒန်နိုင်ငံ၏ လက်ရှိအကူးအပြောင်းကာလတွင် လုံခြုံရေးနှင့် တည်ငြိမ်ရေးအတွက် အီဂျစ်နိုင်ငံဘက်မှ ထောက်ပံ့ပေးမှုတို့ကို ဘရှုဟန်က ချီးကျူးပြောဆိုခဲ့သည်။

ဆင်ဟွာ

# ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အရှိန်မြင့်နေပေမယ့် မဲဆွယ်စည်းရုံးမှုတွေ ဆက်လုပ်မယ့် ဒေါ်နယ်ထရမ့်

*ထွန်းသစ်စ*

**အမေရိကန်နိုင်ငံ အိမ်ဖြူတော်ရဲ့နယ်ပယ်ဒေသမှာ ပထမဆုံး ကိုရိုနာဗိုင်းရပ်စ်အတည်ပြုလူနာတွေ့ရှိခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု မြင့်တက်လာသော်လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ရွေးကောက်ပွဲမဲဆွယ်ကာလကိုပိတ်ဖို့အကြောင်းမရှိဘူးလို့ မတ် ၈ ရက်က ပြောကြားလိုက်ပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ တောင်ပိုင်းဖလော်ရီဒါ အနားယူအပန်းဖြေရာ မာရာလာဂိုမှာ ဘရာဇီးသမ္မတ ဂျာဘော်ဆိုနာရိုကို တွေ့ဆုံစဉ် သတင်းထောက်တွေကို အဲဒီလို ခပ်မာမာလေးပြောလိုက်တာဖြစ်ပါတယ်။**



အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကို ဘရာဇီးသမ္မတ ဂျာဘော်ဆိုနာရိုနဲ့အတူ တွေ့ရစဉ်။

### သတိပေးပြောကြား

မိမိတို့မှာ မဲဆွယ်ပွဲတွေ အကြီးအကျယ်ရှိပြီး အကောင်းဆုံး ဆောင်ရွက်သွားမှာဖြစ်သလို ဒီအပိုင်းကို အထူးအလေးထားဆောင်ရွက်သွားမယ်လို့လည်း အမေရိကကို မဟာနိုင်ငံတော်ကြီးအဖြစ် ဆက်လက်ထိန်းသိမ်းသွားမလားဆိုတဲ့အပေါ် ဒေါ်နယ်ထရမ့်က ပြောကြားလိုက်ပါတယ်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုဟာ အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံး ယခုအချိန်အထိ ၁၄ ဦးသေဆုံးပြီး ၄၀၀ လောက် မြင့်တက်လာနေချိန်မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ အခုလို မှတ်ချက်စကား ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ ကျန်းမာရေး အာဏာပိုင်တွေက အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမှာတွေ့ရတဲ့ ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာဟာ အသက် ၅၀ ဝန်းကျင်ရှိပြီး နိုင်ငံတကာကိုခရီးသွားဖူးတဲ့ အတွေ့အကြုံလည်းမရှိ၊ ကိုရိုနာဗိုင်းရပ်စ် ကူးစက်တဲ့သူနဲ့လည်း တွေ့ထိဖူးခြင်းမရှိဘဲ ဖြစ်ပွားခဲ့တာပါလို့ သတိပေးပြောကြားခဲ့ပါတယ်။

### ဖော်ပြထားတာမတွေ့

ကိုရိုနာဗိုင်းရပ်စ်ဟာ အမေရိကန်အထိ ရောက်ရှိလာတဲ့အပေါ် စိုးရိမ်စိတ်မဖြစ်ပေါ်ဘူးလားလို့ သတင်းထောက်တွေက မေးမြန်းတဲ့အပေါ် အမေရိကန်သမ္မတထရမ့်က "ကျွန်တော်ကတော့ လုံးဝစိတ်မပူပါဘူးဗျာ"လို့ ပြောလိုက်ပါတယ်။

ထို့အတူ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ရောဂါထိန်းချုပ်ရေးနဲ့ကာကွယ်ရေးဌာနကို သွားရောက်စဉ် မိမိအပေါ် ကိုရိုနာဗိုင်းရပ်စ်ကတော့ ဒုက္ခမပေးနိုင်သေးပါဘူးလို့ ပြောကြားလိုက်ပါတယ်။

ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးဌာနကတော့ အသက်ကြီးတဲ့သူတွေကို လူကျပ်ပြီး ထူထပ်တဲ့နေရာတွေ မသွားဖို့၊ အိမ်မှာပဲနေဖို့ တိုက်တွန်းထားပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကလည်း မဲဆွယ်ပွဲတွေကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီမိုကရက်တစ်တွေကိုယှဉ်ပြိုင်မယ့် သူ့ရဲ့မဲဆွယ်ပွဲဟာ သက်ကြီး အမေရိကန်နိုင်ငံသား အများစုကို ဆွဲဆောင်မှာဖြစ်ပါတယ်။ သို့သော်လည်း ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးဌာနကတော့ လာမယ့်ရက်တွေမှာ ဘာပွဲအစီအစဉ်မှ ဖော်ပြထားတာ မတွေ့ရပါဘူး။

### ၃၅၀၀ ကျော်လာပြီ

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ဟာ အစိုးရအဖွဲ့ရဲ့ ကိုရိုနာဗိုင်းရပ်စ်ကိစ္စ အကြံပြုချက်အပေါ် ဆန့်ကျင်ဘက်ပြောတဲ့အတွက် ဝေဖန်မှုတွေနဲ့ ခံနေရပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ ဒီမိုကရက်တစ်ပြိုင်ဘက်တွေဟာ လာမယ့်နိုဝင်ဘာလမှာ သမ္မတရာထူးကို သမ္မတထရမ့်နဲ့ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲကြမှာဖြစ်ပါတယ်။

လတ်တလောမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုလူနာပေါင်းဟာ ကမ္ဘာတစ်ဝန်းမှာ တစ်သိန်းကျော်လာပြီဖြစ်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူပေါင်းဟာလည်း ၃၅၀၀ ကျော်လာပြီဖြစ်ပါတယ်။

### ဘယ်ကဖြစ်တာလဲ

တရုတ်နိုင်ငံအလယ်ပိုင်း ဟူပေပြည်နယ်ရဲ့ စက်မှုမြို့တော်ဖြစ်တဲ့ ဝူဟန်မြို့မှာရှိတဲ့ ကျန်းမာရေးအာဏာပိုင်တွေဟာ လွန်ခဲ့တဲ့နှစ် ဒီဇင်ဘာ ၈ ရက်မှာ ဖျားနာမှုပုံစံသစ်တစ်မျိုးကို ပထမဆုံးတွေ့ရှိခဲ့ပါတယ်။ ဒီဇင်ဘာ ၃၁ ရက်မှာ တရုတ်နိုင်ငံဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကို ဝူဟန်မြို့မှာ အဆုတ်ရောင်ရောဂါတစ်မျိုး ဖြစ်ပွားနေတယ်ဆိုပြီး အသိပေးခဲ့ပါတယ်။ ကူးစက်ပြန့်ပွားမှုတွေဟာ ဝူဟန်ဈေးက စတင်ဖြစ်ပွားခဲ့တယ်လို့ ခြေရာကောက်နိုင်ခဲ့ပြီးနောက် ဝူဟန်ဈေးကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှာ ပိတ်လိုက်ပါတယ်။ အဲဒီနောက် ကူးစက်မှုတွေလည်း မြင့်တက်လာခဲ့ပါတယ်။ အဲဒီကူးစက်မှုတွေကို သေချာလေ့လာပြီးနောက် တရုတ်ကျန်းမာရေးအာဏာပိုင်တွေက ဇန်နဝါရီ ၇ ရက်မှာတော့ ကိုရိုနာဗိုင်းရပ်စ်မိသားစုမှ ပေါက်ပွားလာတဲ့ ကိုရိုနာဗိုင်းရပ်စ်သစ်တစ်မျိုးအဖြစ် သတ်မှတ်ခဲ့ကြပါတယ်။ သူ့ကို ၂၀၁၉ နိုဗယ်ကိုရိုနာဗိုင်းရပ်စ်လို့ အမည်ပေးခဲ့ကြပါတယ်။

ဇန်နဝါရီ ၁၁ ရက်မှာတော့ ဝူဟန်မှာရှိတဲ့ အမျိုးသားတစ်ဦး ပထမဆုံးသေဆုံးခဲ့တယ်လို့ တရုတ်နိုင်ငံက ကြေညာခဲ့ပါတယ်။ နှစ်ရက်ကြာပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တရုတ်နိုင်ငံပြင်ပ ထိုင်းနိုင်ငံမှာ နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံနေရသူ အမျိုးသမီးတစ်ဦး တွေ့ရှိခဲ့တယ်လို့ သတင်းမှာ ဖော်ပြခဲ့ပါတယ်။ အဲဒီအမျိုးသမီးဟာ ဝူဟန်မြို့ကပြန်လာတဲ့ အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။ ဇန်နဝါရီ ၁၆ ရက် ဂျပန်နိုင်ငံမှာလည်း အလားတူ ဝူဟန်ကိုသွားရောက်ခဲ့တဲ့ အမျိုးသားတစ်ဦး နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရတယ်လို့ ဖော်ပြခဲ့ပါတယ်။ နောက်ပိုင်းရက်တွေမှာ အမေရိကန်ပြည်ထောင်စု၊ နီပေါ၊ ပြင်သစ်၊ ဩစတြေးလျ၊ မလေးရှား၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ဗီယက်နမ်နဲ့ တရုတ် (တိုင်ပေ)တို့မှာ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ တွေ့ရှိတယ်လို့ အတည်ပြုပြောကြားခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ဝူဟန်ကရောက်လာတဲ့ လေကြောင်းလိုင်းတွေကို ပထမဆုံးစစ်ဆေးမှုတွေ စတင်ပြုလုပ်ပါတယ်။

### ဘယ်လိုကူးစက်နိုင်လဲ

ဇန်နဝါရီ ၂၀ ရက်မှာတော့ ဝူဟန်မြို့မှာ တတိယမြောက်သေဆုံးသူ ရှိလာပြီဖြစ်တယ်လို့ တရုတ်နိုင်ငံက ဖော်ပြခဲ့ပါတယ်။ ဗိုင်းရပ်စ်ပျံ့နှံ့ကူးစက်မှုဟာ ပေကျင်း၊ ရှန်ဟိုင်းနဲ့ ရှန်ကျန်တို့အပါအဝင် ဟူပေပြည်နယ် အပြင်ပိုင်းတွေအထိ ဖြစ်လာခဲ့ပါတယ်။ အာရှနိုင်ငံတွေလည်း နိုဗယ်ကိုရိုနာဗိုင်းရပ်စ် စတင်ပျံ့နှံ့ဖြစ်ပွားရာနေရာက လာရောက်တဲ့ လေကြောင်းလိုင်းတွေကို လေဆိပ်စစ်ဆေးမှုတွေ မဖြစ်မနေစတင်လုပ်ဆောင်လာပါတော့တယ်။

ဇန်နဝါရီ ၂၂ ရက်မှာ သေဆုံးသူဦးရေ မြင့်တက်လာခဲ့သလို ဗိုင်းရပ်စ်ကူးစက်ခံရသူတွေ ၅၅၀ ကျော်တောင်ရှိလာခဲ့ပါတယ်။ ဥရောပနိုင်ငံလေဆိပ်တွေကလည်း ဝူဟန်က လာတဲ့လေကြောင်းလိုင်းတွေကို စစ်ဆေးမှုတွေ အရှိန်မြှင့်တင် လုပ်ဆောင်ခဲ့ပါတယ်။ အခြေအနေတွေဟာ ပိုပြီးဆိုးလာတဲ့အတွက် ဝူဟန်မြို့ကို ဇန်နဝါရီ ၂၃ ရက်မှာ အလုံပိတ်ခဲ့ပြီး သယ်ယူပို့ဆောင်ရေးတွေ ဖြတ်တောက်ခဲ့ပါတယ်။ ထို့အတူ ဟူပေပြည်နယ်မှာရှိတဲ့ အခြား ၁၈ မြို့မှာလည်း အများပြည်သူ သယ်ယူပို့ဆောင်ရေးတွေကို ရပ်နားလိုက်ပါတယ်။ စုစုပေါင်းလူဦးရေ ၅၆ သန်းလောက် ဒုက္ခ ရောက်ခဲ့ရပါတယ်။ ဇန်နဝါရီ ၂၅ ရက်မှာတော့ တရုတ်နှစ်သစ်ကူးပွဲတော် ကျင်းပဖို့စီစဉ်ထားတာလည်း ဖျက်လိုက်ရပါတယ်။ ဆေးဘက် ဆိုင်ရာ အာဏာပိုင်တွေက ပထမဆုံး ဟူပေပြည်နယ်ပြင်ပမှာ သေဆုံးသူတစ်ဦး ရှိလာတယ်လို့ ဖော်ပြခဲ့ပါတယ်။

### နေရာတွေကို ပိတ်လိုက်ပြီ

ဇန်နဝါရီ ၂၄ ရက်မှာ ရှန်ဟိုင်းဒစ်စနေလန့်ဒ်ပိတ်လိုက်သလို မဟာတံတိုင်းကြီးနဲ့ အခြားအထိမ်းအမှတ် နေရာတွေကိုလည်း ပိတ်လိုက်ပါတယ်။ ထို့အတူ ဟောင်ကောင် ဒစ်စနေလန့်ဒ်ကိုလည်း ပိတ်လိုက်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတွေမြင့်တက်လာပြီဖြစ်ကြောင်း သတိပေးပြောကြားလိုက်ပြီးနောက် တရုတ်အစိုးရကလည်း နှစ်သစ်ကူးရက်ကို ထပ်မံတိုးမြှင့်ပေးလိုက်ပါတယ်။ အဲဒီနောက် မလေးရှားနိုင်ငံကလည်း ဝူဟန်က ခရီးသွားတွေကို တားမြစ်လိုက်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇန်နဝါရီ ၃၁ ရက်မှာ ဝူဟန်ဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး ကမ္ဘာ့အရေးပေါ်အဆင့် ကြေညာခဲ့ပါတယ်။ သို့သော်လည်း တရုတ်နိုင်ငံနဲ့ ခရီးသွားလာမှုတွေ၊ ကုန်သွယ်မှုတွေကန့်သတ်လိုက်တဲ့အထိ မလိုအပ်ပါဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ညွှန်ကြားရေးမှူးချုပ်က ပြောခဲ့ပါတယ်။ တရုတ်နိုင်ငံကလည်း ဇန်နဝါရီ ၃၁ ရက်မှာ တစ်နေ့တည်း သေဆုံးသူ ၄၃ ဦးအထိ ရှိလာတဲ့အတွက် ဗိုင်းရပ်စ်ဖြစ်ပွားတဲ့အချိန်ကစပြီး အဆိုးရွားဆုံးနေ့တစ်နေ့အဖြစ် ထုတ်ပြန်ကြေညာခဲ့ပါတယ်။

အခုအခါမှာတော့ ကိုရိုနာဗိုင်းရပ်စ်ဟာ နိုင်ငံပေါင်း ၉၀ ကျော်အထိ ပျံ့နှံ့ရောက်ရှိလို့လာခဲ့ပါပြီ။ တိုက်ဆိုင်စွာပဲ ဒီလောက်တောင်ကြောက်စရာကောင်းတဲ့ အခြေအနေမှာ အမေရိကန်သမ္မတထရမ့်ဟာ ရွေးကောက်ပွဲကို ဆက်လက်လုပ်သွားမှာဖြစ်ပါတယ်။ သူ့ရဲ့ ဆုံးဖြတ်ချက်နဲ့အတူ ဝေဖန်မှုတွေကလည်း မြင့်တက်လာပါတယ်။ ဘယ်လိုတွေဆက်ဖြစ်လာဦးမလဲဆိုတာကတော့ စိတ်ဝင်စားစရာကောင်းလာပါပြီ။

**ကိုးကား-အေအက်ဖ်ပီ**

## နိုင်ငံတကာသတင်းတိုလွှာ

### အိုပက်နိုင်ငံများအကြား ရေနံထုတ်လုပ်မှုလျှော့ချရန် သဘောတူညီမှုမရရှိခဲ့

**မော်စကို မတ် ၈**

ရေနံတင်ပို့ရောင်းချသည့် နိုင်ငံများအဖွဲ့(OPEC) နှင့် ရုရှားနိုင်ငံအပါအဝင် အိုပက်အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများအကြား ဆွေးနွေးခဲ့မှုအတွင်း ရေနံစိမ်းထုတ်လုပ်မှုလျှော့ချရေးနှင့်ပတ်သက်၍ ခိုင်မာသည့်သဘောတူညီမှုမရရှိခဲ့ကြောင်း မီဒီယာများက ဖော်ပြသည်။

ရေနံထုတ်လုပ်ရောင်းချမှု အများဆုံးနိုင်ငံများမှ အာဏာပိုင်များသည် ရေနံထုတ်လုပ်မှုကို ပိုမိုလျှော့ချနိုင်ရန် ရည်ရွယ်လျက် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် မတ် ၆ ရက်က အစည်းအဝေးတစ်ခုပြုလုပ်ခဲ့သည်။သို့ရာတွင် ယင်းအစီအစဉ်ကို ရုရှားက မထောက်ခံခဲ့ပေ။ ရေနံဈေးကို ထိန်းထားရန်အတွက် ရေနံထုတ်လုပ်မှုလျှော့ချရေး အစီအစဉ် သက်တမ်းတိုးရန် အာဏာပိုင်များအကြား သဘောတူညီမှုရရှိအောင် ဆွေးနွေးနိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### နိုင်ငံခြားချေးငွေများ ပြန်လည်ပေးဆပ်ရန် လက်ဘနွန်ဆိုင်းငံ့

**ဘေရွတ် မတ် ၈**

လက်ဘနွန်နိုင်ငံအတွင်း ငွေကြေးတန်ဖိုးထိခိုက်လာနိုင်မှုနှင့် ငွေကြေးဖောင်းပွမှု မြင့်တက်လာမည်ကို စိုးရိမ်ရမှုတို့ကြောင့် နိုင်ငံခြားချေးငွေများ ပြန်လည်ပေးဆပ်မည့်ကိစ္စကို ဆိုင်းငံ့လိုက်ကြောင်း ကြေညာခဲ့သည်။

လက်ဘနွန်နိုင်ငံအနေဖြင့် နိုင်ငံခြားငွေကြေးအရန်ထားရှိရန်အလို့ငှာ ပေးဆပ်ရမည့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကို မပေးဆပ်သေးဘဲ ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း လက်ဘနွန်ဝန်ကြီးချုပ် ဟာဆန်ဒီရက်ဘက်က မတ် ၈ ရက်တွင် ကြေညာခဲ့သည်။ လက်ဘနွန်၏ လက်ရှိချေးငွေသည် တိုင်းပြည်၏ ဂျီဒီပီ ၁၇၀ ရာခိုင်နှုန်းနှင့် တူညီသည်။

အစိုးရသည် ဘဏ္ဍာနှစ်အတွင်း ပြုပြင်ပြောင်းလဲမှုများ၊ အကြွေးများကို ပြန်လည်စိစစ်မှုများပြုလုပ်သွားရန် စီစဉ်ထားသည်။ အစိုးရကအခွန်သစ်များ ကောက်ခံရန် စီစဉ်ခဲ့ပြီးနောက်တွင် ဆန္ဒပြဆန့်ကျင်မှုများပေါ်ပေါက်လာပြီး လက်ဘနွန်၏ စီးပွားရေးပဋိပက္ခ ပိုမိုဆိုးရွားလာခဲ့သည်။ ဆန္ဒပြမှုများပေါ်ပေါက်လာမှုကြောင့် လက်ဘနွန်ဝန်ကြီးချုပ် ဟာရီရီ ရာထူးမှ နုတ်ထွက်ခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**

# မွန်ပြည်နယ်ဝန်ကြီးချုပ် (၇၁) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်

**သထုံ မတ် ၈**

၂၀၂၀ ပြည့်နှစ် တပေါင်းလပြည့်နေ့တွင် ကျရောက်သည့် (၇၁) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို မတ် ၈ ရက် နံနက်က မွန်ပြည်နယ် သထုံမြို့နယ် ကြာပန်းကျေးရွာ၌ ပြည်နယ်အဆင့်ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အလံနှင့် ပအိုဝ်းအမျိုးသားအလံတော်တို့အား အလေးပြုကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ ဂုဏ်ပြုသဝဏ်လွှာအား မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နန်းစံဝင့်ခိုင်က ဖတ်ကြားကာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်ထံမှ ပေးပို့သည့်သဝဏ်လွှာကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးဟန်က ဖတ်ကြားသည်။

ဆက်လက်၍ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပအိုဝ်းအမျိုးသားနေ့တွင် စာပေယဉ်ကျေးမှုဓလေ့ထုံးစံနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ စောင့်ရှောက်ထိန်းသိမ်းသည့် အစဉ်အလာကောင်းများကို တွေ့မြင်ရသဖြင့် ဝမ်းမြောက်မိပါကြောင်း၊ ယနေ့အချိန်အခါကာလသည် တိုင်းရင်းသားများအားလုံး လိုလားတောင့်တနေကြသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ကြိုးပမ်းနေသည့်အချိန်ကာလဖြစ်ပါကြောင်း ၊ ၂၁ ရာစု ပင်လုံညီလာခံကျင်းပနေခြင်းသည် တိုင်းရင်းသားအားလုံး လိုလားနေသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်ပြီး ထာဝရငြိမ်းချမ်းရေး ရရှိနိုင်ရန်ဖြစ်ပါကြောင်း၊ ပအိုဝ်းလူမျိုးများသည် ပဋိပက္ခများနှင့် ဝေးရာရှောင်ရှားပြီး တောင်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် ရိုးသားစွာနေထိုင်အသက်မွေးသူများဖြစ်ပါကြောင်း၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို လျှောက်လှမ်းရာ ခရီးလမ်းမပေါ်မှာလည်း ငြိမ်းချမ်းရေးတေးသံများ ယခုထက်မက ဝေစည်လာစေဖို့ ပအိုဝ်းတိုင်းရင်းသားများအားလုံးကလည်း ဆက်လက်ပါဝင်ကြိုးပမ်းကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပအိုဝ်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံကို ကျင်းပရေးကော်မတီဝင်တစ်ဦးက ရှင်းလင်းဖတ်ကြားပြီး ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီထံမှပေးပို့သည့်သဝဏ်လွှာ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)မှ ပေးပို့သည့် သဝဏ်လွှာ၊ ပအိုဝ်းလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) မှပေးပို့သော သဝဏ်လွှာတို့ကို တာဝန်ရှိသူတို့က ဖတ်ကြားပေးခဲ့ကြသည်။

**သက်ဦး(သထုံ)**



မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ (၇၁) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနား၌ အမှာစကား ပြောကြားစဉ်။

## လွိုင်ကော်မြို့ ပဒါးညေးကျေးရွာ၌ ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကျင်းပ

**လွိုင်ကော် မတ် ၈**

ကယားပြည်နယ်လုံးဆိုင်ရာ (၇၁) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို မတ် ၈ ရက် နံနက်ပိုင်းက လွိုင်ကော်မြို့နယ် ပဒါးညေးကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ပအိုဝ်းတိုင်းရင်းသားအလံတို့အား အလေးပြုခြင်းများ ဆောင်ရွက်ကြပြီး သဘာပတိ ဦးခွန်အုံးဖေလေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကားပြောကြားရာတွင် ပအိုဝ်းတိုင်းရင်းသားများသည် လူနည်းစုဖြစ်သော်လည်း ပစ်မထားဘဲ၊ မခွဲခြားဘဲ၊ တန်းတူညီတူ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီရုံးကိုလည်း ဖွင့်လှစ်ထားရှိပြီး ပဒါးညေးကျေးရွာတွင်လည်း ပအိုဝ်းတိုင်းရင်းသားလူမျိုးများအတွက် အဆောက်အဦ ဆောက်လုပ်ပေးထားပါကြောင်း ပြောကြားခဲ့သည်။ ဆက်လက်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှပေးပို့လာသော သဝဏ်လွှာအား ဖတ်ကြားခြင်းနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်မှ ပေးပို့သောသဝဏ်လွှာများကို တာဝန်ရှိသူများက ဖတ်ကြားခြင်းများဆောင်ရွက်သည်။

### ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပအိုဝ်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ကို ငွေကျပ် ငါးသိန်း ထောက်ပံ့ပေးအပ်ခြင်းနှင့် ထူးချွန်ကျောင်းသား ကျောင်းသူ လူငယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် ကယားပြည်နယ် ပအိုဝ်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ခွန်ဟန်ဆောင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဘားအံမြို့၌ (၇၁)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနား ကျင်းပ

**ဘားအံ မတ် ၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် မဲဘောင်ကျေးရွာတွင် မတ် ၈ ရက်၌ကျရောက်သော (၇၁)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် သဘာပတိ ဦးခွန်ဝင်းဦး က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သောသဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဖတ်ကြားကာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်ထံမှ ပေးပို့သောသဝဏ်လွှာကို ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်က ဖတ်ကြားသည်။

ထို့နောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားတွင် တင်ပြသည့်စာတမ်းကို ပအိုဝ်းဘာသာဖြင့်ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဘွဲ့တံဆိပ်တော်ရပအိုဝ်း ဆရာတော်ကြီးများအား ဂုဏ်ပြုပူဇော်၍ သက်ကြီးပအိုဝ်းခေါင်းဆောင်များ၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများနှင့် ပအိုဝ်း အနုပညာထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ပအိုဝ်းလူမျိုးများသည် ဘာသာတရားကိုကိုင်းရှိုင်းသည့် တိုင်းရင်းသားများဖြစ်ကာ ကရင်ပြည်နယ်အတွင်း ဘားအံမြို့နယ်တွင် အများဆုံးနေထိုင်၍ လှိုင်းဘွဲ၊ ကော့ကရိတ်၊ မြဝတီ၊ ကြာအင်းဆိပ်ကြီး၊ သံတောင်၊ ဖာပွန်မြို့နယ်တို့တွင်လည်း ပျံ့နှံ့နေထိုင်ကြသည်။ ပအိုဝ်းတိုင်းရင်းသားလူမျိုးများ၏ ဓလေ့ရိုးရာ၊ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် သမိုင်းကို ထိန်းသိမ်းမြှင့်တင်ရန်ရည်ရွယ်၍ ပအိုဝ်းအမျိုးသားနေ့ကို ကျင်းပခြင်းဖြစ်သည်။ ကရင်ပြည်နယ်တွင် အကြိမ် (၄၀)မြောက် ကျင်းပသည့် အဆိုပါ ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရန်ကုန်မြို့၌ (၇၁) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၈**

သက္ကရာဇ် ၁၃၈၁ ခုနှစ် တပေါင်းလပြည့်နေ့တွင် ကျရောက်သည့် (၇၁)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက် သာသနာ့ရိပ်သာလမ်း အမှတ် (၇၁) ရှိ တောင်ကြီးပရိယတ္တိစာသင်တိုက်၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးဇော်အေးမောင်၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသော ပအိုဝ်း တိုင်းရင်းသူ တိုင်းရင်းသားများ တက်ရောက်ကြသည်။

ပွဲတော်တွင် အခမ်းအနားဖွင့်ဖဲကြိုးဖြတ်ခြင်းနှင့် အလံတင်ခြင်း အစီအစဉ်များအပါအဝင် ဂုဏ်ထူးဆောင်နှင့် သာသနဓဇမ္မာစရိယဘွဲ့ ရရှိတော်မူသော ပအိုဝ်း ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများနှင့် ဂုဏ်ပြုပူဇော်လက်မှတ်များ ဆက်ကပ်လှူဒါန်းခြင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း ပညာထူးချွန်ကျောင်းသား ကျောင်းသူများ၊ အားကစားထူးချွန်သူများနှင့် အနုပညာ ထူးချွန်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းတို့ကို အစီအစဉ်များအတိုင်း ကျင်းပသည်။

ထို့ပြင် မွန်းလွဲပိုင်းတွင် တရားနာရေစက်ချ အခမ်းအနားနှင့်အတူ အသက် (၇၅)နှစ်အထက် ပအိုဝ်းဘိုးဘွားများအား သက်ကြီးပူဇော်ပွဲကိုလည်း ဆက်လက်ကျင်းပသည်။

ပွဲတော်အထိမ်းအမှတ် ဖျော်ဖြေပွဲများအဖြစ် နံနက်ပိုင်းတွင် ပအိုဝ်းလူငယ်မောင်မယ်များက ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ကပြဖျော်ဖြေပြီး ညပိုင်းတွင် ဖိတ်ကြားထားသည့် ပအိုဝ်းအဆိုတော်များနှင့် ရန်ကုန်မြို့ရှိ ပအိုဝ်းလူငယ်မောင်မယ် ကျောင်းသား ကျောင်းသူများက ခေတ်ပေါ်တေးဂီတ အဆိုအကများဖြင့် ကပြဖျော်ဖြေကြောင်း၊ ရန်ကုန်မြို့တွင် ပအိုဝ်းအမျိုးသားနေ့ကို ရှစ်ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ပအိုဝ်းစာပေသမိုင်းများအရ ပအိုဝ်းနွယ်ဖွား သူရိယစန္ဒာမင်းကြီး၏ မွေးနေ့ဖြစ်သည့် တပေါင်းလပြည့်နေ့ကို ပအိုဝ်းအမျိုးသားနေ့အဖြစ် သတ်မှတ်ပြီး ၁၉၄၇ ခုနှစ်တွင် မွန်ပြည်နယ် သထုံမြို့၌ စတင်ကျင်းပခဲ့ရာ ယခုအခါ ပအိုဝ်းလူမျိုးများ အများစု အခြေစိုက်ရာ ဒေသအနှံ့အပြားတွင် ကျင်းပလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**



ရန်ကုန်မြို့၌ (၇၁) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကျင်းပစဉ်။

## မန္တလေးမြို့၌ ပအိုဝ်းအမျိုးသားနေ့နှင့် စာအောင်ဆုနှင်းသဘင်အခမ်းအနား ကျင်းပ

**မန္တလေး မတ် ၈**

တပေါင်းလပြည့်နေ့တွင် ကျရောက်သော (၇၁)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့နှင့် စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက မန္တလေးမြို့ လမ်း ၃၀၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြားရှိ ကွမ်ရင်ဘုရားကျောင်း၌ ကျင်းပသည်။

### ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ စာအောင်ဆုနှင်းသဘင် အခမ်းအနားအား ကျင်းပရာ ပလိပ်မြို့ မူလငါးဆူကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုမာရ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပအိုဝ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက၊ အခမ်းအနားဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်သိန်းထွန်းနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် စာအောင်ဆုလက်မှတ်များ ဆက်ကပ်လှူဒါန်းသည်။

### ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်

မွန်းလွဲပိုင်းတွင် (၇၁)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနားကို ဆက်လက်ကျင်းပရာ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်က အဖွင့်အမှာစကားပြောကြားပြီး ပအိုဝ်း တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက က ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီ ထံမှ ပေးပို့သောသဝဏ်လွှာအား ဖတ်ကြားသည်။ ယင်းနောက် မန္တလေးမြို့အခြေစိုက် ပအိုဝ်းတိုင်းရင်းသား စာအောင် ကျောင်းသား ကျောင်းသူများအား ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

သထုံရွှေစာရံစေတီတော်ကို တည်ထားခဲ့သော သူရိယစန္ဒာ မင်းမြတ်၏ မွေးနေ့(တပေါင်းလပြည့်)နေ့ကို ပအိုဝ်းအမျိုးသားနေ့အဖြစ်သတ်မှတ်ပြီး ကျင်းပလာသည်မှာ (၇၁)နှစ်မြောက် ရှိကာ မန္တလေးမြို့တွင် (၂၃)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း ပအိုဝ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက ဦးခွန်သိန်းထွန်းက ပြောကြားသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

# အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လမ်းပြမြေပုံ ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၈**

စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လမ်းပြမြေပုံရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို မတ် ၆ ရက်က နေပြည်တော် ဂရမ်းအမရာ ဟိုတယ်၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ GIZ မှ SAFI (ဆာဖိ) စီမံကိန်း၏ Head of Project, Mr. Peter Hinn ၊ Consultant Mr. Alain Peyre နှင့် GIZ မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

**အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး**

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို စားသောက်ကုန် အရည်အသွေးနှင့် ဘေးကင်းစိတ်ချမှုရရှိစေရေး၊ ဆောင်ရွက်ရန်လိုအပ်နေသည့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လမ်းပြမြေပုံတစ်ခုရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ကဏ္ဍပေါင်းစုံက သက်ဆိုင်သူများ၏ ဆွေးနွေးမှုများ၊ ဝေဖန်အကြံပြုချက်များ စုစည်းနိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ရေရှည်စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အစားအစာအရည်အသွေး ပြည့်မီရေးစီမံကိန်း (SAFI)တွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ဈေးကွက်လိုအပ်ချက်နှင့်အညီ အရည်အသွေးပြည့်မီစေရန်၊ ဘေးကင်းပြီး အရည်အသွေးပြည့်မီသော အစားအစာများကို ပြည်တွင်းဈေးကွက်သာမက အာဆီယံ၊ အာရှ၊ ဥရောပနှင့် ကမ္ဘာ့ဈေးကွက်အထိ တင်ပို့ရောင်းချနိုင်စေရန် ဂျာမနီဖွံ့ဖြိုးရေးအေဂျင်စီ GIZ က နည်းပညာအထောက်အပံ့များ၊ သင်တန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ သင်ရိုးညွှန်းတမ်းများတွင် Food Safety Quality Module ထည့်သွင်းရေးဆွဲနိုင်ရေး ဆောင်ရွက်ပေးခြင်းအပြင် စိုက်ပျိုးမွေးမြူရေးကဏ္ဍအတွက် Food Safety Roadmap ရေးဆွဲရေးလုပ်ငန်းစဉ်များကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ရေးဆွဲထုတ်ပြန်မည့် National Food Safety Policy မူဘောင်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သိမ်**



## ကျိုင်းတုံ၌ စော်ဘွားဈေး(ကတ်ကောဝ်)ကျင်းပမည်

**ကျိုင်းတုံ မတ် ၈**

သံလွင်အရှေ့ခြမ်းဒေသ၏မြို့တော် ကျိုင်းတုံမြို့၏ သမိုင်းဝင် ပါလျှံတံခါးအနီး(အောင်မြေ)တွင် ရှေးယခင်စော်ဘွားကြီးများလက်ထက်မှသည် မျက်မှောက်ခေတ်တိုင်အောင် တစ်နှစ်တွင် တစ်ရက်သာကျင်းပပြီး ဂုံရှမ်း ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို အဓိကဖော်ညွှန်းပြသရာ ရိုးရာပွဲတော်ဖြစ်သည့် စော်ဘွားဈေး(ကတ်ကောဝ်)ကို မတ် ၁၆ ရက်တွင် အစဉ်အလာမပျက် ဆင်နွှဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# မတ်ပဲနှင့် ငရုတ်အသစ်များ ပေါ်စပြုချိန်တွင် ရန်ကုန်ဈေးကွက်၌ ဈေးနှုန်းများ စတင်ကျဆင်းလာ

**ရန်ကုန် မတ် ၈**

မြစ်ဝကျွန်းပေါ်ဒေသအချို့တွင် မိုးစပါးရိတ်သိမ်းအပြီး စိုက်ပျိုးခဲ့သော သီးထပ်သီးနှံများဖြစ်သည့် မတ်ပဲအသစ်များနှင့် ငရုတ်အသစ်များ မတ်လဆန်းတွင် စတင်ပေါ်ထွက်လာပြီဖြစ်၍ ရန်ကုန်ဈေးကွက်၌ ယင်းသီးနှံဈေးနှုန်းများ စတင်ကျဆင်းလာကြောင်း သိရသည်။

ယခု မတ်လဆန်းတွင် အိမ်မဲငရုတ်ရှည်အသစ်များ ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်လာရာ မတ် ၇ ရက်တွင် လက်ကား တစ်ပိဿာ ငွေကျပ်၃၁၀၀ နှုန်းရှိပြီး ဟင်္သာတနယ်ထွက် မြားနီငရုတ်ရှည်က ငွေကျပ် ၃၁၀၀၊ ဟင်္သာတနယ်ထွက် အိန္ဒိယမျိုးငရုတ်ရှည်က ငွေကျပ် ၃၃၀၀၊ မကွေးနယ်ထွက် ငရုတ်ရှည်က ငွေကျပ် ၃၃၀၀၊ ဟင်္သာတနယ်ထွက် မိုးထောင် ငရုတ်က ငွေကျပ် ၃၉၀၀၊ မြစ်ဝပြည်တော်သာ မိုးထောင်ငရုတ်က ငွေကျပ် ၃၆၀၀၊ လေးအိမ်စု မိုးထောင်က ငွေကျပ် ၃၇၀၀ နှင့် မြစ်ဝငရုတ်ပွက ငွေကျပ် ၄၀၀၀ ဈေးနှုန်းရှိသည်ဟု ရန်ကုန် ငရုတ်ဈေးကွက်မှ သိရသည်။

ယခုနှစ် ဇန်နဝါရီလလယ်ခန့်က ဟင်္သာတနယ်ထွက် အိန္ဒိယမျိုး ငရုတ်ရှည်အသစ်များ ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်ခဲ့စဉ်က လက်ကားတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းအထိရှိခဲ့ရာမှ ဈေးများကျလာခြင်းဖြစ်သည်။ လက်ရှိ ရန်ကုန် ငရုတ်ဈေးကွက်၌ ကြိုတင်ခန့်မှန်းချက်များအရ ယခုနှစ် မြစ်ဝကျွန်းပေါ် ငရုတ်ရှည်အသစ်မျိုးစုံ



ရန်ကုန်မြို့ ဘုရင့်နောင်မှ ငရုတ်သီးပွဲရုံတစ်ရုံ။

ထွက်ပေါ်လာသည့်အချိန်တွင် တစ်ပိဿာ လက်ကားဈေးမှာ ငွေကျပ် ၂၅၀၀ ခန့်သာ ရှိနိုင်မည်ဟု သိရသည်။

၂၀၁၉ ခုနှစ်အတွင်းက ငရုတ်စိုများ တရုတ်သို့ အများအပြားတင်ပို့ခဲ့၍ ပြည်တွင်း၌ ငရုတ်စို တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ဝန်းကျင်အထိ ဈေးမြင့်ခဲ့သော်လည်း ယခုနှစ်တွင် တရုတ်သို့ ငရုတ်အစိုများ တင်ပို့မှုနည်းနေကာ ပုံမှန်ဈေး ငွေကျပ် ၂၀၀၀ ကျော်နှုန်းခန့်သာရှိနိုင်ကြောင်းနှင့် ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ရန်လည်း စီစဉ်နေဆဲဖြစ်ကြောင်း သိရသည်။

မတ်ပဲ(RC)ဈေးမှာ မတ်လဆန်းမှစ၍ တစ်တန်လျှင် ငွေကျပ်ကိုးသိန်းအောက်သို့ကျဆင်းခဲ့ရာ မတ် ၃ ရက်က တစ်တန်လျှင် ငွေကျပ် ၉၅၇၀၀၀၊ မတ် ၄ ရက်က ငွေကျပ် ၉၃၅၀၀၀၊ မတ် ၅ ရက်က ငွေကျပ် ၈၉၉၀၀၀ နှင့် မတ် ၆ ရက်တွင် ငွေကျပ် ၈၅၇၀၀၀ နှုန်း ရှိခဲ့သည်။ မတ် ၆ ရက်က မတ်ပဲ(RC) ကုန် သေတ္တာအလုံးပေါင်း ၁၃၀(တန်ချိန် ၃၁၂၀) အရောင်းအဝယ် ဖြစ်ခဲ့သည်ဟု သိရသည်။

မတ်ပဲဈေးနှုန်းသည် မတ်ပဲအသစ်များထွက်ပေါ်သည့် မတ်လတွင် ဈေးနှုန်းများကျဆင်းပြီး လှောင်သမားများက ပြန်လည်ထုတ်ရောင်းသည့်အချိန် နိုဝင်ဘာလတွင် ဈေးနှုန်းများ မြင့်တက်လေ့ရှိသည်။ ၂၀၁၈ ခုနှစ်က မတ်ပဲထွက်ပေါ်ချိန် မတ် ၆ ရက်ဈေးမှာ ငွေကျပ် ၄၈၅၀၀၀ နှုန်းရှိပြီး လှောင်သမားများက ပြန်ထုတ်ရောင်းချချိန် နိုဝင်ဘာ ၆ ရက်တွင် ငွေကျပ် ၉၈၈၀၀၀ အထိ မြင့်တက်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင်လည်း ပဲထွက်ပေါ်ချိန် မတ် ၆ ရက်က ငွေကျပ် ၆၇၄၀၀၀ နှုန်းသာရှိခဲ့၍ လှောင်လက်များပြန်ရောင်းချချိန် နိုဝင်ဘာ ၅ ရက်တွင် ငွေကျပ် ၁၃၃၀၀၀၀ အထိ အမြင့်ဆုံးဈေးသို့ ရောက်ရှိခဲ့သည်။

သို့ဖြစ်ရာ မတ်ပဲအသစ်ထွက်သည့်ကာလ ဈေးနှုန်းနှင့် လှောင်သမားများထုတ်ရောင်းချိန်ဈေးနှုန်း ကွာခြားမှုသည် တစ်ဆဝန်းကျင်ရှိနေတတ်သောကြောင့် ယခု ၂၀၂၀ မတ်ပဲအသစ်ထွက်ပေါ်ချိန်တွင်လည်း ဖြစ်လာနိုင်သည့်ဈေးနှုန်းအနေအထားအပေါ် မတ်ပဲစိုက်ပျိုးသူများအနေဖြင့် စိုးရိမ်မှုများရှိနေကြကာ ရောင်းချရန်အတွက်လည်း ဝေခွဲမရဖြစ်နေကြသည်ဟု တောင်သူအချို့က ပြောသည်။

**ခင်ဆိုင်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈-၃-၂၀၂၀

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၁၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၁၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၇၄၀/၈၁၅ | ကျပ် | ၈၀၀/၈၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၅၀/၈၂၅ | ကျပ် | ၈၁၅/၈၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၈၀/၇၄၀ | ကျပ် | ၇၆၀/၇၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၀၀/၈၆၀ | ကျပ် | ၈၉၀/၉၀၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၇၀ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၅ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၂ . ၆၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၇ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၅ . ၈ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၀ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၆၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၄၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၈ . ၂၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၇၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၂၀၀၀ | ၁၅၈၁ | ၁၈၅၃၄၀၀၀ |
| MTSH | ၃၉၅၀ | ၃၉၅၀ | ၂၇၃၈ | ၁၀၈၁၅၁၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁ | ၈၄၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၅ | ၁၁၀၀၀၀ |
| TMH | ၂၉၀၀ | ၂၈၅၀ | ၄၉ | ၁၃၉၈၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
**အကြီးတန်း သတင်းထောက်များ** - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်း သတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**ယုံမှတ်အပ်နှံခြင်းခံရသူ၏ လုပ်ပိုင်ခွင့်များ**

၂၉၅။ (က) ယုံမှတ်အပ်နှံခြင်းခံရသူသည် မြီရှင်များကော်မတီ သို့မဟုတ် တရားရုံး၏ ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်-

(၁) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ချိုးဖောက်ဆန့်ကျင်ခြင်း မရှိစေဘဲ လုပ်ငန်းကို အကျိုးရှိစွာဖြင့် စာရင်းရှင်းလင်း ဖျက်သိမ်းနိုင်စေရန်အတွက် ယုံမှတ်အပ်နှံခြင်း ခံရသူက လူမွဲ၏ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို ဆက်လက်လည်ပတ်စေရန် ဆောင်ရွက်ပိုင်ခွင့်၊

(၂) လူမွဲပိုင်ပစ္စည်းတွင် ပါဝင်သောပစ္စည်းနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်ခွင့်၊ တရားစွဲဆိုခွင့် သို့မဟုတ် ခုခံချေပခွင့်၊

(၃) ပုဒ်မ ၃၆၀ သို့မဟုတ် ၃၆၁ အရ တရားစွဲဆိုဆောင်ရွက်ခွင့်၊

(၄) လူမွဲပိုင်ပစ္စည်းတွင် ပါဝင်သော ပစ္စည်းတစ်ရပ်ကို ရောင်းချရာတွင် မြီရှင်များကော်မတီ သို့မဟုတ် တရားရုံးကသင့်သည်ထင်မြင်သည့်အတိုင်း သတ်မှတ်ထားသော စည်းကမ်းချက်များကိုမဆန့်ကျင်စေဘဲ နောင်အနာဂတ်တွင်ရရှိလာမည့် ငွေကြေးပမာဏတစ်ရပ်ကို အဖိုးစားနားအဖြစ် လက်ခံပိုင်ခွင့်၊

(၅) လူမွဲ၏ကြွေးမြီများကို ပေးဆပ်ရန်အတွက် ငွေကြေးရရှိစေရန်အလို့ငှာ လူမွဲပိုင်ပစ္စည်းတွင် ပါဝင်သော ပစ္စည်းအစိတ်အပိုင်းကို တစ်နည်းနည်းဖြင့် ပေါင်နှံခွင့်၊

(၆) အခွင့်အရေး၊ ရွေးချယ်ပိုင်ခွင့် သို့မဟုတ် အခြားလုပ်ပိုင်ခွင့်တစ်ရပ်ရပ်သည် လူမွဲပိုင်ပစ္စည်းတွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်နေသည့်ကိစ္စ၌ ယင်းအခွင့်အရေး၊ ရွေးချယ်ပိုင်ခွင့် သို့မဟုတ် အခြားလုပ်ပိုင်ခွင့်ပါရှိသည့် ပစ္စည်းတစ်ရပ်ကို မြီရှင်များ၏ အကျိုးစီးပွားအတွက် ရယူရန်အလို့ငှာ ပေးချေပိုင်ခွင့် သို့မဟုတ် တာဝန်ယူပိုင်ခွင့်၊

(၇) လူမွဲ၏ကြွေးမြီများနှင့်စပ်လျဉ်း၍ မြီရှင်များ သို့မဟုတ် မြီရှင်အဖြစ် တောင်းဆိုနေသူများနှင့် သင့်သည်ထင်မြင်သည့်အတိုင်း ညှိနှိုင်းဖြေရှင်းပိုင်ခွင့် သို့မဟုတ် အခြားနည်းဆောင်ရွက်ပိုင်ခွင့်။

( ခ ) ယုံမှတ်အပ်နှံခြင်းခံရသူသည် မြီရှင်များကော်မတီ သို့မဟုတ် တရားရုံး၏ ခွင့်ပြုချက်ရယူရန် မလိုဘဲ အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်သည် -

(၁) စီးပွားရေးလုပ်ငန်းတစ်ခု၏ ရရန်ရှိသောကြွေးမြီများနှင့် လူမွဲပိုင်ပစ္စည်းများတွင် ပါဝင်နေသော ပစ္စည်းအစိတ်အပိုင်းတစ်ရပ်ရပ်ကို ရောင်းချခွင့်၊

(၂) လူမွဲနှင့် ထိုလူမွဲသို့ပေးရန် တာဝန်ရှိသူတို့အကြား တည်ရှိသော သို့မဟုတ် တည်ရှိသည်ဟု အဆိုရှိသောကြွေးမြီ သို့မဟုတ် တောင်းဆိုချက် သို့မဟုတ် ပေးရန်တာဝန်များနှင့်စပ်လျဉ်း၍ သဘောတူသတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ ညှိနှိုင်းဖြေရှင်းပိုင်ခွင့် သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ခြင်း နည်းလမ်းဖြင့် ဖြေရှင်းရန် လွှဲအပ်နိုင်ခွင့်၊

(၃) ယုံမှတ်အပ်နှံခြင်းခံရသူအပေါ်တွင် တစ်စုံတစ်ဦးကဖြစ်စေ သို့မဟုတ် ထိုသူအပေါ် ယုံမှတ်အပ်နှံခြင်းခံရသူကဖြစ်စေ ပြုလုပ်သော သို့မဟုတ် ပြုလုပ်ခြင်းခံရနိုင်သော လူမွဲပိုင်ပစ္စည်းမှပေါ်ပေါက်သည့် သို့မဟုတ် ယင်းတို့မှ ဆက်စပ်ပေါ်ပေါက်လာသည့် တောင်းဆိုချက်တစ်ရပ်နှင့်စပ်လျဉ်း၍ သင့်လျော်မည်ဟု ယူဆသည့်အတိုင်း ညှိနှိုင်းဖြေရှင်းပိုင်ခွင့် သို့မဟုတ် အခြားနည်းဆောင်ရွက်ပိုင်ခွင့်၊

(၄) လက်ခံရရှိသော ငွေပေးချေမှုတစ်ရပ်အတွက် ထိုပေးချေသူအား ယင်းသို့ ပေးချေမှုနှင့်စပ်လျဉ်း၍ ငွေရပြေစာများကို ထုတ်ပေးပိုင်ခွင့်၊

(၅) လူမွဲပိုင်ပစ္စည်းတွင်ပါဝင်သည့် ၎င်းရရန်ရှိသော ကြွေးမြီများနှင့်စပ်လျဉ်း၍ သက်သေထင်ရှားပြသခြင်း သို့မဟုတ် ဦးစားပေးအဆင့် သတ်မှတ်ခြင်း သို့မဟုတ် တောင်းခံခြင်းနှင့် အမြတ်ငွေများကို ထုတ်ယူစေခြင်းပြုပိုင်ခွင့်။

( ဂ ) ယုံမှတ်အပ်နှံခြင်းခံရသူသည် မြီရှင်များကော်မတီ သို့မဟုတ် တရားရုံး၏ ခွင့်ပြုချက်ဖြင့် လူမွဲအား အောက်ပါတာဝန်များကို ထမ်းဆောင်ရန်ခန့်အပ်နိုင်သည်-

(၁) လူမွဲအား ၎င်းပိုင်ဆိုင်သောပစ္စည်း သို့မဟုတ် ယင်း၏အစိတ်အပိုင်းကို စီမံခန့်ခွဲရာတွင် ကြီးကြပ်ဆောင်ရွက်စေခြင်း၊

(၂) လူမွဲအား ၎င်းပိုင်စီးပွားရေးလုပ်ငန်းများကို မြီရှင်များ၏ အကျိုးစီးပွားအတွက် ဆက်လက်လုပ်ကိုင်စေခြင်း၊

(၃) ယုံမှတ်အပ်နှံခြင်းခံရသူကသတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ လူမွဲပိုင်ပစ္စည်းများကို စီမံခန့်ခွဲရာတွင် အထောက်အကူဖြစ်စေသည့် အခြားတာဝန်များကို ပေးအပ်ခြင်း။

(ဃ) ပုဒ်မခွဲ (က) သို့မဟုတ် (ဂ) အရပေးသည့် ခွင့်ပြုချက်သည် ကိစ္စရပ်များအားလုံးအတွက် မဟုတ်ဘဲ သီးခြားကိစ္စရပ်တစ်ခုတွင် ကျင့်သုံးဆောင်ရွက်ရန်အတွက်သာဖြစ်ရမည်။ သို့ရာတွင် ထိုယုံမှတ်အပ်နှံခြင်းခံရသူနှင့် လုပ်ငန်းများကို သဘောရိုးဖြင့် တန်ရာတန်ဖိုးပေး၍ ဆက်သွယ်လုပ်ကိုင်ခဲ့သူအနေဖြင့် ထိုယုံမှတ်အပ်နှံခြင်းခံရသူတွင် လုပ်ပိုင်ခွင့်ရှိ မရှိ နှင့် ခွင့်ပြုချက်ရရှိပြီးဖြစ်မဖြစ် မေးမြန်းစုံစမ်းရန် မလိုအပ်စေရ။

( င ) ပုဒ်မခွဲ (က) သို့မဟုတ် (ဂ) အရ လိုအပ်သော ခွင့်ပြုချက်ကို တောင်းခံခြင်းမပြုဘဲ ဆောင်ရွက်ခဲ့ရာတွင် ထိုသို့ဆောင်ရွက်ခဲ့သည့်ကိစ္စရပ်များကို အတည်ပြုပေးရန်နှင့် ကုန်ကျစရိတ်များကို လူမွဲပိုင် ပစ္စည်းများအနက်မှ ပေးချေခွင့်ပြုရန် တရားရုံး သို့မဟုတ် မြီရှင်များကော်မတီသို့ တင်ပြနိုင်သည်။ ထိုသို့တင်ပြရာတွင် ၎င်းက အရေးပေါ်အနေအထားအရ လုပ်ဆောင်ခဲ့ရခြင်းဖြစ်ကြောင်းနှင့် နှောင့်နှေးကြန့်ကြာမှုများမရှိဘဲ တင်ပြခဲ့ကြောင်း ပေါ်ပေါက်ခြင်းမရှိလျှင် ထိုတင်ပြချက်ကို အတည်မပြုရ။

( စ ) တရားဝင်ပစ္စည်းထိန်းမဟုတ်သော ယုံမှတ်အပ်နှံခြင်းခံရသူသည် ဤအပိုင်းပါလုပ်ပိုင်ခွင့် အာဏာများကိုကျင့်သုံး၍ လူမွဲနှင့်တွဲဖက်လုပ်ကိုင်သူတစ်ဦးထံသို့ လူမွဲပိုင်ပစ္စည်းတွင် ပါဝင်သော ပစ္စည်းတစ်ရပ်ရပ်ကို လွှဲပြောင်းပေးအပ်ခဲ့ပါက မြီရှင်များကော်မတီ (ရှိလျှင်) ထံသို့ ယင်းသို့ ဆောင်ရွက်ခဲ့ကြောင်း အကြောင်းကြားစာကို ပေးပို့ရမည်။

(ဆ) ယုံမှတ်အပ်နှံခြင်းခံရသူသည် သင့်တော်သည်ဟု ထင်မြင်ယူဆလျှင် မည်သည့်အချိန် တွင်မဆို မြီရှင်များအထွေထွေအစည်းအဝေးတစ်ရပ် ကျင်းပရန်ဆင့်ခေါ်နိုင်သည်။

( ဇ ) တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော မြီရှင်များက တင်ပြတောင်းဆိုသည့်အပြင် ထိုသို့ တင်ပြရာတွင် ကြွေးမြီတန်ဖိုးစုစုပေါင်း၏ ဆယ်ပုံတစ်ပုံထက်မနည်းသော မြီရှင်များ၏ သဘောတူညီချက်ဖြင့် တင်ပြတောင်းဆိုခြင်းဖြစ်ပါက ယုံမှတ်အပ်နှံခြင်းခံရသူသည် မြီရှင်များ အထွေထွေအစည်းအဝေး တစ်ရပ်ကို ကျင်းပရန်ဆင့်ခေါ်ရမည်။

( ဈ ) ယုံမှတ်အပ်နှံခြင်းခံရသူက ၎င်းတွင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာများအား နိုင်ငံတော်ပြင်ပတွင် ကျင့်သုံးဆောင်ရွက်ခြင်းကို ဤဥပဒေတွင်ပါရှိသည့် မည်သည့် ပြဋ္ဌာန်းချက်ကမျှ ကန့်သတ်ခြင်းမရှိစေရ။

**ဝန်ထုပ်ဝန်ပိုးဖြစ်သည့်ပစ္စည်းကို ငြင်းပယ်ခြင်း**

**ဝန်ထုပ်ဝန်ပိုးဖြစ်သည့်ပစ္စည်းကို တာဝန်မယူကြောင်း ထုတ်ဖော်ကြေညာချက်**

၂၉၆။ (က) ယုံမှတ်အပ်နှံခြင်းခံရသူသည် ဝန်ထုပ်ဝန်ပိုးဖြစ်သည့် ပစ္စည်းကို လက်ရောက်ရယူထားခဲ့သော်လည်း သို့မဟုတ် ရောင်းချရန် ကြိုးစားခဲ့သော်လည်း သို့မဟုတ် ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ ပိုင်ရှင်၏အခွင့်အရေးများကို အခြားနည်းဖြင့် အသုံးပြုခဲ့ပြီးဖြစ်သော်လည်း ဤပုဒ်မအရ ဝန်ထုပ်ဝန်ပိုးဖြစ်သည့် ပစ္စည်းတစ်ခုခုကို တာဝန်မယူကြောင်း နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် ပုံစံနှင့်အညီ အကြောင်းကြားစာပေးပို့ ငြင်းဆိုနိုင်သည်။

( ခ ) ဤပုဒ်မအလို့ငှာ အောက်ပါတို့သည် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ပစ္စည်းဖြစ်သည်-

(၁) အကျိုးအမြတ်မရှိသော ပဋိညာဉ်စာချုပ်၊

(၂) မရောင်းချနိုင်သော သို့မဟုတ် အလွယ်တကူ ရောင်းချခြင်း မပြုနိုင်သော လူမွဲပိုင်ပစ္စည်းများ သို့မဟုတ် ငွေကြေးပေးရန် တာဝန်တင်ရှိစေနိုင်သည့် သို့မဟုတ် အခြားဝန်ထုပ်ဝန်ပိုး ဖြစ်စေနိုင်သည့်ပစ္စည်း။

( ဂ ) ဤပုဒ်မအရ တာဝန်မယူကြောင်း ထုတ်ဖော်ကြေညာခြင်းသည်-

(၁) တာဝန်မယူကြောင်း ထုတ်ဖော်ကြေညာသည့်နေ့မှစ၍ လူမွဲတွင်ရှိမည့်အခွင့်အရေးများ၊ အကျိုးစီးပွားများနှင့် တာဝန်ရှိမှုများသည် ယင်းသို့ ထုတ်ဖော်ကြေညာသည့်ပစ္စည်း သို့မဟုတ် ပစ္စည်းနှင့်ဆက်နွှယ်၍ စတင်အကျိုးသက်ရောက်စေရမည်၊

(၂) ထို့ပြင် ယုံမှတ်အပ်နှံမှုစတင်သည့်အချိန်မှစ၍ လူမွဲပိုင်ပစ္စည်းများအပေါ် ယုံမှတ်အပ်နှံခြင်းခံရသူသည် ပုဂ္ဂိုလ်ရေးအရတာဝန်ရှိမှုအားလုံးမှ ကင်းလွတ်စေရမည်။

သို့ရာတွင် လူမွဲ၊ ၎င်း၏ပစ္စည်းများနှင့် ယုံမှတ်အပ်နှံခြင်းခံရသူတို့အား တာဝန်ရှိမှုမှ စွန့်လွှတ်ရန် ရည်ရွယ်ချက်အလို့ငှာ လိုအပ်သည့်အခါမှတစ်ပါး အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးများ သို့မဟုတ် တာဝန်ရှိမှုများကို မထိခိုက်စေရ။

(ဃ) ပုဒ်မ ၂၈၆ သို့မဟုတ် ပုဒ်မ ၂၈၇ အရ တောင်းခံခဲ့သည့် ပစ္စည်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဤပုဒ်မအရ တာဝန်မယူကြောင်း အကြောင်းကြားစာကို တရားရုံး၏ ခွင့်ပြုချက်ဖြင့်မှအပ ထုတ်ဆင့်ခြင်းမပြုရ။

( င ) ဤပုဒ်မအရ တာဝန်မယူကြောင်း ကြေညာချက်ထုတ်ပြန်ခြင်းကြောင့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုရှိသူမည်သူ့ကိုမဆို ၎င်းဆုံးရှုံးခဲ့မှု သို့မဟုတ် နစ်နာမှု၏ အတိုင်းအတာတစ်ခုအထိ ၎င်းအား လူမွဲ၏မြီရှင်အဖြစ် မှတ်ယူရမည်ဖြစ်ပြီး ထိုသူ၏ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် လူမွဲမှုခင်းတွင် ကြွေးမြီအဖြစ် သက်သေခံအထောက်အထားအဖြစ် တင်ပြနိုင်သည်။

**ယုံမှတ်အပ်နှံခြင်းခံရသူ၏ ဆုံးဖြတ်ချက်ကို အကြောင်းကြားခြင်း**

၂၉၇။ (က) အောက်ပါအခြေအနေများတွင် ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၉၆ အရ တာဝန်မယူကြောင်း အကြောင်းကြားစာအား ထုတ်ဆင့်ပေးပို့ခြင်းမပြုရ-

(၁) ပစ္စည်းတွင် အကျိုးသက်ဆိုင်သူသည် ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် ၎င်းမတိုင်မီ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်ခဲ့သူများထံသို့ စာဖြင့်ရေးသား၍ တာဝန်မယူကြောင်း ကြေညာချက် ပြု မပြု ဆုံးဖြတ်ပေးရန် လျှောက်ထားခဲ့ခြင်း၊

(၂) ထို့ပြင် ထိုသို့လျှောက်ထားမှုကို ပြုလုပ်သည့်နေ့မှ ၂၈ ရက် ကာလကျော်လွန်သည့်တိုင် ပုဒ်မ ၂၉၆ အရ ပစ္စည်းတစ်ရပ်နှင့်စပ်လျဉ်း၍ တာဝန်မယူကြောင်း ကြေညာချက်အား ထုတ်ဆင့်မှုမပြုခဲ့ခြင်း။

( ခ ) ယုံမှတ်အပ်နှံခြင်းခံရသူသည် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်ကို ငြင်းဆိုပိုင်ခွင့် မရှိပါက ဤပုဒ်မအရ ယင်းစာချုပ်ကို လက်ခံချုပ်ဆိုပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**ငှားရမ်းသည့်ပစ္စည်းအပေါ် တာဝန်မယူကြောင်း ငြင်းဆိုခြင်း**

၂၉၈။ (က) ငှားရမ်းထားသည့် ပစ္စည်းတစ်ခုခုအပေါ် တာဝန်မယူကြောင်း ငြင်းဆိုခြင်းသည် လူမွဲထံမှ ထပ်ဆင့်အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအသီးသီးထံသို့ တာဝန်မယူကြောင်း ငြင်းဆိုချက်မိတ္တူကို ပေးပို့ထားခြင်းမရှိပါက အကျိုးသက်ရောက်မှုမရှိစေရ။

( ခ ) ထို့အပြင် ဤပုဒ်မခွဲအရ နောက်ဆုံးအကြောင်းကြားစာ ပေးအပ်သည့်နေ့မှ ၁၄ ရက် အတွင်း ထိုပစ္စည်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၃၀၀ အရ တင်ပြလျှောက်ထားမှု မရှိပါက အကျိုးသက်ရောက်မှုမရှိစေရ။ သို့ရာတွင် ယင်းကဲ့သို့လျှောက်လွှာကို ပြုလုပ်ပြီးသော်လည်း တာဝန်မယူကြောင်း ငြင်းဆိုခြင်းသည် အကျိုးသက်ရောက်ရမည်ဟု တရားရုံးက ညွှန်ကြားနိုင်သည်။

( ဂ ) တရားရုံးက ပုဒ်မခွဲ (ခ) အရ ညွှန်ကြားသည့်အခါ ပုဒ်မ ၃၀၀ အရ ချမှတ်ပေးသည့် အမိန့်အစား သို့မဟုတ် ယင်းအမိန့်တွင် ထည့်သွင်းလျက် အငှားချထားခြင်းနှင့်စပ်လျဉ်းသည့် အမြဲစွဲကပ်ထားသည့် ပစ္စည်းများ၊ အိမ်ငှား၏ တိုးတက်အောင်ဆောင်ရွက်မှုနှင့် အငှားချထားမှုမှ ပေါ်ပေါက်လာသည့် အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း အမိန့်ချမှတ်နိုင်သည်။

**နေထိုင်သည့်အိမ်ဥပစာနှင့်စပ်လျဉ်း၍ တာဝန်မယူကြောင်း ငြင်းဆိုခြင်း**

၂၉၉။ (က) ပုဒ်မ ၃၀၀ ပါ ပြဋ္ဌာန်းချက်များကို ထိခိုက်စေခြင်းမရှိဘဲ နေထိုင်သည့်အိမ်ဥပစာအပေါ် တာဝန်မယူကြောင်း ငြင်းဆိုချက်သည် ထိုအိမ်ဥပစာကို လက်ဝယ်ထားရှိသူများ သို့မဟုတ် ထိုအိမ်ဥပစာကို လက်ဝယ်ထားရှိရန် အခွင့်အရေးတောင်းဆိုသောသူများအပေါ် ချအပ်ခဲ့ခြင်းမရှိလျှင် ထိုအကြောင်းကြားစာသည် အကျိုးသက်ရောက်မှုမရှိစေရ။

( ခ ) ထို့ပြင် ဤပုဒ်မခွဲအရ နောက်ဆုံးအကြောင်းကြားစာ ပေးအပ်သည့်နေ့မှ ၁၄ ရက် အတွင်း ထိုပစ္စည်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၃၀၀ အရ တင်ပြလျှောက်ထားမှုမရှိပါက အကျိုးသက်ရောက်မှု မရှိစေရ။ သို့ရာတွင် ယင်းကဲ့သို့ လျှောက်လွှာကို ပြုလုပ်ပြီးသော်လည်း တာဝန်မယူကြောင်း ငြင်းဆိုခြင်းသည် အကျိုးသက်ရောက်ရမည်ဟု တရားရုံးက ညွှန်ကြားနိုင်သည်။

**တာဝန်မယူကြောင်း ငြင်းဆိုခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏ အခွင့်အာဏာများ**

၃၀၀။ (က) ယုံမှတ်အပ်နှံခြင်းခံရသူက ပုဒ်မ ၂၉၆ အရ ပစ္စည်းကို တာဝန်မယူကြောင်း ငြင်းဆိုသည်နှင့် တစ်ပြိုင်နက် ဤပုဒ်မနှင့်ပုဒ်မ ၃၀၁ ပါပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

( ခ ) ဤပုဒ်မအရ တရားရုံးသို့ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးက လျှောက်ထားနိုင်သည်-

(၁) တာဝန်မယူကြောင်း ငြင်းဆိုထားသည့်ပစ္စည်းတွင် အကျိုးသက်ဆိုင်မှုရှိသည်ဟု တောင်းဆိုသူ၊

(၂) တာဝန်မယူကြောင်းငြင်းဆိုထားသည့် ပစ္စည်းနှင့်စပ်လျဉ်း၍ ငြင်းဆိုချက်အရ ကင်းလွတ်ခွင့်ရသည့် တာဝန်မျိုးမဟုတ်သော တာဝန်တစ်ရပ်ရပ်တင်ရှိနေသူ၊

(၃) တာဝန်မယူကြောင်းငြင်းဆိုသည့်ပစ္စည်းသည် နေအိမ်ဥပစာတစ်ရပ်ဖြစ်သည့်အခါ လူမွဲခံယူခြင်းဆိုင်ရာလျှောက်လွှာ တင်သွင်းထားချိန်၌ ထိုနေအိမ်ဥပစာကို လက်ဝယ်ထားရှိသူ သို့မဟုတ် လက်ဝယ်ထားရှိခွင့်တောင်းဆိုရန် အခွင့်အရေးရှိသူ။

( ဂ ) တာဝန်မယူကြောင်း ငြင်းဆိုသည့်ပစ္စည်းကို အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးထံ အပ်နှင်းရန် သို့မဟုတ် လွှဲပြောင်းပေးအပ်ရန်အတွက် ဤပုဒ်မအရလျှောက်ထားသည့်အခါ တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များသတ်မှတ်၍ အမိန့်ချမှတ်နိုင်သည်-

(၁) ယင်းပစ္စည်းကို ပိုင်ဆိုင်ခွင့်ရှိသူ သို့မဟုတ် ထိုသူ၏ ယုံမှတ်အပ်နှံခြင်းခံရသူ၊

(၂) ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြထားသည့်တာဝန်ရှိမှုကို လိုက်နာရသူ သို့မဟုတ် ထိုသူ၏ ယုံမှတ်အပ်နှံခြင်းခံရသူ၊

(၃) တာဝန်မယူကြောင်း ငြင်းဆိုသည့်ပစ္စည်းသည် နေအိမ်ဥပစာတစ်ရပ်ဖြစ်သည့်အခါ လူမွဲခံယူခြင်းဆိုင်ရာ လျှောက်လွှာတင်သွင်းထားချိန်၌ ထိုနေအိမ်ဥပစာကို လက်ဝယ်ထားရှိသူ သို့မဟုတ် လက်ဝယ်ထားရှိခွင့်တောင်းဆိုရန် အခွင့်အရေးရှိသူ။

*စာမျက်နှာ ၁၉ သို့*

*စာမျက်နှာ ၁၈ မှ*

(ဃ) တာဝန်မယူကြောင်း ငြင်းဆိုချက်နှင့်စပ်လျဉ်းပြီး လိုက်နာရသူတစ်ဦးကို လျော်ကြေးပေးရန်ရည်ရွယ်၍ ပြုလုပ်ပါကတရားမျှတမည်ဟု ထင်မြင်သည်မှတစ်ပါး တရားရုံးသည် ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ်(၂) အရ အမိန့်ချမှတ်ခြင်းမပြုရ။

(င) တာဝန်မယူကြောင်းငြင်းဆိုမှုကြောင့် တစ်ဦးတစ်ယောက်ခံစားရသည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှု၏အတိုင်းအတာကို ပုဒ်မ ၂၉၆ ပုဒ်မခွဲ (င) အရ ဆန်းစစ်ရာတွင် ဤပုဒ်မအရ ချမှတ်သည့်အမိန့်တစ်ရပ်၏ အကျိုးသက်ရောက်မှုကိုလည်း ထည့်သွင်းစဉ်းစားရမည်။

(စ) ဤပုဒ်မအရ ပုဂ္ဂိုလ်တစ်ဦးဦးထံ ပစ္စည်းအပ်နှင်းသည့် အမိန့်ချမှတ်ပါက ပစ္စည်းသည် တရားဝင်လွှဲပြောင်းရောက်ရှိသွားပြီးဖြစ်သည်ဟုမှတ်ယူရမည်ဖြစ်ပြီး ဥပဒေနှင့်အညီ ပေးကမ်းခြင်း၊ တာဝန်ပေးခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်ရန် မလိုအပ်စေရ။

**ငှားရမ်းထားသည့်ပစ္စည်းကို တာဝန်မယူကြောင်း ငြင်းဆိုခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏ အခွင့်အာဏာများ**

၃၀၁။ (က) အောက်ပါသတ်မှတ်ချက်များ ပြုလုပ်သည်မှတစ်ပါး တရားရုံးသည် တစ်ဦးတစ်ယောက်ကို အငှားချထားသည့်ပစ္စည်းအား အပ်နှံစေရန် ပုဒ်မ ၃၀၀ အရ အမိန့်ချမှတ်ခြင်းမပြုရ –

(၁) လူမွဲခံယူခြင်းဆိုင်ရာ လျှောက်လွှာတင်သွင်းသည့်နေ့၌ ငှားရမ်းမှုနှင့်စပ်လျဉ်း၍ လူမွဲက လိုက်နာရသည့် တာဝန်ရှိမှုများနှင့် တာဝန်ယူမှုများအတိုင်း ထိုသူအား လိုက်နာဆောင်ရွက်စေသည့် စည်းကမ်းသတ်မှတ်ချက်များ သို့မဟုတ်

(၂) တရားရုံးက သင့်သည်ထင်မြင်ပါက လူမွဲခံယူခြင်းဆိုင်ရာ လျှောက်လွှာ တင်သွင်းခဲ့သည့်နေ့၌ ငှားရမ်းမှုနှင့်စပ်လျဉ်း၍ ထိုသူအားလွှဲပြောင်းပေးအပ်ခဲ့မည်ဆိုလျှင် ထိုသူက လိုက်နာခဲ့ရမည်ဖြစ်သော တာဝန်ရှိမှုများနှင့် တာဝန်ယူမှုများအတိုင်း လိုက်နာဆောင်ရွက်စေသည့် စည်းကမ်းသတ်မှတ်ချက်များ။

(ခ) အငှားစာချုပ်တွင်ပါဝင်သည့် ပစ္စည်းတစ်ခုခု၏ တစ်စိတ်တစ်ဒေသအပေါ်တွင် ပုဒ်မ ၃၀၀ အရ ချမှတ်သောအမိန့်ပါ ပြဋ္ဌာန်းချက်များအလို့ငှာ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များသည် အငှားစာချုပ်တွင် အမိန့်နှင့်စပ်လျဉ်းသည့်ပစ္စည်းကိုသာ ပါဝင်သကဲ့သို့ အကျိုးသက်ရောက်သည်။

(ဂ) ပုဒ်မခွဲ (က) နှင့်သက်ဆိုင်ပြီး တစ်ဦးတစ်ယောက်သည် ထိုပုဒ်မခွဲအရ လိုအပ်သည့် သတ်မှတ်ချက်များနှင့်အညီချမှတ်သော ပုဒ်မ ၃၀၀ အရ အမိန့်ကိုလက်ခံရန်ဆန္ဒမရှိသည့်အခါ တရားရုံးသည် ထိုပုဒ်မအရ ချမှတ်သည့်အမိန့်ဖြင့် လူမွဲပိုင်ပစ္စည်း သို့မဟုတ် ပစ္စည်းအပေါ်တွင် လူမွဲ၏အကျိုးသက်ဆိုင်ခွင့်အား အငှားစာချုပ်ရှိ ငှားရမ်းသူ၏ သဘောတူညီချက်ကို ဆောင်ရွက်ရန် တာဝန်ရှိသူတစ်ဦးဦးကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်အနေဖြင့်ဖြစ်စေ ဆောင်ရွက်စေနိုင်ပြီး ယင်းသို့ဆောင်ရွက်ရာတွင် တစ်ဦးတည်းဖြစ်စေ၊ လူမွဲနှင့်ပူးတွဲ၍ဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။

(ဃ) လူမွဲကြောင့်ဖြစ်ပေါ်လာသည့်ပစ္စည်းများ၊ အခွင့်အရေးများ၊ တာဝန်များနှင့် အကျိုးခံစားခွင့်များ အားလုံးမှကင်းလွတ်စေလျက် အဆိုပါပစ္စည်းနှင့် ယင်းအပေါ် အကျိုးခံစားခွင့်ကို တရားရုံးသည် ထိုသူထံသို့ အပ်နှင်းနိုင်သည်။

(င) ပုဒ်မခွဲ (က) နှင့်သက်ဆိုင်ပြီး တစ်ဦးတစ်ယောက်သည် ပုဒ်မ ၃၀၀ အရ ချမှတ်သည့်အမိန့်ကို လက်ခံရန်ငြင်းဆိုသည့်အခါ ထိုသူအား ပစ္စည်းတွင်ရှိသည့် အကျိုးခံစားခွင့် အားလုံးမှ ဖယ်ထုတ်စေရမည်။

**လူမွဲပိုင်ပစ္စည်းများကို ခွဲဝေပေးရန် တောင်းဆိုခြင်းနှင့် ခွဲဝေပေးခြင်း ကြွေးမြီများကို သက်သေပြခြင်း**

၃၀၂။ (က) လူမွဲပိုင်ပစ္စည်းအပေါ်တွင် အာမခံအကျိုးခံစားခွင့်ရမြီရှင် သို့မဟုတ် အာမခံအကျိုးခံစားခွင့် မရရှိသောမြီရှင်တစ်ဦးက ရရန်ရှိသော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုနှင့်စပ်လျဉ်း၍ သက်သေခံချက်ကို နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများ နှင့်အညီ တင်ပြခြင်းနှင့် ဆုံးဖြတ်ခြင်း ပြုရမည်။

(ခ) လူမွဲဖြစ်မှုစတင်ပြီးနောက် အချိန်ကာလတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပေးရမည့်အတိုး ဖြစ်သည်မှတစ်ပါး ရရန်ရှိသော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုတွင် အတိုးပါရှိလျှင် ထိုအတိုးကို ယင်းကြွေးမြီ သို့မဟုတ် တောင်းဆိုမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် သက်သေထင်ရှားပြသနိုင်သည်။

(ဂ) ယုံမှတ်အပ်နှံခြင်းခံရသူသည် ထိုပစ္စည်းမှာ အရေးပေါ်ကိစ္စတစ်ရပ် သို့မဟုတ် အရေးပေါ်ကိစ္စများအပေါ်တွင် တည်မှီနေသည့်အတွက်ကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ တန်ဖိုးသတ်မှတ်ချက်မပြုနိုင်သော ပစ္စည်းဖြစ်ပါက ယင်းပစ္စည်းအပေါ်တွင် ရရန်ရှိသော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုတစ်ရပ်၏တန်ဖိုးကို ခန့်မှန်းသတ်မှတ်ရမည်။

(ဃ) ပစ္စည်းပေါ်တွင်ရရန်ရှိသော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှု၏တန်ဖိုးကို ပုဒ်မခွဲ (ဂ) အရ ယုံမှတ်အပ်နှံခြင်းခံရသူက ခန့်မှန်းသတ်မှတ်ရာတွင်ဖြစ်စေ၊ တရားရုံးက ပုဒ်မ ၂၈၂ အရ သတ်မှတ်ရာတွင်ဖြစ်စေ ထိုကြွေးမြီ သို့မဟုတ် တောင်းဆိုမှုနှင့်စပ်လျဉ်း၍ လူမွဲမှုခင်းတွင် သက်သေပြနိုင်သော ကြွေးမြီပမာဏသည် ခန့်မှန်းသတ်မှတ်သည့် ကြွေးမြီပမာဏဖြစ်ရမည်။

**အပြန်အလှန်တင်ရှိသောကြွေးမြီနှင့် ခုနှိမ်ခြင်း**

၃၀၃။ (က) လူမွဲဖြစ်မှု စတင်ခြင်းမပြုမီ လူမွဲပိုင်ပစ္စည်းတစ်ရပ်အပေါ်တွင် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုတစ်ရပ်ရရန်ရှိကြောင်း သက်သေထင်ရှားတင်ပြသော သို့မဟုတ် သက်သေထင်ရှားတင်ပြရန် တောင်းဆိုသော မြီရှင်နှင့် လူမွဲတို့အကြား အပြန်အလှန်တင်ရှိသည့် ကြွေးမြီများ သို့မဟုတ် အခြားဆက်သွယ်ဆောင်ရွက်မှုများရှိခဲ့လျှင် ဤပုဒ်မသည် သက်ဆိုင်စေရမည်။

(ခ) အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုများတွင် တစ်ဦးမှ အခြားသူတစ်ဦးသို့ ပေးရန်ရှိသော အရာများနှင့်စပ်လျဉ်း၍ ငွေစာရင်းရှင်းတမ်းတစ်ရပ်ထားရှိဆောင်ရွက်ရမည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ရရန်ရှိသော ငွေပမာဏကို ခုနှိမ်ပေးချေရမည်။

(ဂ) ထိုငွေများကို ပေးဆပ်ရန် ကျရောက်သည့်အချိန်တွင် အခြားသူတစ်ဦးက လူမွဲနှင့်စပ်လျဉ်း၍ လူမွဲမှုခင်းတစ်ရပ် ဆောင်ရွက်ဆဲဖြစ်နေကြောင်းသိရှိခဲ့လျှင် လူမွဲက အခြားသူတစ်ဦးသို့ ပေးရန်ရှိသော ငွေပမာဏကို ပုဒ်မခွဲ (ခ) အရ ထားရှိသော ငွေစာရင်းရှင်းတမ်းတွင် ထည့်သွင်းခြင်းမရှိစေရ။

(ဃ) ပုဒ်မခွဲ (ခ) အရထားရှိသော ငွေစာရင်းရှင်းတမ်းကိုသာ လူမွဲပိုင်ပစ္စည်းအပေါ် ရရန်ရှိသော ကြွေးမြီ သို့မဟုတ် တောင်းဆိုခွင့်တစ်ရပ်အဖြစ် သက်သေပြခြင်းပြုနိုင်သည် သို့မဟုတ် ထိုလူမွဲပိုင်ပစ္စည်း၏အစိတ်အပိုင်းအဖြစ် ယုံမှတ်အပ်နှံခြင်းခံရသူသို့ ပေးရမည်။

**ဝေစုသတ်မှတ်ခွဲဝေပေးခြင်း**

၃၀၄။ (က) ယုံမှတ်အပ်နှံခြင်းခံရသူသည် ၎င်း၏လက်ဝယ်တွင် လုံလောက်သော ငွေကြေးရှိသည့်အခါ သက်ဆိုင်ရာမြီရှင်များက သက်သေထင်ရှားပြသ၍ တောင်းဆိုခဲ့သော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုနှင့်စပ်လျဉ်းပြီး မြီရှင်များအကြား ဝေစုကို သတ်မှတ်ကြေညာ၍ ခွဲဝေပေးရမည်။

(ခ) ယုံမှတ်အပ်နှံခြင်းခံရသူသည် ပုဒ်မခွဲ (က) အရ လုံလောက်သော ငွေကြေးရှိမရှိ ခန့်မှန်းရာတွင် လူမွဲမှုခင်းနှင့်စပ်လျဉ်း၍ ကျခံရမည့်ကုန်ကျစရိတ်အတွက် ထိန်းသိမ်းရမည့် ငွေပမာဏကို ဦးစွာသတ်မှတ်ထားရှိရမည်။

(ဂ) ယုံမှတ်အပ်နှံခြင်းခံရသူသည် ဝေစုကို သတ်မှတ်ကြေညာလိုပါက ထိုသို့ လုပ်ဆောင်မည်ဖြစ်ကြောင်း အကြောင်းကြားစာ ပေးပို့ရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အကြောင်းကြားစာပေးပို့ရာတွင် ဝေစုကို မည်သို့မည်ပုံခွဲဝေပေးရန် အဆိုပြုကြောင်း ဖော်ပြရမည့်အပြင် လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် အချက်အလက်များကိုလည်း ဖော်ပြပါရှိရမည်။

(င) ဝေစုကို တွက်ချက်ခြင်းနှင့် ခွဲဝေခြင်းပြုလုပ်ရာတွင် ယုံမှတ်အပ်နှံခြင်းခံရသူသည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်နည်းလမ်းများကို ကြိုတင်သတ်မှတ်ထားရမည်–

(၁) နေထိုင်သည့်နေရာ ဝေးလံခြင်းကြောင့် သက်သေထင်ရှားပြသရန် အချိန်မလုံလောက်သော မရနိုင်သောသူများသို့ ပေးဆပ်ရန်ရှိသော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှု၊

(၂) အတည်ပြုဆုံးဖြတ်ခြင်းမပြုရသေးသော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှု၊

(၃) အငြင်းပွားနေသော သက်သေခံချက်များနှင့် တောင်းဆိုမှုများ။

**ကြွေးမြီအပြေအကျေရရှိခြင်းမရှိသည့် မြီရှင်များ၏ တောင်းဆိုမှုများ**

၃၀၅။ (က) ဝေစုအား သတ်မှတ်ကြေညာချက်ကို မပြုလုပ်ရသေးမီ မိမိ၏ ကြွေးမြီ သို့မဟုတ် တောင်းခံမှုကို သက်သေထင်ရှားပြသခြင်း မပြုရသေးသော မြီရှင်တစ်ဦးသည် ထိုသို့သော ခွဲဝေမှုများတွင် ၎င်းမှ ပါဝင်သက်ဆိုင်ခြင်းမရှိသည့် အကြောင်းကြောင့် ထိုဝေစု သို့မဟုတ် ၎င်း၏ကြွေးမြီကို သက်သေထင်ရှားပြသခြင်း မပြုရသေးမီ ကြေညာခဲ့သည့် အခြားသောဝေစုတစ်ရပ်ရပ်ကို ခွဲဝေပေးရန် ဆောင်ရွက်ရာတွင် ဝင်ရောက်နှောင့်ယှက်ခြင်းမရှိစေရ–

(၁) သို့ရာတွင် မြီရှင်တစ်ဦးက ကြွေးမြီရရန်ရှိကြောင်း သက်သေထင်ရှားပြသသည့်အခါ ၎င်းမှ ရရှိခဲ့ခြင်းမရှိသော ဝေစု သို့မဟုတ် ဝေစုများ သို့မဟုတ် နောက်ထပ်ဝေစုအတွက် လက်ရှိအနေအထားတွင် ရနိုင်သော ငွေကြေးများအနက်မှ ရထိုက်ခွင့် ရှိစေရမည်၊

(၂) ထို့အပြင် ပုဒ်မခွဲငယ် (၁) အရ ပေးရမည်ဖြစ်သော ဝေစု သို့မဟုတ် ဝေစုများကို နောက်ထပ်ဝေစုများ ခွဲဝေပေးခြင်း မပြုမီ ဦးစားပေး၍ ပေးချေရမည်။

(ခ) ဝေစုတစ်ရပ်အတွက် ယုံမှတ်အပ်နှံခြင်းခံရသူအပေါ် မည်သို့မျှ အရေးယူဆောင်ရွက်ခြင်း မပြုရ။ သို့ရာတွင် ယုံမှတ်အပ်နှံခြင်းခံရသူက ဝေစုခွဲဝေပေးရန် ငြင်းဆိုလျှင် တရားရုံးသည် သင့်တော်သည်ဟုထင်မြင်ယူဆပါက ထိုဝေစုကို ပေးချေရန် အမိန့်ချမှတ်နိုင်သည့်အပြင် အောက်ပါငွေကြေးများကို ယုံမှတ်အပ်နှံခြင်းခံရသူ၏ ကိုယ်ပိုင်ငွေကြေးများမှ ပေးလျော်စေရန် အမိန့်ချမှတ်နိုင်သည်–

(၁) ထိုအမြတ်ဝေစုကို ပေးချေခြင်းမပြုဘဲ ဖယ်ချန်ထားသည့် အချိန်မှစတင်၍ ထိုဝေစုအတွက် သတ်မှတ်သည့် အတိုးငွေ၊

(၂) ထိုဝေစုကို ရရှိစေရန် တရားစွဲဆိုရာတွင် ကုန်ကျသည့် တရားစရိတ်။

**ပစ္စည်းကို အမျိုးအစားအလိုက်ခွဲဝေပေးခြင်း**

၃၀၆။ (က) ပစ္စည်းတစ်ရပ်သည် ထူးခြားသော အခြေအနေများကြောင့် လွယ်လင့်တကူ သို့မဟုတ် အကျိုးအမြတ်ရှိစွာ ထုခွဲရောင်းချနိုင်ခြင်းမရှိပါက ယုံမှတ်အပ်နှံခြင်းခံရသူသည် ပုဒ်မ ၃၀၂ မှ ပုဒ်မ ၃၀၅ အထိပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ တရားရုံး သို့မဟုတ် မြီရှင်များကော်မတီ၏ ခွင့်ပြုချက်ဖြင့် ခန့်မှန်းတွက်ချက်ထားသည့် တန်ဖိုးအရ ယင်းပစ္စည်းကို မြီရှင်များအကြားတွင် လက်ရှိပုံစံအတိုင်း ခွဲဝေပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ပေးအပ်သော ခွင့်ပြုချက်တစ်ရပ်သည် ယေဘုယျဆန်သော ခွင့်ပြုချက် မဖြစ်စေရ။ အငြင်းပွားနေသော ယင်းလုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်မှုအတွက်သာ သက်ဆိုင်စေရမည့်အပြင် ယုံမှတ်အပ်နှံခြင်းခံရသူထံမှ သဘောရိုးဖြင့် တန်ရာတန်ကြေးပေးကာ ဆက်သွယ်ဆောင်ရွက်ခဲ့သူအနေဖြင့် ပုဒ်မခွဲ(က)အရ ခွင့်ပြုချက်ပေးခဲ့ခြင်း ရှိ မရှိ စုံစမ်းမေးမြန်းရန် မလိုအပ်စေရ။

(ဂ) ပုဒ်မခွဲ (က) ခွင့်ပြုချက်ကို တောင်းခံခြင်းမပြုဘဲ ဆောင်ရွက်ခဲ့ရာတွင် ထိုသို့ဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များအတွက် ၎င်းမှ ကျခံခဲ့ရသည့် ကုန်ကျစရိတ်များကို လူမွဲပိုင်ပစ္စည်းများ အနက်မှ ပေးချေခွင့်ပြုရန် တရားရုံး သို့မဟုတ် မြီရှင်များ ကော်မတီသို့ တင်ပြနိုင်သည်။ ထိုသို့တင်ပြရာတွင် ၎င်းက အရေးပေါ်အနေအထားအရ လုပ်ဆောင်ခဲ့ရခြင်းဖြစ်ကြောင်းနှင့် နှောင့်နှေးကြန့်ကြာမှုများမရှိဘဲ တင်ပြခဲ့ကြောင်း ပေါ်ပေါက်ခြင်းမရှိလျှင် ထိုတင်ပြချက်ကို အတည်မပြုရ။

**ဦးစားပေးကြွေးမြီများ**

၃၀၇။ လူမွဲ၏ကြွေးမြီများနှင့်စပ်လျဉ်း၍ အောက်ပါအစီအစဉ်အတိုင်း ဦးစားပေး ပေးချေရမည်–

(က) လူမွဲခံယူခြင်းဆိုင်ရာ ကုန်ကျစရိတ်များ၊

(ခ) ဝန်ထမ်းများ၏ ရပိုင်ခွင့်များ၊

(ဂ) နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် အခြားသောကြွေးမြီများ။

**ကြွေးမြီများကို ဦးစားပေးအစီအစဉ် သတ်မှတ်ခြင်း**

၃၀၈။ (က) လူမွဲပိုင်ပစ္စည်းများကိုခွဲဝေရာတွင် လူမွဲ၏ ဦးစားပေးကြွေးမြီများကို အခြားသော ကြွေးမြီများထက် ဦးစားပေး၍ ခွဲဝေပေးရမည်။

(ခ) ဦးစားပေးကြွေးမြီများသည် ၎င်းတို့အချင်းချင်းအကြားတွင် တူညီသော အဆင့်အတန်းများရှိပြီး လူမွဲခံယူခြင်းဆိုင်ရာ ကုန်ကျစရိတ်များကို ပေးချေပြီးနောက် ဦးစားပေးကြွေးမြီများအား အပြည့်အဝပြန်လည်ပေးဆပ်ရမည်ဖြစ်ပြီး အကယ်၍ လုံလောက်သော ငွေကြေးကျန်ရှိခြင်းမရှိလျှင် ယင်းတို့အကြား ရပိုင်ခွင့်ကို အချိုးတူလျှော့ချ သတ်မှတ်၍ ခွဲဝေယူရမည်။

(ဂ) ဦးစားပေးကြွေးမြီများ မဟုတ်သည့်အပြင် ဤမှနောက်တွင် ကပ်လျက်ဖော်ပြပါရှိသော ပုဒ်မပါ ကြွေးမြီမဟုတ်သော အခြားကြွေးမြီများသည် (၎င်းတို့အချင်းချင်းအကြားတွင်) တူညီသော အဆင့်အတန်းရှိပြီး ဦးစားပေးကြွေးမြီများကို ဦးစွာပေးဆပ်ပြီးနောက် ထိုကြွေးမြီများကို အပြည့်အဝပေးဆပ်ရမည်ဖြစ်ပြီး အကယ်၍ လုံလောက်သော ငွေကြေးကျန်ရှိခြင်းမရှိလျှင် ယင်းတို့အကြား ရပိုင်ခွင့်ကို အချိုးတူလျှော့ချ သတ်မှတ်၍ ခွဲယူရမည်။

(ဃ) ဦးစားပေးကြွေးမြီများ သို့မဟုတ် ပုဒ်မခွဲ(ဂ)အရ အဆင့်အတန်းတူညီသောကြွေးမြီများကို ပြန်လည်ပေးဆပ်ပြီးနောက် ကျန်ရှိသည့်ငွေကြေးများအား လူမွဲဖြစ်မှုစတင်ချိန်မှစ၍ ပေးဆပ်ရန်တင်ရှိနေသောကာလများနှင့်စပ်လျဉ်း၍ ထိုကြွေးမြီများအတွက် ကျသင့်သော အတိုးများကိုပေးချေရာတွင် သုံးစွဲရမည်ဖြစ်ပြီး ဦးစားပေးကြွေးမြီများအပေါ်ပေးရန်ရှိ အတိုးငွေများနှင့် ဦးစားပေးမဟုတ်သည့် အခြားသောကြွေးမြီများအပေါ် ပေးရန်ရှိသည့် အတိုးများသည် အဆင့်အတန်းတူညီသည်။

(င) ကြွေးမြီတစ်ရပ်နှင့်စပ်လျဉ်း၍ ပုဒ်မခွဲ (ဃ) အရ ပေးချေရန်ရှိသည့်အတိုးနှုန်းသည် လူမွဲဖြစ်မှုမှအပဖြစ်သော ထိုကြွေးမြီများသို့ ပေးရန်ရှိသည့် အတိုးနှုန်းများအတိုင်း ပေးချေရမည်ဖြစ်ပြီး ထိုသို့သော နှုန်းထားသတ်မှတ်ချက်မရှိလျှင် ထိုကြွေးမြီရယူစဉ်အချိန်ရှိ ဈေးကွက်ပေါက်ဈေး၊ ထိုကြွေးမြီ၏ ပမာဏနှင့် သဘောသဘာဝကို ထည့်သွင်းစဉ်းစား၍ ယုံမှတ်အပ်နှံခြင်းခံရသူက သင့်တော်သည်ဟု ထင်မြင်ယူဆ၍ သတ်မှတ်သော နှုန်းထားဖြင့် ပေးချေရမည်။

(စ) လူမွဲခံယူခြင်းဖြစ်ရပ်ဖြစ်ပွားသည့်အခါ ရွှေ့ဆိုင်းရန် သို့မဟုတ် အထူးဦးစားပေးအဆင့်အတန်းတစ်ရပ်အဖြစ် ပေးချေရန် သတ်မှတ်ထားသည့် အခြားသောပေးချေမှုများကို ပြုလုပ်ခြင်း သို့မဟုတ် ကြွေးမြီတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပေးချေမှုများကို ပြုလုပ်ခြင်း နှင့်သက်ဆိုင်သည့် ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်များ သို့မဟုတ် အခြားဥပဒေပါ ပြဋ္ဌာန်းချက်များကို ဤပုဒ်မနှင့် ဤမှနောက်တွင်ကပ်လျက်ဖော်ပြပါရှိသော ပုဒ်မပါပြဋ္ဌာန်းချက်များက ထိခိုက်စေခြင်းမရှိစေရ။ *(ဆက်လက်ဖော်ပြပါမည်)*

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၁)



မောင်စာဂ

၂၀၁၉ ခုနှစ် ကုန်ဆုံး၍ ၂၀၂၀ ပြည့်သို့ ကူးပြောင်းလာခဲ့ပေပြီ။ ၂၀၂၀ ပြည့်နှစ် နှစ်သစ်တွင် ကမ္ဘာကြီးထာဝရငြိမ်းချမ်းပါစေ၊ ကမ္ဘာကြီးသာယာဝပြောပါစေ၊ ကမ္ဘာသူကမ္ဘာသားတွေ ကျန်းမာချမ်းသာကြပါစေ၊ အားလုံးသော ကမ္ဘာသူကမ္ဘာသားများက ဆုတောင်းမေတ္တာခြွေခဲ့ကြသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားများကလည်း မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းပါစေ၊ သာယာဝပြောသော နိုင်ငံတော်ကြီးဖြစ်ထွန်းပါစေ၊ နိုင်ငံသူနိုင်ငံသားတွေ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ နှစ်သစ်ကူးအခါသမယတွင် ဆုတောင်းမေတ္တာခြွေခဲ့ကြသည်။

## ထူးသောနှစ်

၂၀၂၀ ပြည့်နှစ်အတွင်း မြန်မာနိုင်ငံ၏ တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပရန်ရှိပါမည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက် လွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ကြရမည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီး၏ရလဒ်က မြန်မာနိုင်ငံ၏ ရှေ့ခရီးအတွက် လမ်းညွှန်ပြသ အဆုံးအဖြတ်ပေးနိုင်သည့် အကျိုးသက်ရောက်မှုဖြစ်စေနိုင်မည်ဟု တွေးထင်မိသည်။ ထို့ကြောင့် ၂၀၂၀ ပြည့်နှစ်သည် မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် ထူးသောနှစ်တစ်နှစ် ဖြစ်ပါမည်။ အရေးကြီးသောနှစ်ဟုလည်း ဆိုနိုင်ပါမည်။ ဤသို့ဆိုလျှင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်သူအများ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို သိရှိထားရန်လိုပါမည်။ နှစ်သစ်မင်္ဂလာအခါတွင် ကြိုတင်မျှဝေပါရစေ။

> “မိမိတို့လိုလား တောင့်တချက်များ အောင်မြင်ဖို့ ရွေးကောက်ပွဲများကို ဖြတ်သန်းသွားရပါမည်။ ရွေးကောက်ပွဲဖြင့်သာ ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနိုင်ငံကို ထူထောင်နိုင်ပါမည်။ ဒီမိုကရေစီ၏ အခြေခံသည် ရွေးကောက်ပွဲများသာ ဖြစ်သည်”

## လွှတ်တော်များ၏သက်တမ်း

ပြည်သူ့လွှတ်တော်၏သက်တမ်းသည် ယင်းလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးကျင်းပသည့် နေ့ရက်မှစတင်၍ ငါးနှစ်ဖြစ်သည်။ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ သက်တမ်းသည်လည်း ပြည်သူ့လွှတ်တော်၏သက်တမ်းနှင့်အညီ ဖြစ်သည်။ ပြည်သူ့လွှတ်တော်သက်တမ်းကုန်ဆုံးသောနေ့တွင် အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ သက်တမ်းသည်လည်း ကုန်ဆုံးသည်။

## ပြည်သူ့လွှတ်တော်သက်တမ်းရေတွက်ပုံ

ပြည်သူ့လွှတ်တော်သက်တမ်း ငါးနှစ်အတွက် ရေတွက်ခြင်းကို ပြည်သူ့လွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးစတင်ကျင်းပသည့်နေ့ရက်မှစ၍ ရေတွက်ရသည်။ ပထမအကြိမ်အစည်းအဝေး စတင်ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၂၃ တွင် ပြည်သူ့လွှတ်တော်၏သက်တမ်းတစ်ရပ် စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်ဟူ၍ ပြဋ္ဌာန်းထားသည်။

ပထမအကြိမ် လွှတ်တော်သက်တမ်းအတွက် အထွေထွေရွေးကောက်ပွဲကို ၇-၁၁-၂၀၁၀ ပြည့်နှစ်တွင် ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော် ပထမအကြိမ်ပုံမှန်အစည်းအဝေးကို ၃၁-၁-၂၀၁၁ ရက်နေ့တွင် စတင် ကျင်းပခဲ့သည်။ သတ်မှတ်သည့် ရက်ပေါင်း ၉၀ အတွင်း ကျင်းပခဲ့သည်။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် အထွေထွေရွေးကောက်ပွဲကို ၈-၁၁-၂၀၁၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြည်သူ့လွှတ်တော် ပထမအကြိမ်ပုံမှန်အစည်းအဝေးကို ၁-၂-၂၀၁၆ ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။ သတ်မှတ်သည့်ရက်ပေါင်း ၉၀ အတွင်း ကျင်းပခဲ့သည်။

## ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်

တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် မည်သည့်လ၊ မည်သည့်နေ့ရက်တွင် ကျင်းပမည်ကို အများပြည်သူတို့ သိချင်နေကြသည်။ ၂၀၁၀ ပြည့်နှစ်အထွေထွေ ရွေးကောက်ပွဲကို ယင်းနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် လည်းကောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ယင်းနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် လည်းကောင်း ကျင်းပခဲ့သောကြောင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကိုလည်း ထိုလထဲတွင် ကျင်းပလိမ့်မည်ဟု ခန့်မှန်းကြသည်။

## လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံ၏ရွေးကောက်ပွဲများ

၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်က ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ယင်းဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီ ၄-၁-၁၉၄၈ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော နိုင်ငံတော်အဖြစ် ကမ္ဘာ့မိသားစုနိုင်ငံများအလယ် တင့်တယ်စွာ ပေါ်ထွန်းလာခဲ့သည်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်နှစ်ရပ်အတွက် ရွေးကောက်ပွဲများကျင်းပ၍ မဲဆန္ဒရှင်များက ဆန္ဒမဲပေးကာ အမတ်များကို ရွေးချယ်တင်မြှောက်ကြရသည်။ ပါတီပေါင်းစုံတို့မှ အမတ်လောင်းများနှင့် တစ်သီး ပုဂ္ဂလအမတ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြသည်။ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲစနစ်ဖြစ်သည်။

ပါလီမန်ဒီမိုကရေစီခေတ်တွင် ပထမအကြိမ် အထွေထွေရွေးကောက်ပွဲကို ၁၂-၁-၁၉၅၁ ရက်နေ့မှ ၃-၁-၁၉၅၂ ရက်နေ့အထိ သုံးကြိမ်ခွဲ၍ လည်းကောင်း၊ ဒုတိယအကြိမ်ကို ၂၇-၄-၁၉၅၆ ရက်နေ့တွင် လည်းကောင်း၊ တတိယအကြိမ်ကို ၆-၂-၁၉၆၀ ပြည့်နှစ်တွင် လည်းကောင်း ကျင်းပခဲ့သည်။ ယင်းနောက် ၁၉၇၄ ခုနှစ်အထိ မြန်မာနိုင်ငံတွင် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်းမရှိခဲ့ပါ။

၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ကာလများသည် တော်လှန်ရေးကောင်စီအစိုးရအုပ်ချုပ်သော ကာလဖြစ်သည်။ တော်လှန်ရေးကောင်စီအစိုးရသည် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၃-၁-၁၉၇၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော် တစ်ရပ်တည်း ထားရှိသည်။

ရွေးကောက်တင်မြှောက်ပုံစနစ်မှာ တစ်ပါတီဦးဆောင်မှုစနစ်ဖြစ်၍ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီတစ်ခုတည်းက ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည်။ မဲဆန္ဒနယ်တစ်နယ်တွင် ပါတီကရွေးချယ်သော ကိုယ်စားလှယ်တစ်ဦးတည်းကိုသာ ဆန္ဒမဲပေး ရွေးချယ်ရသဖြင့် ဆန္ဒမဲပေးသူများ၏ ဆန္ဒမဲထက်ဝက်ကျော် ရရှိသူသည် ရွေးကောက်တင်မြှောက်ခံရသူဖြစ်သည်။

ပြည်သူ့ကောင်စီခေတ် ရွေးကောက်ပွဲများကို လေးနှစ်တစ်ကြိမ်ကျင်းပခဲ့ရာ လွှတ်တော်သက်တမ်း ပထမအကြိမ်အတွက် ၇-၁၂-၁၉၇၃ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ်အတွက် ၁၉-၈-၁၉၇၇ ရက်နေ့တွင် လည်းကောင်း၊ တတိယအကြိမ်အတွက် ၂၁-၃-၁၉၈၁ ရက်နေ့တွင် လည်းကောင်း၊ စတုတ္ထအကြိမ်အတွက် ၂၂-၃-၁၉၈၅ ရက်နေ့တွင်လည်းကောင်း လေးကြိမ် ကျင်းပခဲ့သည်။

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှစ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရက နိုင်ငံကို အုပ်ချုပ်ခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၂၁-၉-၁၉၈၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင် ဥပဒေ၊ ၂၇-၉-၁၉၈၈ ရက်နေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် ၃၁-၅-၁၉၈၉ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတို့ကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပခဲ့သည်။ ပြည်သူ့လွှတ်တော်တစ်ရပ်တည်းအတွက်ဖြစ်သည်။ နိုင်ငံရေးပါတီပေါင်း ၉၃ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်နိုင်မှု မရှိခဲ့ပါ။

## ပြည်သူနှင့် ရွေးကောက်ပွဲအတွေ့အကြုံ

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲများကို ခြုံ၍သုံးသပ်ရလျှင် ယနေ့အချိန်တွင် ပါလီမန်ဒီမိုကရေစီခေတ်ကာလ ရွေးကောက်ပွဲအတွေ့အကြုံများကို ကိုယ်တိုင်သိရှိခဲ့သူများ လွန်စွာမှ နည်းပါးလျက်ရှိနေပါမည်။ မြန်မာဆိုရှယ်လစ်ပါတီခေတ်က ရွေးကောက်ပွဲများကို ကြုံတွေ့ခဲ့ရသူ များပြားသော်လည်း တစ်ပါတီစနစ်တွင် တစ်ပါတီတည်း ဝင်ရောက် ယှဉ်ပြိုင်အရွေးခံရခြင်းဖြစ်၍ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အတွေ့အကြုံများ မရှိခဲ့ကြပါ။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲက ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲအတွေ့အကြုံများ ပေးနိုင်ခဲ့သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၅ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲ တစ်ကြိမ်နှင့် ၂၀၁၀ ပြည့်နှစ်တွင် အထွေထွေရွေးကောက်ပွဲ တစ်ကြိမ်၊ နှစ်ကြိမ်သာကြုံဖူးခဲ့ကြရသည်။ ယင်းတွင် ၂၀၁၂ ခုနှစ်၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင် သက်ဆိုင်သည့် မဲဆန္ဒနယ်များမှ မဲဆန္ဒရှင်ပြည်သူများလည်း အပါအဝင်ဖြစ်သည်။ ထူးခြားသည်မှာ ၂၀၁၅ ခုနှစ်က ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈နှစ်မပြည့်သေး၍ မဲမပေးလိုက်ရသည့် လူငယ်လေးသန်းနီးပါးခန့်သည်လည်း ဆန္ဒမဲပေးရာတွင် ပါဝင်ပါလိမ့်မည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးမည့် မဲဆန္ဒရှင်ပြည်သူများသည် ပါတီစုံအထွေထွေရွေးကောက်ပွဲ မဲပေးခြင်းအတွေ့အကြုံ လုံးဝမရှိသေးသူများနှင့် အများဆုံး သုံးကြိမ်မှ လေးကြိမ်သာရှိသူများ ဖြစ်သဖြင့် အတွေ့အကြုံနည်းနေသေးသည်ဟု ဆိုနိုင်သည်။

## ရွေးကောက်ပွဲဖြင့်သာ

မြန်မာနိုင်ငံပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံးတို့သည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ထွန်းပေါ်ပေါက်ရေး လိုလားတောင့်တနေကြသည်။ ကြိုးပမ်းအားထုတ်နေကြသည်။ မိမိတို့လိုလားတောင့်တချက်များ အောင်မြင်ဖို့ ရွေးကောက်ပွဲများကို ဖြတ်သန်းသွားရပါမည်။ ရွေးကောက်ပွဲဖြင့်သာ ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနိုင်ငံကို ထူထောင်နိုင်ပါမည်။ ဒီမိုကရေစီ၏ အခြေခံသည် ရွေးကောက်ပွဲများသာဖြစ်သည်။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတည်းဟူသော နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသား ပြည်သူများထံတွင်ရှိသည်။ နိုင်ငံသားပြည်သူများသည် မိမိတို့ပိုင်ဆိုင်သော၊ မိမိတို့လက်ဝယ်တွင်ရှိသော နိုင်ငံတော်၏အချုပ်အခြာအာဏာကို ရွေးကောက်ပွဲကျင်းပပြီး မဲဆန္ဒရှင်များမှတစ်ဆင့် ဆန္ဒမဲများပေးကာ ရွေးကောက်တင်မြှောက်၍ မိမိတို့၏ လွှတ်တော်ကိုယ်စားလှယ်များသို့ လွှဲအပ်ကြရသည်။ ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီခေတ်တွင် ရွေးကောက်ပွဲနှင့်ပြည်သူ၊ ပြည်သူနှင့် ရွေးကောက်ပွဲ အစဉ်အမြဲ ဒွန်တွဲလျက်ရှိနေပါမည်။

## နှစ်သစ်ဦးဆုမွန်

ဤအချိန်သည်ကား ၂၀၁၉ ခုနှစ် နှစ်ဟောင်းကုန်၍ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ဦး အချိန်အခါသမယဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးနှင့် ကြုံတွေ့ကြရပါမည်။ နိုင်ငံတော်၏ ရှေ့ခရီးတွင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ကောင်းကျိုးချမ်းသာများကို ဆောင်ရွက်ပေးနိုင်မည့် ခေါင်းဆောင်ကောင်း၊ လူတော်လူကောင်းများကို ဆန္ဒမဲပေးကာ ရွေးကောက်တင်မြှောက်ကြဖို့ ပြင်ဆင်ဆောင်ရွက်မှုများ ပြုကြရပါမည်။ ရွေးကောက်ပွဲအတွေ့အကြုံများ လေ့လာရပါမည်။ လက်ဆင့်ကမ်း၍ ဖြန့်ဝေပေးကြရပါမည်။ ကိုယ်စီကိုယ်စီတာဝန်တွေယူကြရပါမည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးကို နိုင်ငံသူ နိုင်ငံသားအားလုံး မိမိတို့နိုင်ငံ၊ မိမိတို့အကျိုးစီးပွားအတွက် မိမိတို့ကိုယ်တိုင် အားအင်အပြည့်ဖြင့် ပါဝင်ဆင်နွှဲကြရပါမည်။

၂၀၂၀ ပြည့်နှစ်သည်ကား ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးဖြစ်ထွန်းပေါ်ပေါက်ရေး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး သာယာဝပြောချမ်းမြေ့ပျော်ရွှင်ရေးတို့ကို ဆောင်ကြဉ်းပေးနိုင်သည့် နှစ်ထူးနှစ်မြတ်ဖြစ်ပါစေကြောင်း တိုင်းရင်းသား ပြည်သူအားလုံးနှင့်အတူ ဆုတောင်းမေတ္တာပို့သလိုက်ရပါသည်။

- ❖ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းပါစေ၊
- ❖ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ထွန်းပေါ်ပေါက်ပါစေ၊
- ❖ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး သာယာဝပြော ချမ်းမြေ့ပျော်ရွှင်ကြပါစေ။

# ဆင်းကတ်များ မှတ်ပုံတင်ခြင်းနှင့် အားသာချက်၊ အားနည်းချက်များ

သူရဖြိုး

### ဆင်းကတ်များ မှတ်ပုံတင်ခြင်း

မိုဘိုင်းဖုန်းကို အသုံးပြု၍ ငွေပေးငွေယူကိစ္စများကို လုံခြုံစိတ်ချမှုရှိစွာ ဆောင်ရွက်နိုင်ရန်နှင့် စနစ်တကျ မှတ်ပုံတင်ထားခြင်းမရှိသော ဆင်းကတ်များဖြင့် ဆက်သွယ်ရေးကွန်ရက်ကိုသုံး၍ ကျူးလွန်သော ရာဇဝတ်မှုများကို လျှော့ချနိုင်ရန်၊ မိုဘိုင်းဖုန်းသုံးစွဲသူများအနေဖြင့်မိမိတို့၏ မိုဘိုင်းဖုန်းဖြင့် ဆောင်ရွက်မှုကို တာဝန်ခံနိုင်စေရန် ရည်ရွယ်လျက် ၂၀၁၉ ဧပြီလမှစ၍ နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် အသိအမှတ်ပြုကတ် တစ်ခုလျှင် ဆင်းကတ်နှစ်ခုသာ မှတ်ပုံတင်၍ ကိုင်ဆောင်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ညွှန်ကြားထားသည်မှာ တစ်နှစ် ပြည့်မြောက်တော့မည်ဖြစ်သည်။

ထို့ကြောင့် သုံးစွဲသူများအနေဖြင့် မိမိတို့ဆင်းကတ်များကို မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် အသိအမှတ်ပြုကတ် တစ်ခုခုဖြင့် ဆင်းကတ်မှတ်ပုံတင် ပြုလုပ်ကြရန်နှင့် ၂၀၂၀ ပြီ ၃၀ ရက်အထိ မှတ်ပုံတင်ပြုလုပ်ခြင်းမရှိသော ဆင်းကတ်များကို မှတ်ပုံတင်ရေးကိစ္စများ စုံစမ်းနိုင်ရန် Call Center သို့ ခေါ်ဆိုနိုင်ခြင်းမှလွဲ၍ အထွက်ခေါ်ဆိုမှု ပိတ်လိုက်မည်ဖြစ်ပြီး ဇွန် ၃၀ ရက်အထိ မှတ်ပုံတင်မလုပ်လျှင် အပြီးသတ်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်းလည်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ၂၀၂၀ ဖေဖော်ဝါရီ ၂၂ ရက်တွင် ထပ်မံ၍ ထုတ်ပြန်ကြေညာထားသည်။

ဆင်းကတ်များကို မှတ်ပုံတင်ပြုလုပ်ရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၂၀၁၆ ဩဂုတ်လမှ ၂၀၁၇ ဇွန်လအထိ ၁၁ လ အချိန်ပေး၍ မှတ်ပုံတင်ပြုလုပ်စေခဲ့ပြီး ၂၀၁၇ ဇွန် ၃၀ ရက်အထိ မှတ်ပုံမတင်ခဲ့သော ဆင်းကတ်ပေါင်း ခြောက်သန်းခွဲခန့်ကို အပြီး ပိတ်သိမ်းခဲ့ပြီးဖြစ်ကြောင်း၊ သို့သော် ထိုစဉ်က ဆင်းကတ်မှတ်ပုံတင်ခြင်း ဆောင်ရွက်စေရာတွင် နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် အသိအမှတ်ပြုကတ် တစ်ခုလျှင် ဆင်းကတ် အရေအတွက် မည်မျှအထိ မှတ်ပုံတင်နိုင်သည်ကို ကန့်သတ်ခြင်းမရှိခဲ့သဖြင့် ဆင်းကတ်အရောင်းဆိုင်များက နိုင်ငံသားစိစစ်ရေးကတ်တစ်ခုဖြင့် ဆင်းကတ်များစွာကို မှတ်ပုံတင်ကာ အခြားသုံးစွဲသူများထံရောင်းချခြင်းများ ရှိခဲ့ပြီး သုံးစွဲသူ၏ အချက်အလက်အမှန်ဖြင့် မှတ်ပုံတင်နိုင်ခဲ့ခြင်း မရှိသည်ကို စိစစ်တွေ့ရှိရကြောင်း ဖေဖော်ဝါရီ ၂၂ ရက် ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

၂၀၁၉ ဧပြီလမှစ၍ နိုင်ငံသား စိစစ်ရေးကတ် သို့မဟုတ် အသိအမှတ်ပြုကတ် တစ်ခုလျှင် ဆင်းကတ်နှစ်ခုသာ မှတ်ပုံတင်ရောင်းချရေး ညွှန်ကြားထားခဲ့သည့်တိုင် ၂၀၂၀ ဇန်နဝါရီလကုန်အထိ ဆင်းကတ် နှစ်ကတ်ထက်ပို၍ မှတ်ပုံတင်ထားသော ဆင်းကတ်စုစုပေါင်းမှာ ၂၈ ဒသမ ၂ သန်းခန့် ကျန်ရှိနေသေးကြောင်း၊ မိုဘိုင်းအော်ပရေတာအလိုက် နိုင်ငံသားစိစစ်ရေးကတ်တစ်ခုလျှင် ဆင်းကတ်နှစ်ခုထက်ပို၍ မှတ်ပုံတင်ထားသော ဆင်းကတ်အရေအတွက်မှာ MPT တွင် ၁၂ ဒသမ ၉၅ သန်းခန့်၊ MyTel တွင် ၄ ဒသမ ၆ သန်းခန့်၊ Ooredoo တွင် ၄ ဒသမ ၆ သန်းခန့်နှင့် Telenor တွင် ၆ ဒသမ ၀၅ သန်းခန့်ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် ဆင်းကတ် ၂၀၀ အထက် မှတ်ပုံတင်ထားသည့် ကတ်အရေအတွက်မှာ MPT တွင် ၂၆ သိန်းကျော်၊ တယ်လီနော တွင် သိန်း ၂၀ ကျော်နှင့် MyTel တွင် ၁၈၀၀၀၀ ကျော်ရှိကြောင်းနှင့် အူရီဒူးတွင်မူ ဆင်းကတ် ၁၀၀ ကျော် မှတ်ပုံတင်မှု မရှိသော်လည်း ၅၀ မှ ၁၀၀ ကြား မှတ်ပုံတင်ထားသည့် ကတ်အရေအတွက်ပေါင်း ၅၄၀၀၀ ကျော်ရှိကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

### ငွေကြေးလိမ်လည်မှုများ

မြန်မာနိုင်ငံ၌ မိုဘိုင်းဖုန်းအသုံးပြုသည့် ငွေပေးငွေယူကိစ္စများ (Mobile Financial Service)ကို အသုံးပြုမှု ပိုမိုတိုးတက်လာသည်နှင့်အမျှ အွန်လိုင်းအသုံးပြု၍ နည်းအမျိုးမျိုးဖြင့် ငွေကြေးလိမ်လည်ခြင်းများ ဖြစ်ပွားလျက်ရှိသည်။ လိမ်လည်မှုများတွင် ဖေ့စ်ဘုတ်အကောင့်များကို ခိုးယူ၍ မိတ်ဆွေများထံမှ ငွေချေးပြီး ဖုန်းနံပါတ်တစ်ခုသို့ ငွေလွှဲခိုင်းမှုများ၊ အွန်လိုင်းရှော့ပင် အယောင်ဆောင်၍ ငွေလွှဲခိုင်းမှုများ၊ ချေးငွေပေးမည်ဟုဆိုကာ အာမခံကြေး ငွေ ကြိုတင်လွှဲခိုင်းမှုများ စသဖြင့် အနည်းဆုံး ကျပ် ထောင်ဂဏန်း၊ သောင်းဂဏန်းမှ သိန်းချီ လိမ်လည်မှုများ ရှိနေသည်။ လက်ရှိအချိန်တွင် ဆင်းကတ်များကို အမည်မှန်အတိုင်း မှတ်ပုံတင်၍ အသုံးပြုခြင်း မရှိသောကြောင့် လိမ်လည်မှုများကို ဖော်ထုတ်နိုင်ရန် ခဲယဉ်းလျက်ရှိသည်။

အဆိုပါ လိမ်လည်မှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ ဟက်ကာအဖွဲ့များ စုပေါင်းထားသည့် UGMH က "အကောင့်သူခိုးတစ်ယောက်က နည်းတစ်မျိုးမျိုးနဲ့ Facebook အကောင့်တစ်ခုကို ရသွားမယ်ဆိုပါတော့။ အကောင့်သူခိုးက Chat box ထဲက အပြန်အလှန်ပို့ထားတဲ့ Chat list တွေကို လေ့လာမယ်။ ပြီးရင် ရနိုင်လောက်တဲ့သူတွေဆီကို ပိုက်ဆံချေးပါတယ်။ ရင်းနှီးသူများကလည်း သူတို့မိတ်ဆွေအကောင့် ခိုးခံထားရမှန်းမသိတော့ အလွယ်တကူ ကူညီလိုက်ကြတယ်။ အဲဒီမှာ အကောင့်သူခိုးက ဖုန်းနံပါတ်တစ်ခုပေးပြီး wave money တို့၊ true money တို့လို ငွေလွှဲငွေထုတ်လို့ရတဲ့ တစ်ခုခုကနေ ငွေလွှဲခိုင်းပြီး ထုတ်သွားတယ်။ အကောင့်ပိုင်ရှင် သိတဲ့အချိန်မှာ နောက်ကျသွားပါပြီ။ အချို့ဆို သိန်းဆယ်ချီ ခံလိုက်ရတာတွေရှိတယ်။ အကောင့်ပိုင်ရှင်က ရဲကိုတိုင်ပေမယ့်လည်း ဖုန်းနံပါတ်တွေဟာ မှတ်ပုံတင်ထားတာမဟုတ်တော့ လမ်းစပျောက်သွားပါတယ်။ ဒီပြဿနာဟာ ခုမှဖြစ်တဲ့ပြဿနာ မဟုတ်ပါဘူး။ ကျွန်တော်တို့ သတိထားမိတာ သုံးနှစ်လောက်ရှိပြီ။ ဒါပေမယ့် အရေးယူနိုင်တာ မရှိဘူး။ လိုက်တဲ့သူတွေဟာ ငွေထုတ်တဲ့နေရာမှာတင် လမ်းစပျောက်သွားပါတယ်။ ကျွန်တော်တို့ တွေးမိသလောက် (ဥဏ်မီသလောက်) ပြောရရင် အော်ပရေတာတွေက SIM registration ကို တိတိကျကျလုပ်ဖို့ လိုပါတယ်။ ခုလို SIM card တွေ အတိုင်းအဆမရှိ စည်းကမ်းမဲ့ထုတ်ရောင်းနေတာကို ထိန်းသိမ်းသင့်တယ်။ payment ကုမ္ပဏီတွေကလည်း ဒီထက်ပိုလုံခြုံတဲ့စနစ်တွေ ပြင်ဆင်သင့်တယ်။ ပိုက်ဆံ ဘယ်သူထုတ်သွားတာလဲဆိုတာ သိရင် ရဲတွေအနေနဲ့လည်း လိုက်ရတာ ပိုလွယ်သွားပြီး ခုလို ငွေလိမ်တဲ့ပြဿနာတွေ လျော့သွားမယ်လို့ ထင်ပါတယ်။ တကယ်လို့ SIM card မှတ်ပုံတင်ခြင်းကို အရေးတယူ ဆောင်ရွက်ထားခဲ့ရင်၊ payment ကုမ္ပဏီတွေကလည်း ငွေထုတ်သူတွေရဲ့ အချက်အလက်ကို လုံလုံလောက်လောက် ယူထားနိုင်ခဲ့ရင် ဒီလို အကောင့်ခိုးပြီး ငွေလိမ်သူတွေကို အရေးယူနိုင်လိမ့်မယ်လို့ မြင်မိပါတယ်"ဟု ၎င်းတို့၏ ဖေ့စ်ဘုတ် Page တွင် ရေးသားထားသည်။ UGMH သည် မြန်မာနိုင်ငံသို့ ဘင်္ဂလားဒေ့ရှ်နှင့် တူရကီမှ ဆိုက်ဘာတိုက်ခိုက်မှုများလုပ်စဉ်က ထိရောက်စွာ တုံ့ပြန်တိုက်ခိုက်နိုင်ခဲ့သော အဖွဲ့ဖြစ်သည်။

ထိုသို့သော ငွေကြေးလိမ်လည်မှု၊ ခိုးယူမှုများကို တားဆီးနိုင်ရေးအတွက် အကြံပြုချက်အနေဖြင့်လည်း UGMH က "ကျွန်တော်တို့ဆီမှာ wave money, true money, MPT Pay, MyTel pay တို့လို payment စနစ်တွေ ရှိလာတာ သိပ်ကောင်းပါတယ်။ ဒါနဲ့အတူ ဆိုးကျိုးတွေလည်း ရှိလာပါတယ်။ ဘဏ်တွေမှာ ငွေလွှဲထုတ်ရင် မှတ်ပုံတင်မူရင်းလိုပါတယ်၊ လူနဲ့ မှတ်ပုံတင်ထဲကပုံကို ဘဏ်ဝန်ထမ်းတွေက တိုက်စစ်ပါတယ်၊ လက်မှတ်ယူပါတယ်၊ CCTV record ရှိပါတယ်။ ဒါ ကျွန်တော်တို့ သိသလောက်ပဲ ရှိပါသေးတယ်၊ ဒီထက်ပိုပြီး ငွေလာထုတ်သူရဲ့ အချက်အလက်ကို ပိုယူထားနိုင်မယ်ထင်ပါတယ်။ Payment ကုမ္ပဏီတွေမှာတော့ ဒီလိုယူထားနိုင်တာမရှိပါဘူး"ဟု ဆက်လက်၍ ရေးသားထားသည်။

သို့ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် အသိအမှတ်ပြုကတ် တစ်ခုလျှင် ဆင်းကတ်နှစ်ကတ်သာ မှတ်ပုံတင်ပြုလုပ်ခွင့်ပေးမည့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ သတ်မှတ်ချက်သည် နည်းလမ်းအမျိုးမျိုးဖြင့် ငွေကြေးလိမ်လည်မှုများကို ဖော်ထုတ်ရာတွင် အထောက်အကူဖြစ်စေနိုင်မည်ဖြစ်၍ ပြည်သူလူထုအတွက် များစွာ အကျိုးရှိစေမည်ဖြစ်သည်။

### GPS တပ်ဆင်သည့် လုပ်ငန်းများ

သို့ရာတွင် အခြားတစ်ဖက်တွင်လည်း လူတစ်ဦး ဆင်းကတ်နှစ်ကတ် စနစ်ကြောင့် အဆင်မပြေမှုများ ရှိလာနိုင်ကြောင်း သိရသည်။ အဓိက အခက်အခဲကြုံရမည်မှာ GPS တပ်ဆင်ရောင်းချသည့် လုပ်ငန်းများဖြစ်ပြီး အခြား အခက်တွေ့ရမည့်သူများမှာ အသက်မပြည့်၍ မှတ်ပုံတင်မရှိသေးသော ကလေးများအား GPS စနစ် သုံးပေးထားသော မိဘများဖြစ်သည်။

ပြည်တွင်း၌ မိုဘိုင်းအင်တာနက် အသုံးများလာခြင်းနှင့်အတူ ကားနှင့် ဆိုင်ကယ်များတွင် GPS အသုံးပြုမှုမှာလည်း တစ်နှစ်ထက်တစ်နှစ် များလာလျက်ရှိရာ လက်ရှိအချိန်တွင် GPS တပ်ဆင်ပေးသည့် ကုမ္ပဏီအရေအတွက်မှာလည်း အများအပြား ရှိနေပြီဖြစ်သည်။ GPS ရောင်းသည့် ကုမ္ပဏီများအနေဖြင့် GPS တပ်ဆင်ခြင်းနှင့်အတူ ဆင်းကတ်များကိုလည်း တစ်ပါတည်း ထည့်သွင်းတပ်ဆင်ပေးကာ အသုံးပြုသူများအား အသင့်သုံးနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိအချိန်တွင် အသုံးပြုသူများ လက်ဝယ်သို့ ရောက်ရှိနေပြီးဖြစ်သည့် GPS စနစ်များတွင် ထည့်သွင်းအသုံးပြုထားသည့် ဆင်းကတ် အများအပြားသည် GPS ရောင်းချသည့် ကုမ္ပဏီများမှ ပိုင်ရှင် သို့မဟုတ် ဝန်ထမ်းတစ်ဦးဦး၏ အမည်ဖြင့် မှတ်ပုံတင်ပြုလုပ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားစိစစ်ရေးကတ်တစ်ခုဖြင့် ဆင်းကတ်နှစ်ကတ်ထက်ပို၍ မှတ်ပုံတင်ထားသည့် ဆင်းကတ်များကို ပိတ်သိမ်းလိုက်မည်ဆိုပါက လက်ရှိ ရောင်းချထားပြီး အသုံးပြုနေသော GPS စနစ်များ ရပ်တန့်သွားမည်ဖြစ်သည်။

မန္တလေးမြို့တွင် အခြေစိုက်သည့် Happy GPS Myanmar ကုမ္ပဏီလီမိတက်၏ ပိုင်ရှင် ကိုဝေနှင်းကိုကိုက "ကျွန်တော်တို့ဆိုင်က တစ်ရက်ကို ရောင်းရတဲ့ စက်အရေအတွက်လည်း များတယ်၊ တချို့ customer တွေက ဖုန်းအတွက် ဆင်းကတ်နှစ်ကတ် သုံးနေတာဆိုတော့ ဆိုင်ကယ် GPS အတွက် ဆင်းကတ်နောက်တစ်ကတ်ဆို ခက်လာမှာ၊ ကျွန်တော်ကိုယ်တိုင်လည်း ဆင်းကတ် နှစ်ကတ် သုံးတယ်၊ အဲဒီတော့ လူတစ်ယောက်ကို ငါးကတ်လောက်တော့ ဖြစ်သင့်တယ်လို့ ထင်ပါတယ်၊ ကျွန်တော်တို့လို ကုမ္ပဏီအနေနဲ့ ဆင်းကတ်တွေထည့်ပေးဖို့ကတော့ ငါးကတ်ရလည်း မလုံလောက်ပါဘူး၊ ဒါပေမယ့် ပိုင်ရှင်က သူ့နာမည်၊ မှတ်ပုံတင်နဲ့ ဆင်းကတ် register လုပ်ပြီးရင်တော့ ကျွန်တော်တို့က GPS မှာ ထည့်ပေးလို့ရတာပေါ့၊ ဒါပေမယ့် ဘာပြဿနာရှိလဲဆိုတော့ အချို့ ကုန်တင်ကားပိုင်ရှင်တွေဆိုရင် တစ်ယောက်တည်းကို ကား ၁၀ စီးမက ရှိတော့ အခက်တွေ့ပြန်ရော"ဟု ပြောသည်။

နှစ်ကတ်ထက်ပို၍ မှတ်ပုံတင်ထားသည့် ဆင်းကတ်များကို ဧပြီလကုန်တွင် ပိတ်ပစ်လိုက်ပါက GPS တပ်ဆင်ပေးသည့် ကုမ္ပဏီများအနေဖြင့် ရောင်းချထားပြီးဖြစ်သည့် GPS များအတွက် အသုံးပြုသူများထံမှ အဆင်မပြေမှုများစွာကို ကြုံတွေ့ရတော့မည်ဖြစ်သည်။ ထိုပြဿနာနှင့် ပတ်သက်၍လည်း ကိုဝေနှင်းကိုကိုက "အဲဒီလို ပိတ်လိုက်ရင်တော့ customer complaint တွေ တော်တော်ပြုံကျလာမှာပေါ့၊ အဲဒီကျရင်တော့ ပိုင်ရှင်တွေကိုပဲ သူတို့နာမည်နဲ့ ဆင်းကတ်မှတ်ပုံတင်လုပ်ခိုင်းပြီး ကျွန်တော်တို့က လဲပေးရမှာပေါ့၊ ကျွန်တော်တို့က ဝန်ဆောင်ခ အခမဲ့အနေနဲ့ customer တွေ အဆင်ပြေအောင် အကုန်ပြန်လုပ်ပေးရမှာပေါ့"ဟု ပြောသည်။

### အဆင်ပြေစေမည့် နည်းလမ်း

လက်ရှိရောင်းချထားပြီးသည့် GPS များအပြင် အသစ်ထပ်မံရောင်းချမည့် GPS များနှင့်ပတ်သက်၍လည်း အဆင်ပြေစေမည့် နည်းလမ်းအဖြစ် "ကျွန်တော်တို့လို လုပ်ငန်းရှင်တွေကို ကုမ္ပဏီအနေနဲ့ ဆင်းကတ် regis-tration လုပ်ခွင့်ပေးမယ်ဆိုရင် ပိုအဆင်ပြေပါတယ်၊ အဲဒီကတ်နံပါတ်တွေကို ကျွန်တော်တို့က အာမခံပြီးတော့ ဆိုင်ကယ် GPS တွေမှာ ထည့်ပေးမယ်၊ အဲဒီကတ်ကို တပ်ပေးလိုက်တဲ့ customer တွေရဲ့ အချက်အလက်ကို ကျွန်တော်တို့က ယူထားပေးမယ်"ဟု ကိုဝေနှင်းကိုကိုက သုံးသပ်ပြောကြားသည်။

ရန်ကုန်မြို့တွင် အခြေစိုက်သည့် GPS တပ်ဆင်သည့် ကုမ္ပဏီတစ်ခုမှ ပိုင်ရှင်တစ်ဦးကလည်း လူတစ်ဦးလျှင် ဆင်းကတ်နှစ်ကတ် စနစ်နှင့် ပတ်သက်၍ "မှတ်ပုံတင်တစ်ခုကို ဆင်း နှစ်ကတ်တည်းနဲ့တော့ GPS အတွက် အဆင်မပြေပါဘူး၊ ကုမ္ပဏီကြီးတွေဆို ကားအစီးရေ အများကြီးလေ။ တာဝန်ရှိသူ လူကြီးမင်းများအနေနဲ့ ပိုကောင်းတဲ့ အဖြေတစ်ခုကို ရှာပေးကြပါဦး၊ ဒီတိုင်းကြီး မပိတ်ကြပါနဲ့ဦးလို့ မေတ္တာရပ်ခံချင်ပါတယ်"ဟု ပြောသည်။

နိုင်ငံသားစိစစ်ရေးကတ် တစ်ခုဖြင့် ဆင်းကတ်နှစ်ကတ်ထက်ပို၍ မှတ်ပုံတင်လုပ်ထားသည့် ဆင်းကတ်များကို ဧပြီလကုန်တွင် အမှန်တကယ် ပိတ်ပစ်ခြင်းရှိမရှိကို ၎င်းအနေဖြင့် စောင့်ကြည့်သွားမည်ဖြစ်ပြီး အမှန်တကယ် ပိတ်ပစ်ပါက လုပ်ငန်းတူကုမ္ပဏီများက အစိုးရထံတင်ပြ၍ တယ်လီကွန်းကုမ္ပဏီများနှင့် ညှိနှိုင်းပြီး ကုမ္ပဏီနာမည်ဖြင့် ဆင်းကတ် မှတ်ပုံတင်သည့်နည်းလမ်းကို လုပ်ရမည်ဖြစ်ကြောင်းနှင့် ထိုသို့လုပ်လျှင်လည်း ကုမ္ပဏီအမည်ဖြင့် မှတ်ပုံတင်လုပ်၍ GPS ထဲ ထည့်ထားသည့် ဆင်းကတ်ကို သုံးစွဲသူ customer က မသမာမှု၊ ရာဇဝတ်မှုများတွင် မသုံးစေရန် အချက်အလက်များ record ယူထားရမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ GPS စနစ် အသုံးပြုမှုမှာ တွင်ကျယ်လာလျက်ရှိပြီး ရန်ကုန်မြို့မှ ကားများထက်ပို၍ နယ်မြို့များမှ ဆိုင်ကယ်များတွင် တပ်ဆင်အသုံးပြုမှုက ပိုများလျက်ရှိကြောင်း သိရသည်။ Happy GPS Myanmar မှ ကိုဝေနှင်းကိုကိုက မြန်မာနိုင်ငံတွင် GPS တပ်ထားသည့် ကား အရေအတွက်မှာ ၀ ဒသမ ၁ ရာခိုင်နှုန်း (ကားစီးရေ တစ်ထောင်လျှင် တစ်စီးခန့်)နှင့် ဆိုင်ကယ်အရေအတွက်မှာ ၂ ရာခိုင်နှုန်း(ဆိုင်ကယ်စီးရေ တစ်ရာလျှင် နှစ်စီးခန့်)ရှိနိုင်ကြောင်း ခန့်မှန်းပြောကြားသည်။

ထို့အပြင် ကားနှင့် ဆိုင်ကယ်များတွင်သာမက ကလေးငယ်များအတွက် ထုတ်လုပ်ထားသော GPS စနစ်ပါ ပစ္စည်းများကိုလည်း မြန်မာနိုင်ငံတွင် အသုံးပြုလျက်ရှိသည်။ GPS စနစ်တစ်ခုတည်းပါသော နာရီနှင့် အလားတူ အသုံးအဆောင်လေးများကို ဈေးကွက်အတွင်း ကျပ်သောင်းဂဏန်းဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ အဆိုပါအသုံးအဆောင်လေးများကို ကလေးများအား ဝတ်ဆင်ပေးထားခြင်းဖြင့် ကလေးများ ကျောင်းသွားချိန်တွင် ကျောင်းသို့ ရောက်မရောက်/ မည်သည့်နေရာတွင် ရှိနေသည် စသည်တို့ကို မိဘများအနေဖြင့် အချိန်တိုင်း သိရှိနိုင်ပြီး အဆိုပါ GPS စနစ်ကို အသုံးပြုရန်အတွက်လည်း ဆင်းကတ်များကို လိုအပ်လျက်ရှိသည်။

### ညှိနှိုင်းဆောင်ရွက်ပေးရန်

မြန်မာနိုင်ငံတွင် မိုဘိုင်းအင်တာနက်ကို အသုံးပြုမှု များပြားလာပြီး ဆင်းကတ်များကို အလွယ်တကူ ဝယ်သုံးလာနိုင်သည်နှင့်အမျှ မိုဘိုင်းဖုန်းနှင့် အင်တာနက်ကွန်ရက်ကိုသုံး၍ ငွေကြေးလိမ်လည်မှု၊ လူမှုကွန်ရက်မှတစ်ဆင့် လူပုဂ္ဂိုလ်တစ်ဦးဦးအား အသရေပျက်အောင် ပြောဆိုမှုနှင့် private chat များမှ အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ စသည့် ရာဇဝတ်မှုများ များပြားလာသည်မှာ အမှန်ပင်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်များဖြင့် တိတိကျကျ မှတ်ပုံတင်ပြီးမှသာ ဆင်းကတ်များအသုံးပြုနိုင်ရန် ဆောင်ရွက်လိုက်သည့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ လုပ်ဆောင်ချက်သည် ပြည်သူလူထုအတွက် များစွာ အကျိုးရှိစေသည်ဖြစ်၍ ကြိုဆိုရမည်ဖြစ်ကာ တစ်ဖက်တွင် ပေါ်ပေါက်လာနိုင်သည့် အဆင်မပြေမှုများအတွက် ပိုမို အဆင်ပြေစေမည့် နည်းလမ်းများကိုလည်း တာဝန်ရှိသူများအနေဖြင့် ထည့်သွင်းစဉ်းစား၍ ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိနေပေသည်။ ။

**GPS စနစ်တစ်ခုတည်းပါသော နာရီနှင့် အလားတူ အသုံးအဆောင်လေးများကို ဈေးကွက်အတွင်း ကျပ်သောင်းဂဏန်းဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ အဆိုပါ အသုံးအဆောင်လေးများကို ကလေးများအား ဝတ်ဆင်ပေးထားခြင်းဖြင့် ကလေးများ ကျောင်းသွားချိန်တွင် ကျောင်းသို့ ရောက်မရောက် / မည်သည့်နေရာတွင် ရှိနေသည် စသည်တို့ကို မိဘများအနေဖြင့် အချိန်တိုင်း သိရှိနိုင်ပြီး အဆိုပါ GPS စနစ်ကို အသုံးပြုရန်အတွက်လည်း ဆင်းကတ်များကို လိုအပ်လျက်ရှိသည်။**

# ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးဗဟိုအကျဉ်းထောင်မှ ၆၉ ဦး ဝင်ရောက်ဖြေဆိုမည်

**မန္တလေး မတ် ၈**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေး ဗဟိုအကျဉ်းထောင်၌ အကျဉ်းကျလျက်ရှိသည့် ကျောင်းသား ကျောင်းသူ ၆၉ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်းနှင့် ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများတွင် ဝိဇ္ဇာဘာသာတွဲ ဖြေဆိုမည့်သူ ၅၉ ဦး၊ သိပ္ပံဘာသာတွဲ ဖြေဆိုမည့်သူ ငါးဦးနှင့် ဝိပ္ပံဘာသာတွဲ ဖြေဆိုမည့်သူ ငါးဦး ပါဝင်ကြောင်းသိရသည်။

စာမေးပွဲဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား အကျဉ်းထောင်အတွင်း သီးခြားဆောက်လုပ်ထားသည့် စာသင်ဆောင်တွင် ဘွဲ့ရပြီး အကျဉ်းသား အကျဉ်းသူ ဆရာ ဆရာမများနှင့် အမှတ်(၂၅) အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ ဆရာမများက သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမများက ပညာဒါနအဖြစ် လာရောက်ပို့ချခြင်းနှင့် တက္ကသိုလ်များမှ ပါမောက္ခများ၊ ကထိကများက အမှတ်ပေးစည်းမျဉ်းများအကြောင်း လာရောက်ရှင်းလင်းပြောကြားခြင်းများလည်းရှိကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင် စိတ်ဖိစီးမှုမရှိစေရန် ထောင်အဝတ်အစား မဝတ်ဆင်စေဘဲ အခြေခံပညာကျောင်းများတွင် သတ်မှတ်ထားသော အင်္ကျီအဖြူနှင့် လုံချည်အစိမ်းကို ဝတ်ဆင်ခွင့်ပြုထားကြောင်း၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ရရှိရန်အတွက်လည်း ပြင်ပမှ စေတနာရှင်များနှင့် အကျဉ်းဦးစီးဌာနတို့ ပူးပေါင်း၍ ရာနှုန်းပြည့် စီစဉ်ဆောင်ရွက်ပေးထားကြောင်း၊ ထို့အပြင် စာကျက်ချိန်ပိုမိုရရှိစေရန် အိပ်ယာဝင်ချိန်ကို နောက်ကျ၍ သတ်မှတ်ပေးထားပြီး ဖြည့်စွက်အာဟာရ ကျွေးခြင်းကိုလည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

မန္တလေး ဗဟိုအကျဉ်းထောင် ထောင်ပိုင်ကြီး ဦးမျိုးငွေက "အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းကျခံရနေရတဲ့ ကလေးတွေထဲက တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုဖို့ နိုင်ငံတော်က ချမှတ်ပေးထားတဲ့ မူဝါဒအပေါ် တိုက်ရိုက်တာဝန်ရှိသူတစ်ယောက်အနေနဲ့ အကောင်းဆုံး ဆောင်ရွက်ပေးထားပါတယ်၊ အောင်ချက် ရာခိုင်နှုန်းကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နေပါတယ်။ သူတို့ရဲ့ အောင်မြင်မှုကိုလည်း မိဘအရင်းတစ်ယောက်လို ဝမ်းသာပီတိဖြစ်မိပါတယ်"ဟု ပြော သည်။

အကျဉ်းထောင်များတွင် ပညာရေးတစ်ပိုင်းတစ်စနှင့် အကျဉ်းကျခံရနေသည့် တက္ကသိုလ်ဝင်တန်းရောက် ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုခွင့်ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ စတင်ခွင့်ပြုပေးခဲ့ရာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်က မန္တလေး အိုးဘိုအကျဉ်းထောင်မှ ကျောင်းသား ကျောင်းသူ ၇၂ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး ၄၄ ဦး အောင်မြင်ခဲ့ကြောင်း သိရသည်။

တက္ကသိုလ်ပညာရေးတွင်လည်း စာပေးစာယူဖြင့် ပထမနှစ်တွင် ၁၃ ဦးနှင့် ဒုတိယနှစ်တွင် နှစ်ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ရာနှုန်းပြည့် အောင်မြင်ခဲ့ကြောင်း သိရပြီး စာမေးပွဲအတွက် အကျဉ်းထောင်အတွင်းရှိ စာသင်ဆောင်တွင် စာဖြေဌာနတစ်ခုဖွင့်လှစ်ပြီး အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမများက စာစစ်မှူးနှင့် အခန်းစောင့်များအဖြစ် ဆောင်ရွက်ပေးမည်ဟု သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သံဖြူဇရပ်မြို့ ဇီဝိတဒါန ဆေးအလှူတော်ရုံ၌ မျက်စိဝေဒနာရှင်များအား ကုသိုလ်ဖြစ် ခွဲစိတ်ကုသပေး

**သံဖြူဇရပ် မတ် ၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့တွင် ဖွင့်လှစ်တည်ထောင်ထားရှိသော ဇီဝိတဒါန ဆေးအလှူတော်ရုံကြီး၌ မျက်စိဝေဒနာရှင်များအား ကုသိုလ်ဖြစ် ခွဲစိတ်ကုသပေးခြင်းနှင့် မျက်စိဆိုင်ရာ ပြင်ပလူနာများအား ကြည့်ရှုကုသပေးခြင်းကို ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကောင်းမြတ်ခိုင်နှင့် မျက်စိရောဂါဆိုင်ရာ ဆရာဝန်များက မတ် ၇ ရက် နံနက်ပိုင်းမှ စတင်ဆောင်ရွက်ပေးကြောင်း သိရသည်။

"သံဖြူဇရပ် ဇီဝိတဒါန ဆေးအလှူတော်ရုံမှာ မျက်စိအထူးကုဆရာဝန်ကြီးတွေရဲ့အကူအညီနဲ့ အရင်က တစ်လမှာ တစ်ကြိမ် ကြိုတင်စာရင်းယူထားတဲ့ မျက်စိဝေဒနာရှင်တွေကို ခွဲစိတ်ကုသပေးနေရာက ယခုလကစပြီး တစ်လကို နှစ်ကြိမ် ခွဲစိတ်ခြင်းနဲ့ ကြည့်ရှုကုသပေးခြင်းကို ဆောင်ရွက်ပေးနေပါတယ်"ဟု ဆေးအလှူတော်ရုံ ဥက္ကဋ္ဌ ဦးအောင်ရွှေက ပြောသည်။

သံဖြူဇရပ်မြို့ ဇီဝိတဒါနဆေးအလှူတော်ရုံကို ပဓာန နာယကဆရာတော် ဘဒ္ဒန္တဓမ္မပီယ(အရှင်သုညဲ)၏ ညွှန်ကြားမှုကိုခံယူ၍ အများစုပေါင်းလှူဒါန်းမှုဖြင့် ဆောက်လုပ်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ နေရာဒေသအသီးသီးရှိ ရဟန်းသံဃာ၊ သီလရှင်များနှင့် လူမျိုးဘာသာမရွေး ပြည်သူများ၏ ရောဂါဝေဒနာများကို ပြည်တွင်း/ပြည်ပမှ စေတနာ့ဝန်ထမ်း ဆရာဝန်များ၊ သူနာပြုများဖြင့် ကုသိုလ်ဖြစ် အခမဲ့ ဆေးဝါးကုသပေးလျက်ရှိရာ ယခုအခါ အခမဲ့ကုသပေးလာသည့် သက်တမ်း ၁၀ နှစ် ပြည့်မြောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အေးအေးသီ(သံဖြူဇရပ်)**



မျက်စိရောဂါ ကုသမှုခံယူရန် စောင့်ဆိုင်းနေသည့် ဝေဒနာရှင်များ

## ၂၀၁၉ -၂၀၂၀ အတွင်း ကသာခရိုင်၌ မြန်မာ့သစ်လုပ်ငန်းမှ သစ်တန် သုံးသောင်းခန့် ထုတ်မည်

**ကသာ မတ် ၈**

မြန်မာ့သစ်လုပ်ငန်း (စစ်ကိုင်းတိုင်းဒေသကြီးအရှေ့)အနေဖြင့် ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ကသာခရိုင်အတွင်းမှ ကျွန်းသစ်နှင့် အခြားသစ်မာများ စုစုပေါင်း သစ်တန်ချိန် သုံးသောင်းခန့်ကို ထုတ် ယူ သွား မည် ဖြစ် ကြောင်း ကသာခရိုင်အခြေစိုက် တိုင်းဒေသကြီး သစ်ထုတ်လုပ်ရေးဌာနမှူးရုံးမှ သိရသည်။

မြန်မာနိုင်ငံရှိ သစ်တောများ စိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများ ပျက်စီးမှုမရှိစေရေးအတွက် မိုးရာသီကာလတွင် အစားထိုးသစ်ပင်များ စိုက်ပျိုးခြင်းကို သစ်တောဦးစီးဌာနအနေဖြင့် ဆောင်ရွက်နေသလို ပဲခူးရိုးမ သစ်တောများ ပြန်လည်ရှင်သန်နိုင်ရေးအတွက် ၁၀ နှစ်အတွင်း သစ်မထုတ်လုပ်ရန် ၂၀၁၆- ၂၀၁၇ ခုနှစ်ကာလက သတ်မှတ်ခဲ့ပြီး အခြားဒေသများ၌လည်း တစ်နှစ်အတွင်း သစ်မထုတ်ရဟု သတ်မှတ်ထားခဲ့သည်။

ထို့ကြောင့် လက်ရှိအချိန်တွင် ပဲခူးတိုင်းဒေသကြီး၌ သစ်ထုတ်ခြင်း မပြုတော့ဘဲ အခြားမြို့နယ်များ၌မူ တစ်နှစ် ရပ်နားခဲ့ပြီးဖြစ်၍ ကြိုးဝိုင်းနှင့် ကြိုးပြင် ကာကွယ်တောများ အတွင်း သစ်ထုတ်ခြင်းနှင့် သက်ကြီးကျွန်းစိုက်ခင်းများမှ သစ်ထုတ်ရန်အတွက် ပင်ထောင်ရိုက်မှတ်ခြင်းများကို ဆောင်ရွက်ထားကြောင်း ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦးက ပြောသည်။

ကသာခရိုင်အတွင်း သစ်ထုတ်လုပ်ရာတွင် အင်းတော်၊ ဗန်းမောက်၊ ဝန်းသိုနှင့် ပင်လည်ဘူး မြို့နယ်များ အတွင်းရှိ ကြိုးဝိုင်းတော၊ ကြိုးပြင်တောနှင့် ကာကွယ်ထိန်းသိမ်းရေးတောများအတွင်းမှ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ပင်ထောင်ရိုက်မှတ်၍ ခုတ်လှဲထုတ်ယူထားသော ကျွန်းပင် ၂၀၀၀(တန်ချိန် ၁၈၃၈ တန်)နှင့် အခြား သစ်မာ ၁၄၉၀၂ ပင်(တန်ချိန် ၂၂၈၈၉ တန်) စုစုပေါင်း သစ်တန်ချိန် သုံးသောင်းခန့်ကို ထုတ်ယူမည်ဖြစ်ကြောင်း တိုင်းဒေသကြီး သစ်ထုတ်လုပ်ရေးဌာနရုံးမှ မန်နေဂျာ ဦးသန်းထွန်းဝင်း(အုပ်ချုပ်ရေးစီမံကိန်း)ထံမှ သိရသည်။

ကသာခရိုင်မှ ထုတ်လုပ်သော သစ်များကို ကသာမြို့နယ် ဧရာဝတီမြစ်ကမ်းဘေးရှိ ညောင်ခြေထောက်ကျေးရွာအနီး သစ်ချဆိပ်သို့ ပို့ဆောင်၍ တွန်းသင်္ဘောများဖြင့် သယ်ဆောင်ကာ မန္တလေး ဖောင်ဖွဲ့ရေးရုံး အခြေစိုက်စခန်းရှိရာသစ်ဆိပ်သို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည် ။

**ငွေအိုး(ကသာ)**



ခုတ်လှဲထုတ်ယူထားသည့် သစ်များကို ဧရာဝတီမြစ်ကြောင်းမှတစ်ဆင့် သယ်ယူရန် ပြင်ဆင်နေစဉ်။

## မချမ်းဘော့မြို့၌ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်

**မချမ်းဘော့ မတ် ၈**

ကချင်ပြည်နယ် မချမ်းဘော့မြို့နယ်၌ ကျင်းပမည့် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဖလား ဘောလုံးပြိုင်ပွဲတွင် အသုံးပြုနိုင်ရန်အတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို မတ် ၇ ရက်က မချမ်းဘော့မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မလိခခန်းမဆောင်၌ ကျင်းပခဲ့သည်။

ထောက်ပံ့ပွဲတွင် ကချင်ပြည်နယ် ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးရန်နမ်းဖုန်(ခ)ပီတာက အမှာစကားပြောကြားပြီး ဘောလုံးပြိုင်ပွဲတွင် အသုံးပြုရန် ကျပ် ၄၁ သိန်းကျော် တန်ဖိုးရှိ အားကစားပစ္စည်းများကို မချမ်းဘော့မြို့နယ် ရဝမ်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးဒခွမ်ဖုန်ထံ ပေးအပ်ခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဧပြီ ၈ ရက်မှစ၍ ကျင်းပမည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ အမျိုးသားပြိုင်ပွဲဝင် ၁၀ သင်းနှင့် အမျိုးသမီးပြိုင်ပွဲဝင် ၁၀ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ ပြိုင်ပွဲတွင် အသုံးပြုရန် ဘောလုံးများ၊ အမျိုးသား/အမျိုးသမီးအသင်း ၂၀ နှင့် ဒိုင်အဖွဲ့များအတွက် ဝတ်စုံများနှင့်အတူ အခြား လိုအပ်သော အားကစားပစ္စည်းများကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## ထန်းတပင်မြို့နယ်၌ ကျေးရွာ အများသုံးရေအရင်းအမြစ်စစ်တမ်း ကောက်ယူနေ

**ထန်းတပင် မတ် ၈**

ကျေးလက်ဒေသများတွင် သန့်ရှင်းသောရေများ ရရှိနိုင်ရေး၊ သောက်သုံးရေ အခက်အခဲများ မဖြစ်ပေါ်စေရေးနှင့် ကြိုတင်အကူအညီပေး ဆောင်ရွက်နိုင်ရေးတို့အတွက် ကျေးရွာ အများသုံး ရေအရင်းအမြစ်စစ်တမ်းကို ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကောက်ယူလျက်ရှိကြောင်း သိရသည်။

ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၃) ကိုရဲလင်းထိုက်က "ကျေးရွာတစ်ရွာကို စတင်စာရင်းကောက်ပြီဆိုရင် အိမ်ခြေ၊ လူဦးရေ အချက်အလက်၊ စာသင်ကျောင်း၊ ဆေးပေးခန်းရှိလား၊ စာသင်ကျောင်းတွေ၊ ဆေးပေးခန်းတွေမှာရော ရေပေးဝေမှုစနစ်ရှိလား၊ နောက်ပြီး ကျေးရွာ ရေသုံးစွဲမှုစနစ်မှာဆို ရေအမျိုးအစား၊ ပန့်တွေ၊ စက်တွေ သုံးတယ်ဆိုရင် ဘယ်လိုအမျိုးအစားတွေ သုံးထားတာလဲ၊ နွေရာသီမှာဆိုရင် ရေပြတ်လပ်မှုတွေဖြစ်နိုင်လား၊ တစ်အိမ်သုံးစနစ်တွေဆိုရင် လက်ရှိ ရေကို ဘယ်လိုသုံးစွဲနေကြတာလဲ၊ အများသုံး သောက်သုံးရေကန်ဆိုရင် ဒီရေကန်ကို အိမ်ခြေဘယ်လောက်က သုံးစွဲနေလဲ ဆိုတာတွေကို ကောက်ယူနေတာပါ၊ အဓိကကတော့ ကျေးရွာ အများသုံး ရေအရင်းအမြစ်ကို အဓိကထားပြီး ကောက်ပါတယ်"ဟု ပြောသည်။

ထန်းတပင်မြို့နယ်၌ ကျေးရွာအုပ်စု ၅၄ အုပ်စု၊ ကျေးရွာပေါင်း ၂၃၃ ရွာ ရှိသည့်အနက် ကျေးရွာပေါင်း ၅၀ ကို ၂၀၁၉ ဒီဇင်ဘာလ ဒုတိယအပတ်မှစ၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးအေးနိုင်နှင့် ဝန်ထမ်းများက မြေပြင်ကွင်းဆင်း၍ ကောက်ယူလျက်ရှိရာ ၂၀၂၀ မတ်လ ပထမပတ်အထိ ကျေးရွာပေါင်း ၃၇ ရွာတွင် ကောက်ယူပြီးဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



ကျေးရွာ ရေအရင်းအမြစ်စစ်တမ်း ကွင်းဆင်းကောက်ယူနေသည့် ဝန်ထမ်းတစ်ဦး

# ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စု လွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(ဃ) ရေလမ်းထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် ဖြစ်စေ၊ ရေကြောင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဖြစ်စေ ရေလမ်းကြောင်းပိတ်ထားသည့် သတိပေးအမှတ်အသား၊ အလံများ၊ အချက်ပြမီးများနှင့် အခြားအမှတ်အသားများ ပြသထားသည့်အခါ ရေယာဉ်ကို မောင်းနှင်သွားလာခြင်း မပြုရ၊

( င) တွဲဆွဲရေယာဉ်မှအပ မည်သည့်ရေယာဉ်မျှ အခြားရေယာဉ် တစ်စီးစီးနှင့် ရင်ပေါင်တန်း၍ မောင်းနှင်ခြင်း သို့မဟုတ် ရပ်နားထားခြင်း မပြုရ၊

( စ) တွဲဆွဲရေယာဉ်ကို သတ်မှတ်ထားသော ဖြက် အကျယ် ထက်ပို၍ ဖြစ်စေ၊ တွဲဆွဲရေယာဉ် အပါအဝင် တွဲသုံးတွဲထက် ပို၍ဖြစ်စေ ခုတ်မောင်းခြင်း၊ ဆိုက်ကပ်ရပ်နားခြင်း မပြုရ၊

(ဆ) အလင်းရောင်မရှိသော ညအချိန်နှင့် ရာသီဥတုကြောင့် မြင်ကွင်းမရှင်းလင်းသည့် အချိန်များတွင် တွဲဆွဲရေယာဉ်များ မောင်းနှင်သွားလာခြင်း မပြုရ၊

( ဇ) တွဲဆွဲရေယာဉ်ကို ရေစုန်တွင် တွဲဆွဲယူခြင်း မပြုရ၊

( ဈ) သတ်မှတ်ထားသော ရေစူးထက်ပိုသော ရေယာဉ်ကို မောင်းနှင် သွားလာခြင်း မပြုရ၊

(ည) တစ်နာရီလျှင် ရေမိုင် သုံးမိုင်နှုန်းထက်မနည်း မောင်းနှင်နိုင်သော စက်စွမ်းအား မရှိသည့် ရေယာဉ်ကို မောင်းနှင်သွားလာခြင်း မပြုရ၊

( ဋ) တွဲဆွဲရေယာဉ်၏ အကူအညီမပါဘဲ သစ်ဖောင် သို့မဟုတ် ဝါးဖောင်ကို ဝင်ရောက်စေခြင်း၊ မျှောခြင်း သို့မဟုတ် မောင်းနှင် သွားလာစေခြင်း မပြုရ၊

( ဌ) ရေကြောင်းသွားလာမှုကို အနှောင့်အယှက်၊ အတားအဆီး သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေသော ငါးဖမ်းခြင်းနှင့် ငါးဖမ်း တိုင်၊ ငါးဖမ်းပိုက်၊ ဝါးတန်း၊ မျှော သို့မဟုတ် ပစ္စည်းကိရိယာ တစ်စုံတစ်ရာကို ချထားခြင်း၊ စွန့်ပစ်ခြင်း သို့မဟုတ် မျှောထား ခြင်း မပြုရ၊

( ဍ) ရေကြောင်းသွားလာခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းအရ တပ်ဆင်ထားရမည့် ရေယာဉ် အချက်ပြမီးများ တပ်ဆင်ထား ခြင်းမရှိသည့် ရေယာဉ်ကို တူးမြောင်းအတွင်း ညအချိန် မောင်းနှင်သွားလာခြင်းမပြုရ၊

( ဎ) ရေကြောင်းသွားလာခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းအရ တပ်ဆင်ထားရမည့် အသံဖြင့် အချက်ပေးကိရိယာ တပ်ဆင် ထားခြင်းမရှိသည့် ရေယာဉ်ကို တူးမြောင်းအတွင်း မောင်းနှင် သွားလာခြင်းမပြုရ၊

(ဏ) ရေကြောင်းပြ ရေယာဉ်၏ ကြီးကြပ်ကွပ်ကဲမှုမပါဘဲ သတ်မှတ် ထားသော တန်အလေးချိန် နှင့် အလျား၊ အနံနှင့် ရေစူးထက်ပိုသော ရေယာဉ်၊ နိုင်ငံခြားရေယာဉ်၊ ဘေးအန္တရာယ်ဖြစ်စေတတ်သည့် ပစ္စည်းတင်ဆောင်ထားသော ရေယာဉ်များ သွားလာခြင်း မပြုရ။

၁၉။ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်များပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

**အခန်း (၁၀)**
**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၂၀။ မည်သူမဆိုပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) (ခ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၁။ မည်သူမဆိုပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) မှ (ဍ) ထိပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၅ သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၂၂။ မည်သူမဆိုပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မ ၁၈ ၊ ပုဒ်မခွဲ(က)မှ ပုဒ်မခွဲ (ဏ) ထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၂၃။ မည်သူမဆိုပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ထိခိုက်ပျက်စီးဆုံးရှုံးသွားသော ရေလမ်း ထိန်းအဆောက်အအုံ တန်ဖိုးကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၉ ပါတားမြစ်ချက်ပါတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၁၁)**
**အထွေထွေ**

၂၅။ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် လုပ်ငန်း လိုအပ်ချက်အရ တူးမြောင်းနယ်အတွင်း အောက်ပါလုပ်ငန်းတစ်ခုခု ပြုလုပ် လိုပါက တူးမြောင်းနယ်ကို မထိခိုက်စေရေးအတွက် ဝန်ကြီးဌာန၏ သဘော တူညီချက်ကို ရယူပြီးမှသာ ဆောင်ရွက်ရမည် -

(က) ရေနုတ်မြောင်း ဖောက်လုပ်ခြင်း၊ တူးမြောင်းရေထုတ်နုတ်သုံးစွဲ ခြင်း၊ တူးမြောင်းကူးတံတားကြီးများ တည်ဆောက်ခြင်း၊ မြေအောက်နှင့် ရေအောက် ပိုက်လိုင်းဆက်သွယ်ခြင်း၊ လျှပ်စစ် ဓာတ်အားလိုင်းဆက်သွယ်ခြင်း၊ ကြေးနန်းလိုင်းဆက်သွယ် ခြင်း၊

( ခ) ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ခြင်း၊ ရေလမ်းကြောင်း များပြုပြင်ထိန်းသိမ်းခြင်း၊ ရေအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်း များဆောင်ရွက်ခြင်း။

၂၆။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရဌာန အဖွဲ့အစည်း တို့သည် ပုဒ်မ ၁၀ ပါ လုပ်ငန်းများနှင့် စပ်လျဉ်း၍ တူးမြောင်းနှင့် ရေလမ်း ကြောင်းများ မထိခိုက်စေရေးအတွက် ဝန်ကြီးဌာနမှတစ်ဆင့် ဦးစီးဌာန၏ သဘောထားမှတ်ချက်ရရှိမှသာ မိမိတို့၏ လုပ်ပိုင်ခွင့်အရ ခွင့်ပြုနိုင်သော ကိစ္စများကို ခွင့်ပြုရမည်။

၂၇။ ဦးစီးဌာနသည် ဤဥပဒေအရ ရရန်ရှိသော ဖြတ်သန်းခ၊ ကုန်ကျစရိတ်၊ လျော်ကြေးနှင့် အခြား အခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူအပေါ် ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့အရ ကောက်ခံခွင့်ရှိသည်။

၂၈။ ဦးစီးဌာနက စီစဉ်ထားရှိသော ရေကြောင်းပြရေယာဉ်၏ ကြီးကြပ်မှု ဖြင့်သာ တူးမြောင်းအတွင်း ဖြတ်သန်းသွားလာရမည့် ရေယာဉ်များသည် ရေကြောင်းပြသမှု ဝန်ဆောင်ခကို ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ပေးဆောင်ရမည်။

၂၉။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဤဥပဒေနှင့် အညီသာ ဆောင်ရွက်ရမည်။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာ တွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန် နိုင်သည်။

( ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာ စာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

## ပူစူးမ(ခ)ဒေါ်ဇွန်သူသူကို(ဘ)ဦးမြင့်သူ ၈/ပခက(နိုင်)၁၄၉၃၈၄လွှဲအပ်ညွှန်ကြားချက်အရ ၂-၃-၂၀၂၀ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၂၅ပါ ရှေ့နေဦးနန်းထိုက်ဦး၏ ကြေညာချက်အပေါ်ထပ်ဆင့်သတိပေးတားမြစ်ခြင်းနှင့်အများသိစေရန် ပြန်လည်ဖြေရှင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးမိုးသူ (ဘ)ဦးမြင့်သူ ၈/ပခက(နိုင်)၂၄၁၄၇၁၊ အမှတ် ၁၉၊ စက္ကူစက်လမ်းသွယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ သန်လျင်မြို့တွင်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးမိုးသူမှ ၂၀၁၆ခုနှစ်တွင် ဂျပန်နိုင်ငံမှဝယ်ယူတင်သွင်းလာခဲ့သော ဒေါ်စိုးမိုးသူ အမည်ပေါက် Toyota Belta ကားအမျိုးအစား၊ မော်တော်ယာဉ်အမှတ်YGN-4G/5607၊ ခဲရောင်ကို ညီမဖြစ်သူ ပူစူးမ(ခ)ဒေါ်ဇွန်သူသူကို (ဘ)ဦးမြင့်သူ ၈/ပခက(နိုင်)၁၄၉၃၈၄နှင့် ခင်ပွန်းဖြစ်သူ ဦးစောမြတ်ကျော် အခန်းအမှတ်(၂၁)၊ တိုက်အမှတ် ၁၂၀၃၊ ခနသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်တွင်နေထိုင်သူတို့မှ မိသားစုစီးနင်းရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးမိုးသူထံမှ ၂၀၁၈ခုနှစ် ဇွန်လတွင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုခဲ့ခြင်းမရှိဘဲ မော်တော်ယာဉ်တန်ဖိုးငွေ၏ တချို့တစ်ဝက်ကိုသာပေးချေပြီး၊ မော်တော်ယာဉ်နှင့်တကွ မော်တော်ယာဉ်ပိုင်ရှင်အမည်ပေါက်စာအုပ်တို့ကို ရယူသွားခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးမိုးသူမှ မော်တော်ယာဉ်တန်ဖိုးကျန်ငွေများကို အကြိမ်ကြိမ်တောင်းခံခဲ့သော်လည်း ယခုကြော်ငြာထည့်သွင်းသည့်အချိန်အထိ ပေးချေခြင်းမရှိဘဲ ရှောင်လွှဲနေခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးမိုးသူမှ ပူစူးမ(ခ)ဒေါ်ဇွန်သူသူကို ၈/ပခက(နိုင်)၁၄၉၃၈၄သို့ ၁၇-၂-၂၀၂၀ရက်စွဲပါ ကြေးမုံသတင်းစာ၊စာမျက်နှာ ၂၅တွင် ပူစူးမ(ခ)ဒေါ်ဇွန်သူသူကို ၈/ပခက(နိုင်)၁၄၉၃၈၄ အား သတိပေးတားမြစ်ခြင်းကြော်ငြာနှင့် ၂၆-၂-၂၀၂၀ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ ၂၄တွင် ပူစူးမ(ခ)ဒေါ်ဇွန်သူသူကို(ဘ)ဦးမြင့်သူ ၈/ပခက(နိုင်)၁၄၉၃၈၄၊ အခန်း(၂၁)၊ တိုက်အမှတ် ၁၂၀၃၊ ခနသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်တွင်နေထိုင်သူအား ထပ်မံ သတိပေးတားမြစ်ခြင်းနှင့် အများသိစေရန်ကြေညာခြင်း ကြော်ငြာတို့ဖြင့်ထည့်သွင်းကြော်ငြာခဲ့ပြီးဖြစ်ပါသည်။

ထိုသို့ကြေညာခဲ့သည့်အပေါ် ၂-၃-၂၀၂၀ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် လူကြီးမင်းတို့၏ရှေ့နေ ဦးနန်းထိုက်ဦး၏ကြေညာချက်တွင် ကျွန်ုပ်မိတ်ဆွေအနေဖြင့် ဒေါ်စိုးမိုးသူထံမှ ဝယ်ယူပိုင်ခဲ့သည့် မော်တော်ယာဉ်၏ ကာလတန်ဖိုးငွေအား အပြီးအပြတ်ပေးချေပြီးဖြစ်သည်ကတစ်ကြောင်း၊ ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော မော်တော် ယာဉ် Toyota Beltaကားအမျိုးအစား မော်တော်ယာဉ်အမှတ် YGN-4G/5607 ခဲရောင်အား ကျွန်ုပ်မိတ်ဆွေ အမည်ပေါက်လက်ရှိပိုင်ဆိုင်ထားသည့်မော်တော်ယာဉ်ဖြစ်သည့်အတွက်ကြောင့် ကျွန်ုပ်မိတ်ဆွေအနေဖြင့် အခြားသူ တစ်ဦးတစ်ယောက်ထံသို့ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း၊ အခြား တစ်နည်းဖြင့်စီမံခန့်ခွဲခြင်းများအား ပြုလုပ်နိုင်သူဖြစ်ပါသည် ဟူ၍ ထည့်သွင်းကြော်ငြာထားခြင်းကြောင့် လူကြီးမင်းတို့အနေဖြင့် အထက်ဖော်ပြပါကားအား ကာလတန်ဖိုးငွေအပြည့်အဝပေးချေပြီး၊ ဝယ်ယူထား သည်မှန်ကန်ခဲ့လျှင် သို့တည်းမဟုတ် လူကြီးမင်းတို့အမည်ပေါက် လက်ရှိပိုင်ဆိုင်ထားသည့် မော်တော်ယာဉ် ဖြစ်ကြောင်း မှန်ကန်ခဲ့လျှင် အရောင်းအဝယ်စာချုပ်မူရင်းကိုတင်ပြနိုင်ရမည်ဖြစ်ပါသည်။ သို့ပါ၍ ကျွန်ုပ်ထံသို့ မော်တော်ယာဉ်အရောင်းအဝယ်စာချုပ်မူရင်းကို ယခုကြော်ငြာပါရှိသည့်ရက်မှ သုံးရက်အတွင်း လာရောက် တင်ပြနိုင်ပါကြောင်းနှင့် လာရောက်တင်ပြခြင်းမပြုခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလိုအရေးယူ ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း ပူစူးမ(ခ)ဒေါ်ဇွန်သူသူကို၊ ခင်ပွန်း ဦးစောမြတ်ကျော်နှင့်တကွ အများသိစေရန် ပြန်လည်ဖြေရှင်းကြေညာအပ်ပါသည်။

**ဒေါ်စိုးမိုးသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်ဇော် B.Sc(Zool),H.G.P.,R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၉၆၄)**
**အမှတ် ခ/၂၉၄၊ ဦးအောင်မြတ်လမ်း၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၇၅၂**

| | |
|---|---|
| ဒေါ်နွယ်နွယ်စိုး(၎င်းကိုယ်စားအထွေထွေ နှင့် ကိုယ်စားလှယ်စာရသူ-ဒေါ်သဇင်မော်) | ၁။ ဦးချစ်ခိုင် ၂။ ဦးဟန်ရိုးရင် |
| **တရားလို** | **တရားပြိုင်များ** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သိပ္ပံလမ်းနှင့် ၆၈ လမ်းထောင့်နေ ဦးဟန်ရိုးရင် ၁၃/မဆတ(နိုင်)၀၂၈၂၆၇ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက ကျူးကျော်သူအားဖယ်ရှားနှင်ထုတ်ပြီး လက်ရောက်ပေး အပ်စေလိုမှုဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မတ် ၂၀ရက် (၁၃၈၁ ခုနှစ် တပေါင်း လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါ ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကိုထုတ် ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြု လိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မတ် ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဦး)**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

---

## ဒေါ်ဇင်သူမာ (TGKN-၀၆၈၉၆၅) ၁၂/သဃက(ယ)၀၀၁၁၉၁ နှင့် အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဃ) ရပ်ကွက်၊ လုပ်အားလမ်း၊ အမှတ် (၁)ရှိ (၅)ထပ်တိုက်ကို စိုးဘရားသားဆောက်လုပ်ရေးနှင့် ဆောက်လုပ်ပြီးမြေရှင်များက ၄-လွှာ၊ ၅-လွှာကို ရရှိခဲ့ပါသည်။ ၄ လွှာ၊ ၅ လွှာနှင့် တိုက်တည်ရှိရာ မြေကွက်ကို ဒေါ်ဘယ်ဂွံဖံမှ မွေးဖွားသောမောင်နှမ (၃)ဦးဖြစ်သည့် ဒေါ်ဇင်သူမာ၊ ဦးမျိုးဇော်ဦး၊ ဒေါ်ဖြူဖြူဝင်းတို့ကပိုင်ဆိုင် ထားသူများဖြစ်ကြပါသည်။ ယခုအခါ မိခင်ကြီးကွယ်လွန်၍ အဆိုပါတိုက်ခန်း(၂)ခန်းမှာ ကာလ တန်ဖိုးသိန်း (၃၆၀)ခန့် တန်ကြေးရှိပါသည်။ ဒေါ်ဇင်သူမာအနေဖြင့် ကျန်မောင်နှမ(၂)ဦးဖြစ် သည့် ဦးမျိုးဇော်ဦး၊ ဒေါ်ဖြူဖြူဝင်း တို့အား မြေနှင့်တိုက်ခန်း (၂)ခန်း၏ အမွေဖြစ်သော (၄)ပုံ (၃)ပုံအား ခွဲဝေပေးရန် တောင်းဆိုလိုက်ပါသည်။ ယနေ့မှစ၍ မြေနှင့်တိုက်ခန်း (၂)ခန်း၏ အမွေဝေစု(၄)ပုံ (၃)ပုံအား ခုနစ်ရက်အတွင်း ဦးမျိုးဇော်ဦး၊ ဒေါ်ဖြူဖြူဝင်းတို့ကို အမွေခွဲဝေပေး ရန်နှင့် ခွဲဝေပေးခြင်းမပြုပါကတည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားရလိမ့်မည်ဖြစ် ကြောင်း အသိပေးအပ်ပါသည်။ မလွှဲရှောင်သာ၍ တရားစွဲဆိုပါက တရားစရိတ်အဝဝသည် ဒေါ်ဇင်သူမာ၏တာဝန်သာဖြစ်ကြောင်း ဒေါ်ဇင်သူမာနှင့်အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးတင်အောင်ကြည်(တောင်သုံးလုံး) (စဉ်-၁၂၁၃၁) တရားလွှတ်တော်ရှေ့နေ၊**
**အမှတ် ၂၉၊ ပင်းယလမ်း၊ (အလက)ကျောင်းအနီး၊ ရခိုင်ရိုးကြီးကျေးရွာ၊**
**ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၁၈၇၃၄**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၄၁/၂)၊မြေကွက်အမှတ်(၅၉၀)၊မြေကွက်တည်နေရာအမှတ်(၅၉၀)(၁၄၁/၂)ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း) ဒေါ်သီတာဦး(၁၂/လမတ(နိုင်)၀၀၄၁၄၄) အမည်ပေါက်၊ပါမစ်မြေမြေအားပါမစ်မြေ အမည်ပေါက်ဒေါ်သီတာဦးထံမှအရောင်း အဝယ်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထား သူဒေါ်ဥမ္မာအေး(၁၂/တမန(နိုင်)၂၅၀၂၆၁) မှရွှေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်း ချုပ်၊အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊မှီခို သူများစာရင်း(မိသားစုဓာတ်ပုံပါဝင်ခြင်း မရှိပါ)တင်ပြပြီးပါမစ်မစ်(ပါမစ်ရှိ)ဖြင့် ဂရန်သစ်လျှောက်ထားခြင်း၊မြေပြင်ကွင်း ဆင်းစစ်ဆေးရာမြေကွက်လပ်ဖြစ်ကြောင်း တင်ပြ၍ဂရန်သစ်(ပါမစ်ရှိ-ပါမစ်မစ်)ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထား လာရာတရားဝင်နိုင်လုံသောအထောက် အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှ စ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း နှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်း အတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 14W/12428 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်းအများသိစေရန် ကြေညာအပ် ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

---

## အမည်မှန်

တန့်ယန်းမြို့နယ်၊ မန်ကတ်(အထက)မှ တက္ကသိုလ်ဝင်တန်းကျောင်းသူ နန်းမွေလျှမ်း (က၀-၂၉၄၄)၏ အမည်မှန်မှာ နန်းမွေလျှန်း ၁၃/တယန(နိုင်)၀၉၅၈၅၈ဖြစ်ပြီး မိခင်အမည်မှန်မှာ အိမ်ထောင်စုနှင့်မှတ်ပုံတင်မူရင်းအရ ဒေါ်နန်းယုံး ၁၃/လရန(နိုင်) ၁၆၃၃၀၇ဖြစ်ပါသည်။

---

## အမည်မှန်

တန့်ယန်းမြို့နယ်၊ မန်ကတ်(အထက)မှ တက္ကသိုလ်ဝင်တန်းကျောင်းသူ နန်းဆန်အောင် (က၀-၂၃၂၈)၏ အမည်မှန်မှာ နန်းဆိုင်အောင် ၁၃/တယန(နိုင်)၀၇၈၆၈၇ ဖြစ်ပြီး ဖခင်အမည် မှန်မှာ အိမ်ထောင်စုနှင့် မှတ်ပုံတင်မူရင်းအရ ဦးဆန်လိတ် ၁၃/တယန(နိုင်)၀၂၁၅၈၈ဖြစ်ပါ သည်။

---

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ် (၁၆-ခ/၁)၊ ဦးပိုင် အမှတ် ၁၀၇၊ မြေရေိယာ ၀ဒသမ၀၄၃ကေရှိမြေကွက်အား ဒေါ်နွားမေ၊ MKA-၀၀၈၅၆၄ အမည်ဖြင့် အမှုတွဲအမှတ် ၁၁၅၂(၃)/(၁၉၉၂-၁၉၉၃)အရ(၃၁-၆-၂၀၂၂)ရက်ထိ နှစ်(၃၀) မြေငှား ဂရန်ရရှိခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အမည်ပေါက်သူ ဒေါ်နွားမေသည် ၁၂-၂-၂၀၁၅ရက်တွင် လည်းကောင်း၊ ၎င်း၏ခင်ပွန်း ဦးအောင်ဖေမှာ ၆-၁-၁၉၄၆ရက်တွင်လည်းကောင်း၊ သား မောင်တင်ထွေးမှာ ၁၅-၆-၁၉၈၀ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပြီး ဖြစ်သဖြင့် ကျန်ရှိသူ မောင်နှမ(၅)ဦးဖြစ်သော (၁)ဦးတင်လှ၊ (၂) ဒေါ်တင်နွဲ့၊ (၃)ဦးကိုကိုကြီး၊ (၄)ဒေါ်လှလှမေ၊ (၅)ဒေါ်လှလှဝေတို့မှ မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ ၂၄-၄-၂၀၁၇ရက်စွဲပါ မှတ်ပုံတင်အမှတ် ၄၃/၂၀၁၇ဖြင့်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာ စာချုပ်ချုပ်ဆိုပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအောင်ထွန်းလေးမှ မြစ်ကြီးနားမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ ၂၁-၂-၂၀၁၉ရက်စွဲပါ မှတ်ပုံတင်အမှတ် ၂၇၅/၂၀၁၉ဖြင့် ဒေါ်ဝမ်ကြူရင်(ခ)ရီရီမိုးထံသို့ ရောင်းချခဲ့ပြီးယခုအခါ အဆိုပါမြေကွက်အား ဒေါ်ဝမ်ကြူရင်(ခ)ရီရီမိုး ၁/မကန(နိုင်)၀၀၀၃၁၄မှ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက် ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၉-၃-၂၀၂၀** ရက်နေ့မှ စတင်၍ **၂၃-၅-၂၀၂၀** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၂၀ ပြည့်နှစ်၊ မေလ ၂၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၆-၆-၂၀၂၀** မှ **၂၇-၆-၂၀၂၀** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)
## ကြော်ငြာစာအမှတ် ၁/၂၀၂၀
## ၁၃၈၁ ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်
## ၂၀၂၀ ပြည့်နှစ် မတ် ၁၀ ရက်

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) သင်ကြားရေးဌာန၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီရှိ အောက်ဖော်ပြပါ ပညာဌာနများအတွက် နည်းပြရာထူး (လစာနှုန်း ၂၁၆၀၀၀ိ-၂၀၀၀ိ-၂၂၆၀၀၀ိ) (၇)နေရာ လစ်လပ်လျက်ရှိပါသဖြင့် အောက်ပါပညာအရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ဌာန | ရာထူး | ဦးရေ | သတ်မှတ်ပညာအရည်အချင်း |
|---|---|---|---|---|
| ၁ | စီမံခန့်ခွဲမှုပညာဌာန | နည်းပြ | ၁ | M.B.A/M.P.A/M.Com/ M.Dev.S |
| ၂ | စီးပွားရေးပညာဌာန | နည်းပြ | ၁ | M.B.A/M.P.A/M.Econ(Stat)/ M.Econ(Eco)/M.P.P/M Dev.S |
| ၃ | ဥပဒေပညာဌာန | နည်းပြ | ၁ | LL.M |
| ၄ | လူမှုရေးသိပ္ပံပညာဌာန | နည်းပြ | ၁ | M.A(Psycho)/M.A (Anthropology)/ M.A(Myanmar)/ M.A (Philosophy) |
| ၅ | နိုင်ငံရေးသိပ္ပံပညာဌာန | နည်းပြ | ၁ | M.A(IR)/M.A(Hist)/M.A(Geog)/ M.A (Philosophy) |
| ၆ | အင်္ဂလိပ်ဘာသာပညာဌာန | နည်းပြ | ၁ | M.A(Eng) |
| ၇ | သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဌာန | နည်းပြ | ၁ | M.C.Sc/M.I.Sc/B.E(IT)/ M.E(IT)/B.E(Computer Engineering & Information Technology) B.E(Computer Engineering/B.E(IST) |

၂။ လျှောက်ထားသူသည်-
- (က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသောနိုင်ငံသား ဖြစ်ရမည်။
- (ခ) သတ်မှတ်ပညာအရည်အချင်းအလိုက် အနည်းဆုံး မဟာဘွဲ့ရရှိသူဖြစ်ရမည်။
- (ဂ) ကွန်ပျူတာအခြေခံတတ်မြောက်ကျွမ်းကျင်သူဖြစ်ရမည်။
- (ဃ) (၃၁-၃-၂၀၂၀)ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ ပါရဂူဘွဲ့ရရှိသူ ဖြစ်ပါက အသက် ၄၀ ထက်မကျော်လွန်သူ ဖြစ်ရမည်။
- (င) ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသော မြို့နယ်/ခရိုင်အဆင့်ရှိ ဆေးရုံတစ်ခုခုမှ ကျန်းမာကြောင်း ထောက်ခံချက်မူရင်းပါရှိရမည်။
- (စ) ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။ ကတိဝန်ခံစာချုပ်ချုပ်ဆိုရပါမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
- (က) နှစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံ
- (ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ(မူရင်းတင်ပြနိုင်ရမည်)
- (ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်(မူရင်း) (၃)လအတွင်း
- (စ) သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း (၃)လအတွင်း
- (ဆ) စာမေးပွဲဝင်ကြေး ငွေပေးသွင်းပြီးပြေစာမူရင်း

၄။ လျှောက်လွှာများကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ၁၂-၃-၂၀၂၀ ရက်မှစတင်၍ ဝယ်ယူလျှောက်ထားနိုင်ပြီး ၃၁-၃-၂၀၂၀ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၏ခွင့်ပြုကြောင်းနှင့် လျှောက်လွှာတစ်စောင်ကို ဤတက္ကသိုလ်သို့ သတ်မှတ်ရက်အတွင်း ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး ကျန်လျှောက်လွှာတစ်စောင်ကို မိမိတို့တာဝန်ထမ်းဆောင်နေသည့် ဝန်ကြီးဌာနအဖွဲ့အစည်းမှတစ်ဆင့် ဤတက္ကသိုလ်သို့ ကြိုတင်ပေးပို့ရန်ဖြစ်သည်။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲအား ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ၂-၄-၂၀၂၀ ရက်တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတ၊ ၃-၄-၂၀၂၀ ရက်တွင် အင်္ဂလိပ်စာတို့ကို ဖြေဆိုရမည်။ (ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။)

၆။ စာမေးပွဲဝင်ကြေး ၁၀၀၀ိ/အား မြန်မာ့စီးပွားရေးဘဏ်(ပြင်ဦးလွင်မြို့နယ်)ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ငွေစာရင်းအမှတ် MD-၀၁၀၆၅၇ သို့ ၃၁-၃-၂၀၂၀ ရက် နောက်ဆုံးထား၍ ပေးသွင်းရမည်။

၇။ ဖြေဆိုခွင့်ကတ်ပြားများအား ၁-၄-၂၀၂၀ ရက်မှ ၂-၄-၂၀၂၀ ရက်အထိ ရုံးချိန်အတွင်း၌ ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သို့ လူကိုယ်တိုင် သို့မဟုတ် ဖုန်း-၀၂-၅၀၀၀၅၊ ၀၂-၅၀၂၃၆၊ ၀၂-၅၀၂၇၃၊ ၀၂-၅၀၂၇၄ နှင့် ၀၂-၅၀၂၆၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)
## ကြော်ငြာစာအမှတ် ၁/၂၀၂၀
## ၁၃၈၁ ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်
## ၂၀၂၀ ပြည့်နှစ် မတ် ၁၀ ရက်

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ပြည်သူ့ဝန်ထမ်းအကယ်ဒမီတွင် လစ်လပ်လျက်ရှိသောအငယ်တန်းစာရေး (လစာနှုန်း ၁၈၀၀၀၀ိ-၂၀၀၀ိ-၁၉၀၀၀၀ိ) ရာထူး(၆)နေရာအတွက် အောက်ပါပညာအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) သတ်မှတ်ပညာအရည်အချင်းမှာ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး ကွန်ပျူတာတတ်ကျွမ်းသူ ဖြစ်ရမည်။
- (ဂ) ၃၁-၃-၂၀၂၀ ရက်တွင် ပြင်ပပုဂ္ဂိုလ်များ အသက်(၂၇) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်ဖြစ်ပြီး ဌာနတွင်းတွင် တာဝန်ထမ်းဆောင်သူဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဃ) ရွေးချယ်ခြင်းခံရသူများသည် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ရမည်။

၂။ လျှောက်လွှာများကို ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ၁၂-၃-၂၀၂၀ ရက်(ကြာသပတေးနေ့)မှ စတင်၍ အခမဲ့ထုတ်ယူနိုင်ပြီး လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၃၁-၃-၂၀၂၀ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာတွင် ဖြည့်သွင်းရမည့်ပုံစံပူးတွဲတင်ပြရမည့်အချက်အလက်များအား ဖော်ပြထားရှိပါသည်။

၃။ ၂၁-၄-၂၀၂၀ ရက် (အင်္ဂါနေ့)၊ ၂၂-၄-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) နှင့် ၂၃-၄-၂၀၂၀ ရက် (ကြာသပတေးနေ့)များတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်း၊ ရေးဖြေစာမေးပွဲဖြေဆိုစေခြင်းနှင့် လူတွေ့စစ်ဆေးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၂-၅၀၀၀၅၊ ၀၂-၅၀၂၃၆၊ ၀၂-၅၀၂၆၆ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/9087 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## နိုင်ငံပိုင်မြေနှင့် အဆောက်အအုံနှင့် မြေကွက်များအား ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်လက်ဝယ်ရှိ မြေနှင့်အဆောက်အအုံနှင့် မြေကွက်စုစုပေါင်း(၂၄)ခုကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ ဝယ်ယူလိုသော Lot No. တစ်ခုချင်းအလိုက် သီးခြားအဆိုပြုလွှာတစ်စောင်စီ တင်သွင်းရမည်။ သတ်မှတ်စပေါ်ငွေ P.O Cheque (Payment Order Cheque) အား တင်ဒါတင်သွင်းလွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၃-၂၀၂၀ ရက်မှ ၈-၄-၂၀၂၀ ရက်အထိ
**နေရာ** - ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံး၊ (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်) စပေါ်ငွေသွင်းရမည့် တန်ဖိုးကို အဆိုပြုလွှာဝယ်ယူသည့်အခါ တစ်ပါတည်းဖော်ပြပေးပါမည်။

၄။ **တင်ဒါတင်သွင်းရမည့်အစီအစဉ်**
**P.O Cheque တင်ပြရမည့်ရက်** - ၂၁-၄-၂၀၂၀၊ ၂၂-၄-၂၀၂၀၊ ၂၃-၄-၂၀၂၀
**တင်ဒါတင်သွင်းရမည့်ရက်** - ၂၄-၄-၂၀၂၀ ရက်
- Lot No. (၁)မှ (၂၄)အထိ နံနက် (၁၀)နာရီမှစ၍ အစဉ်လိုက် လက်ခံပါမည်။
**နေရာ** - ရုံးအမှတ်(၃၂)၊ နေပြည်တော်

၅။ ဝယ်ယူလိုသည့် မြေနှင့်အဆောက်အအုံနှင့် မြေကွက်များအား ကြော်ငြာသည့်ရက်မှစ၍ သွားရောက်ကြည့်ရှုနိုင်ပါသည်။ ဝယ်ယူရန် အဆိုပြုလွှာတင်သွင်းသည့်အချိန်တွင် ဝယ်ယူမည့်မြေနှင့် အဆောက်အအုံနှင့် မြေကွက်များအား ကြည့်ရှုစစ်ဆေးပြီးဖြစ်ကြောင်း ဝန်ခံချက်ဖြင့် ပူးတွဲတင်ပြရပါမည်။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၆၃၃၉ ကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ website https://www.mopfi.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

| Lot No. | မြေနှင့်အဆောက်အအုံနှင့် မြေကွက်(အကျယ်အဝန်း) |
|---|---|
| ၁ | ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ရပ်ကွက်(၂)၊ ဆိပ်မူကျေးရွာ၊ အမှတ်(၁၅၉)၊ ကွင်းအမှတ် (Oss-၉၆)ရှိမြေနှင့်အဆောက်အအုံ၊ မြေ (၀.၀၅၃)ဧက |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးဝမြို့၊ အမှတ်(၁) ရပ်ကွက်ရှိ မြေနှင့်အဆောက်အအုံ၊ မြေ(၁.၂၁၃)ဧက |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၇)၊ အောင်သိဒ္ဓိလမ်းနှင့် ကေရာဇ်လမ်းထောင့်၊ အကွက်အမှတ်(၇၂)ရှိ မြေနှင့်အဆောက်အအုံ၊ မြေ (၀.၀၆၉)ဧက |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ တောင်ဇလပ်ရပ်ကွက်၊ နယ်မြေ(၈)၊ ကွင်းအမှတ်(၈၄၆)၊ အိမ်အမှတ်(၄၄)ရှိမြေနှင့် အဆောက်အအုံ၊ မြေ(၀.၀၉၁)ဧက |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ သီရိမြိုင်ရပ်ကွက်၊ အကွက်အမှတ်(၄)၊ အမှတ်(၁၁၄)ရှိ သစ်စက်မြေနှင့် အဏ္ဏဝါရပ်ကွက်၊ ကွင်းအမှတ် (၂၅)၊ မြေကွက်အမှတ် (၁၃၁) နှင့် (၁၃၂)ရှိ မြေနှင့် အဆောက်အအုံ၊ မြေ (၁.၀၇၉)ဧက |
| ၆ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်း(၂၃/အေ)၊ မြေကွက်အမှတ်(၁၃၄၂-၁၃၄၃) ရှိ မြေကွက်၊ မြေ(၀.၃၆၈)ဧက |
| ၇ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်း(၂၃/အေ)၊ မြေကွက်အမှတ်(၁၃၄၆-၁၃၄၇) ရှိ မြေကွက်၊ မြေ(၀.၃၆၈)ဧက |
| ၈ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်း(၂၃/အေ)၊ မြေကွက်အမှတ်(သီးသန့်-၁) ရှိ မြေကွက်၊မြေ(၀.၀၃၆)ဧက |
| ၉ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ ကွင်းအမှတ်(၃၆)ရှိ မြေကွက် (B) နှင့် မြေကွက် (C) စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၈၆၀)၊ မြေ (၀.၅၆၆)ဧက |
| ၁၀ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်၊ မေခလမ်း၊ အမှတ် (၂၆)ရှိ မြေနှင့်အဆောက်အအုံ၊ မြေ(၀.၀၄၁)ဧက |
| ၁၁ | ရှမ်းပြည်နယ်၊ မူဆယ်ခရိုင် မုံးကိုးမြို့နယ်ခွဲ၊ ကွင်းအမှတ် (၂၁၄)၊ အိမ်အမှတ် (၁၂၆)၊ မြို့မရပ်ကွက်(၂)ရှိ မြေနှင့် အဆောက်အအုံ၊ မြေ(၀.၀၆၉)ဧက |
| ၁၂ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ လွန်ကျိုင်းကျေးရွာ၊ ကွင်းအမှတ် (၂၃)ရှိ မြေနှင့်အဆောက်အအုံ၊ မြေ(၀.၁၉၈)ဧက |
| ၁၃ | ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့၊ အမှတ် (၁၄) ရပ်ကွက်၊ အောင်မေတ္တာရပ်ကွက်၊ ကွင်းအမှတ် (၇၅)ရှိ မြေနှင့်အဆောက်အအုံ၊ မြေ(၀.၀၇၃)ဧက |
| ၁၄။ | ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ် ၆၂/က၊ တရုတ်ဘုရားကျောင်း၊ ရေကန်လမ်းနှင့်(၄၂)လမ်းထောင့်၊ နယ်မြေ (၁၃)ရှိမြေနှင့် အဆောက်အအုံ၊ မြေ ၀ဒသမ၀၄၅ဧက |
| ၁၅ | ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ သံလွင်ကျေးရွာ၊ အကွက်အမှတ် ကွင်းပြင်၊ ရပ်ကွက်(၈)ရှိမြေနှင့်အဆောက်အအုံ၊ မြေ ၀ဒသမ၃၈၅ဧက |
| ၁၆ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ ခတ္တာလမ်းမနှင့် ခတ္တာ(၂)လမ်းထောင့်၊ အိမ်အမှတ်(၄/၅၆)၊ အကွက်အမှတ် ၁၆ရှိမြေနှင့် အဆောက်အအုံ၊ မြေ ၀ဒသမ၂၄၈ဧက |
| ၁၇ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ လွန်းကျိုင်းကွင်း၊ ကွင်းအမှတ် ၂၃၊ အမှတ် ၂၄၁၊ အခါဈေးနောက်(ဝိန်းကျောက်ရွာ)ယခင်ဟောင်လိတ်ကျေးရွာအုပ်စုရှိမြေနှင့်အဆောက်အအုံ၊ မြေ(၀ဒသမ၀၇၄)ဧက |
| ၁၈ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဝိန်းကျောက်ရွာ၊ (ယခင် ဟောင်လိတ်ကျေးရွာအုပ်စု)၊ လွန်းကျိုင်းကွင်း၊ ကွင်းအမှတ် ၂၃၊ (အခါဈေးနောက်)၊ အိမ်အမှတ် ဝတ(ခ)/၂၁၅ရှိမြေနှင့်အဆောက်အအုံ၊ မြေ ၀ဒသမ၂၁ဧက |
| ၁၉ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ လွန်းကျိုင်းကျေးရွာ၊ ကွင်းအမှတ် ၂၃ရှိ မြေနှင့်အဆောက်အအုံ မြေ ၀ဒသမ၅၈၁ဧက |
| ၂၀ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ ခွာညိုလမ်း၊ အမှတ် ၅/၂၃(က)ရှိ မြေနှင့်အဆောက်အအုံ၊ မြေ ၀ဒသမ၀၆၀ဧက |
| ၂၁ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် ၄/၈၇(က)ရှိ မြေနှင့်အဆောက်အအုံ၊ မြေ ၀ဒသမ၀၈၈ဧက |
| ၂၂ | ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ အကွက်အမှတ်(မန်အိုင်အရှေ့ကွင်း)၊ နယ်မြေ(၁၃)ရှိ မြေကွက်၊ မြေ ၀ဒသမ၀၉၂ဧက |
| ၂၃ | ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ အကွက်အမှတ်(မန်အိုင်အရှေ့တိုးချဲ့ကွင်း)၊ နယ်မြေ(၁၃)ရှိ မြေကွက်၊ မြေ ၀ဒသမ၀၈၂ဧက |
| ၂၄ | ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ သင်္ဘောကျင်းရပ်ရှိ မြေနှင့်သိုလှောင်ရုံ (၆)လုံး၊ မြေ ၇ဒသမ၆ဧက |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး(ပင်မဆောင်+တိုးချဲ့ဝင်း)တွင် နေ့/ညလုံခြုံရေးလုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးတွင် ၁၀-၃-၂၀၂၀ရက်မှစ၍ လာရောက်ဝယ်ယူနိုင်ပြီး ၉-၄-၂၀၂၀ ရက် ၁၆:၀၀နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက်နောက်ကျသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

(၂၀၁၉-၂၀၂၀)ဘဏ္ဍာနှစ်အတွင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ လမ်းမီးထွန်းခြင်းလုပ်ငန်းတွင် Under Ground မီးကြိုးသွယ်တန်းရာ၌ အသုံးပြုရန်လိုအပ်သော 32mm Ø HDPE Pipeအား အိတ်ဖွင့်တင်ဒါ (Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- (က) တင်ဒါဖြင့်ခေါ်ယူမည့်ပစ္စည်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
  - (၁) 32mm Ø HDPE Pipe
- (ခ) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၀၂၀ပြည့်နှစ် မတ် ၁၂ရက်
- (ဂ) **တင်ဒါပိတ်မည့်ရက်** - ၂၀၂၀ပြည့်နှစ် မတ် ၃၀ရက် ညနေ ၃နာရီ
- (ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရေနှင့်သန့်ရှင်းမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
- (င) **တင်ဒါတစ်စုံရောင်းနှုန်း** - တစ်စောင်လျှင် ၁၀၀၀၀ိ/-နှုန်း

ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဌာနမှူး၊ ရေနှင့်သန့်ရှင်းမှုဌာန ဖုန်း-၀၉-၇၇၈၇၁၆၀၃၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/3884 Chin Dwin Group L/T(CDS LT.02)Pickup(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးရဲဇော်ထွန်း ၁/ဗမန(နိုင်)၁၀၄၀၈၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## အသိပေးကြေညာချက်
### ဒေါ်သဇင်ဖိုလ်(ဘ)ဦးထွန်းထွန်းလင်း ၃/သကတ(နိုင်)၀၁၁၅၅၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့မှ ဖိုလ်ကြီး အောင်ကျော်မင်း၊ နိုင်ငံသားစိစစ်ရေးအမှတ် ၁၂/မဆန(နိုင်)၁၁၃၉၆၆နှင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သဇင်ဖိုလ်တို့သည် ဘုရင့်နောင်တပ်ဦးဘုန်းတော်ကြီးကျောင်း၌ ၁၃-၂-၂၀၁၅ရက်တွင် လည်းကောင်း၊ တောင်ငူခရိုင်တရားရုံး၌ ၁၁-၃-၂၀၁၅ရက်တွင် လည်းကောင်း ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာအရ လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ကြ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းလာရာ ၁၅-၁-၂၀၁၉ရက်နေ့၌ ငြိမ်းချမ်းနောင် အမည်ရှိ သားတစ်ဦးမွေးဖွားခဲ့ပါသည်။ ဒေါ်သဇင်ဖိုလ်သည် ခင်ပွန်းဖြစ်သူအပေါ် မယားဝတ္တရားနှင့်အညီ မြန်မာအမျိုးသမီးကောင်းတို့၏ စဉ်လာအတိုင်း ချစ်ခင်ရိုသေမြတ်နိုးစွာနေလာခဲ့သော်လည်း ဖိုလ်ကြီးအောင်ကျော်မင်းသည် ဇနီးဖြစ်သူကို လျစ်လျူရှုလာခဲ့ရာ ၂၀၁၉ ခုနှစ်နောက်ပိုင်းတွင် ဇနီးနှင့်သားထံပြန်လာခြင်းမရှိတော့ဘဲ အမျိုးသမီးတစ်ဦးနှင့် ပေါင်းသင်းနေကြောင်း ကြားသိရပြီး ဒေါ်သဇင်ဖိုလ်အားလည်း အကြောင်းမဲ့သက်သက် လင်မယားအဖြစ် မပေါင်းသင်းဘဲ ရှောင်တိမ်းနေလျက်ရှိသည်ဟု ဆိုပါသည်။ ယခုအခါ ၎င်းသည်ကျွန်ုပ်တို့၏ အမှုသည်အား ကွာရှင်းစာချုပ်လက်မှတ်ထိုးပေးရန် နည်းမျိုးစုံဖြင့် အတင်းအကျပ်စေခိုင်းလျက်ရှိသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲ အတိဒုက္ခရောက်နေလျက်ရှိကာ အများအလယ်တွင် မျက်နှာငယ် အရှက်ရနေကြောင်း ဆိုပါသည်။ သို့ပါ၍ ဒေါ်သဇင်ဖိုလ်သည် ဖိုလ်ကြီးအောင်ကျော်မင်း၏ တရားဝင်ဇနီးအဖြစ်ရှိနေပါကြောင်းနှင့် အိမ်ထောင်ရေးပြိုကွဲအောင် ကြိုးပမ်းကြသူ မည်သူကိုမဆို ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်သဇင်ဖိုလ်**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစောမြင့်ကို (စဉ်-၄၂၃၂/၈၇)၊ တရားလွှတ်တော်ရှေ့နေ၊ နိုတြီပဗ္ဗလစ်၊ ဖုန်း- ၀၉ ၄၂၀ ၇၆၅ ၀၇၈**
**ဦးပြေငြိမ်း(စဉ်-၁၆၂၂၆/၁၉)၊ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်စန္ဒာဝင်း(စဉ်-၁၄၈၄၀/၁၈)၊ တရားလွှတ်တော်ရှေ့နေ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၁၊ မြေကွက်အမှတ် ၅၆၀၊ မြေကွက်တည်နေရာအမှတ် ၅၆၀၊ (၁၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ဦးထွန်းငွေ (CF-၀၇၉၃၄၅) အမည်ပေါက်ပါမစ်မြေအား ပါမစ်မြေအမည်ပါ ဦးထွန်းငွေထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူသူ ဦးလှမောင်(ခ)အဗ္ဗဒူကာ ၁၂/မဂတ(နိုင်)၀၈၀၅၄၇မှ ပါမစ်မူရင်း၊ စာချုပ်တို့တင်ပြ၍ နှစ် ၆၀ မြေငှား (ဂရန်)လျှောက်ထားလာခြင်းဖြစ်ပါသည်။ တင်ပြပါမစ်မှာ ဓာတ်ပုံကျောဘက်နှင့်မြေရာဇဝင်အကျဉ်းချုပ်နှင့် ကပ်နေပါသည်။ ပါမစ်ဓာတ်ပုံကျောဘက်နှင့် မြေရာဇဝင်အကျဉ်းချုပ်နှင့်ကပ်နေခြင်းအား ရှင်းလင်းတင်ပြရန် အကြောင်းကြားခဲ့ရာ ပါမစ်ဓာတ်ပုံကျောဘက်ပူးနေခြင်းမှာ ဝယ်ယူစဉ်ကတည်းက မသိရှိဘဲ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်ပေါ်လာမည့်ကိစ္စအဝဝအား တာဝန်ယူကြောင်း ဝင်စာ-၁၁၄၈၃ (၃၀-၁၂-၂၀၁၉)ဖြင့် ဝန်ခံကတိပြုလက်မှတ်ရေးထိုးတင်ပြလာပါသည်။ သို့ဖြစ်ပါ၍ ပါမစ်အမည်ပါ ဦးထွန်းငွေထံမှ အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူသူ ဦးလှမောင်(ခ)အဗ္ဗဒူကာမှ ပါမစ်မူရင်းတင်ပြ၍ နှစ်(၆၀)မြေငှား(ဂရန်)လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါက်တာဦးဘုန်းကျော်
**(M.B, B.S)(MDY)**
**အသက်(၈၀)**

မြောင်မြို့၊ တောင်ရပ်နေ (ဦးစံတုတ်–ဒေါ်အိ)တို့၏သားထွေး၊ ဒိုက်ဦးမြို့၊ မင်းလမ်းနေ (ဦးချစ်မောင်–ဒေါ်ကြင်တင်)တို့၏ သားသမက်၊ ပန်းတောင်းမြို့၊ ဝန်လိုရပ်နေ ဒေါ်ညွန့်ညွန့်၏ခင်ပွန်း၊ ဦးထွန်းထွန်းကျော် (ခေတ္တ–စက်ရုံမှူး။ အမှတ်–၁၊ သံမဏိစက်ရုံ၊ မြင်းခြံ)–ဒေါ်အေးအေးခိုင်(သံမဏိအထက)၊ ဦးနေမျိုးသိန်း(အင်ဂျင်နီယာချုပ်၊ စက်မှု၊ မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း)–ဒေါ်ခင်နှင်းသစ် (ပန်းတောင်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ ဦးမြတ်မိုးကျော်(ပန်းတောင်းမြို့နယ်စည်ပင်သာယာရေးဥက္ကဋ္ဌ)–ဒေါ်ကြည်ကြည် နွယ်(အထက၊ ပန်းတောင်း)ဦးနေနိုင်ထွန်း(Crown–Advanced Co.,Ltd)–ဒေါ်ခိုင်ခိုင်ကျော်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ဟန်မင်းထွန်း၊ မောင်အောင်စံမင်း၊ မောင်ယူမင်းသန့်၊ မမျိုးသွယ်နှင်း၊ မမျိုးသွင်နှင်း၊ မအေးမာကျော်၊ မဆုစန္ဒီကျော်၊ မအေးစန္ဒီကျော်တို့၏ ဘိုးဘိုးကြီးသည် ၇–၃–၂၀၂၀ရက် (စနေနေ့)ည ၈:၁၀ နာရီတွင် နေပြည်တော်(ခုတင်–၁၀၀၀) ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉–၃–၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၃၀နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)အအေးတိုက်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သဂ်ဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် ၇

| | | |
|---|---|---|
| ဒေါ်ညိုညိုအေး | | ၁။ ဦးထွန်းမင်း |
| | | ၂။ ဦးအောင်ထွန်းလင်း |
| | နှင့် | ၃။ ဒေါ်သီတာ |
| | | ၄။ ဒေါ်ရွှေရီ |
| | | ၅။ ဦးဘီ(စ်)နူး |
| | | ၆။ ဦးဂျကာဗဟာဒူး |
| တရားလို | | တရားပြိုင်များ |

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပင်မစစ်လက်နက်ပစ္စည်းတပ်၊ ၉၅–တပ်ရင်း၊ မန္တလေးတောင်ခြေ နေဦးထွန်းမင်း(ဘ) ဦးမြတ်စိုး၊ ဦးအောင်ထွန်းလင်း(ဘ)ဦးမြတ်စိုး(အတူနေညီအစ်ကို)၊ (ယခုနေရပ်လိပ်စာမသိသူ)၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပလစ(၂)၊ တံခွန်တိုင်နေ ဒေါ်သီတာ(ဘ)ဦးလှရှင် (ယခုနေရပ်လိပ်စာမသိသူ)၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၄လမ်း၊ ၂၈x၂၉လမ်းကြား နေ ဒေါ်ရွှေရီ(ဘ)ဦးစိန်ဝင်း (ယခုနေရပ်လိပ်စာမသိသူ)၊ မိုးကုတ်မြို့၊ မြို့မရပ်ကွက်နေ ဦးဘီ(စ်)နူး(ဘ)ဦးအုန်ပါရာကာ(ခ်)(ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ညိုညိုအေး က အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင် ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် မတ် ၃၁ရက် (၁၃၈၁ခုနှစ် တန်ခူးလဆန်း ၈ရက် )မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက် ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စောမျိုးမျိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

---

# အနိစ္စ

---

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/5186 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/9439 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7P/1641 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/56117, Hensin 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးအောင် ၉/မဟမ(နိုင်)၀၄၄၀၁၇ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

- (က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
- (ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
- (ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ် အဝင်/အထွက် ထိန်းချုပ်ရန်၊
- (ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
- (င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
- (စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့် အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
- (ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
- (ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်း သတင်းပို့ရန်၊
- (ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးသိန်းဌေး
### အထက်တန်းပြ(ငြိမ်း)
### အထက(၁)ပဲခူး၊ အထက ကညွတ်ကွင်း၊ အထက(၂)ဖြူးမြို့
### အသက်(၈၈)နှစ်

ပျော်ဘွယ်မြို့နေ(ဦးသာဒွန်း–ဒေါ်သောင်းရွှေ)တို့၏သား၊ ဦးဖေသန်း–ဒေါ်ဌေးဌေး၊ ဦးမောင်မြင့်–ဒေါ်စန်းစန်း၊ ဦး မောင်သန်း–(ဒေါ်သန်းကြည်)၊ ဦးစိုးအောင်–ဒေါ်နော်ပဲပဲတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၇၈၀/ခ၊ မြေညီထပ်နေ ဒေါ်တင်တင်အုန်း၏ခင်ပွန်း၊ ဒေါ်ခင်စန်းဌေး(အထက်တန်းပြ–ငြိမ်း၊ အထက–၁၊ ပဲခူး)၊ ဦးအုန်းခိုင်ဌေး– ဒေါ်အေးမိကျော်၊ ဦးဝင်းထိန်–ဒေါ်ခင်သန်းဌေး (အလယ်တန်းပြ–ငြိမ်း၊ အထက/ခွဲ(၁) ပဲခူး)၊ ဦးအောင်လွင်–ဒေါ်ခင်နန်းဌေး၊ ဦးရန်အောင်–ဒေါ်ဝင်းသီတာသစ်၊ ဦးရန်နောင်–ဒေါ်ခင်ချိုမြင့်၊ ကိုရန်ပြေတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၇–၃–၂၀၂၀ရက် (စနေနေ့) ည ၉:၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉–၃–၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သဂ်ဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၃–၃–၂၀၂၀ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်အောင်
### ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
### မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း
### လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁) ရပ်ကွက်၊ ရွာမကျောင်းလမ်းသွယ်၊ အမှတ် ၂၆/ဘီနေ (ဒေါ်လှတင်)၏ခင်ပွန်း၊ ဦးတင် အောင်[ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန] သည် ၆–၃–၂၀၂၀ ရက် တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပြီး ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဒေါက်တာ ရဲတင့်ထွန်း(ညွှန်ကြားရေးမှူးချုပ်)နှင့်**
**စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ**

---

## ဒေါ်ချိုချိုအောင်
### အလယ်တန်းပြဆရာမ (အထကခွဲ၊ လ–၅၊ မင်္ဂလာဒုံ)
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ ဓမ္မရက္ခိတလမ်း၊ (၂/၇၆)နေ (ဦးအောင်မင်းသာ–ဒေါ်သာနု–ဒေါ်မမလေး)တို့၏သမီး၊ ဦးကျော်စိုး–ဒေါ်ခင်ခင်ညိုတို့၏ညီမ၊ အရာခံဗိုလ်မောင်မောင်အောင်(အမှတ်–၄ ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်)–ဒေါ်ခင်သီတာ၊ ဒေါ်သီတာခင်(High Tech Concrete Co.,Ltd) တို့၏အစ်မ၊ မောင်ထက်အောင်လှိုင်၊ မောင်ထူးအောင်ဝေ၊ မယွန်းရွှေရည် အောင်၊ မောင်ထူးအောင်ဇေယျတို့၏အဒေါ်သည် ၄–၃–၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၀–၃–၂၀၂၀ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/7291 Suzuki Cassy DAG 3T P.U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းသူဟိန်း ၁၃/ကမန(နိုင်)၁၁၅၈၀၆ က(ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ် (၅၁၅)၊ ဦးပိုင်အမှတ်(၄၈၊ ခဲစင်း)မြောက်ဘက်ခြမ်း၊ ၄၀လမ်းနှင့် ၄၁လမ်းကြား၊ ၈၂လမ်းနှင့် ၈၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအေးချို၊ ဒေါ်တင်လှ၊ ဒေါ်တင်အုန်း၊ ဦးမောင်မောင်တို့(၄)ဦးအနက်၊ ဦးမောင်မောင်ပါ(၂)ဦးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၂၅၄၁/၁၉၉၈)ဖြင့် ဦးအေးချို၊ ဒေါ်တင်လှတို့မှ စွန့်လွှတ်ခြင်းကို လက်ခံခဲ့ပြီး စွန့်လွှတ်ခြင်း လက်ခံသူ(၂)ဦးအနက် ခင်ပွန်းဖြစ်သူ ဦးအေးချိုကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၁၆၆/၂၀၁၇)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်တင်လှ ၉/မရတ(နိုင်) ၀၅၁၉၈၄၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၂၃၁/၂၀၁၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသိန်းဦး ၅/မမတ(နိုင်) ၀၄၇၂၁၈ က ဂရန်စာချုပ်မူရင်းပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ရဲကျော်အောင်လမ်း၊မြေကွက်အမှတ်(၁၈၃)၊ဦးတင်ဝင်းအမည်ပေါက်နှစ်(၆၀)ဂရန်အနက်မှ(ခေါင်းရင်းဘက်)အကျယ်အဝန်း(၂၀ပေX၆၀ပေ)ရှိမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဒေါ်ခင်မိုးရီ(၁၂/ဥကတ(နိုင်)၁၁၂၅၇၈)ထံမှကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်တို့ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| LL.B, D.B.L, D.I.L, | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၈၂) |
| Hein Htet San Law Firm | ဖုန်း – ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅ |

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဝင်းကြည်(မိုးမိတ်မြို့)
### အသက်(၈၅)နှစ်

မိုးမိတ်မြို့၊ မြောက်ပိုင်းရပ်၊ဈေးလမ်းနေ (ဦးစဝ်မိန်း–ဒေါ်တင်)တို့၏ သမီး၊ (ဦးသောင်းညွန့်)၏ဇနီး၊ [ ဦးမင်းဇော်(ခ)ဦး ဆန်နီ]–ဒေါ်ချိုချိုဝင်း၊ (ဗိုလ်မှူးချစ်သန်း)(ငြိမ်း)–ဒေါ်လွင်လွင်ဝင်းတို့၏မိခင်၊ မြေးငါးယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၈–၃–၂၀၂၀ရက် နံနက် ၈:၃၀ နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၁၄–၃–၂၀၂၀ ရက်(စနေနေ့) နံနက် ၇ နာရီမှ ၁၁နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း ဒါယကာကြီး
## ဦးအောင်ကျော်ဇော(မြောက်ဦး)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၁)တပ်ထိန်းတပ်(လေ)နေ (ဦးစိန်အောင်–ဒေါ်စိန်သာဦး)တို့၏သား၊ ဒေါ်အောင်မခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးအောင်ကျော်မင်း)–ဒေါ်လှကျော့အေး၊ ဦးလှသိန်းထွန်း–ဒေါ်မအေးသိန်း၊ အုပ်ခွဲတပ်ကြပ်ကြီး ကျော်ဝင်း(လတထ–၁)–ဒေါ်ဝင်းဝင်း၊ ဦးကျော်ကျော်ဦး–ဒေါ်လှမိုးသာ၊ ဦးသိန်းအေးကျော်–ဒေါ်အေးခင်ညွန့်၊ ဦးအောင်သန်းထွန်း– ဒေါ်သန်းသန်းဝင်း၊ ဦးကျော်ဝင်းဌေးတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၃ယောက်၊ မြစ် သုံးယောက်တို့၏ အဘိုးသည် ၇–၃–၂၀၂၀ရက် (စနေနေ့) ညနေ ၃:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၃–၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၃–၃–၂၀၂၀ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## မောင်ကြည်တိုး
### အဆိုတော်၊ စန္ဒရားဆရာ၊ ရဲအုပ်(ငြိမ်း)
### အသက်(၇၇)နှစ်

(ရဲမင်းကြီး ဦးအုံးဖေ–ဒေါ်မြစိန်)တို့၏သား၊ စန္ဒရား (ဦးတင်ထွဋ်)–ဒေါ်မူမူ၊ (ဦးခင်မောင်ရှိန်–ဒေါ်ခင်သန်းနွဲ့)၊ (ဒေါ်မြင့်မြင့်ဝင်း)၊ (ဦးတင်မောင်မြင့်)–ဒေါ်ခင်မာသန်း၊ စန္ဒရား(ဦးတင်မောင်ကြည်)–ဒေါ်ဝင်းပပတို့၏ညီ/မောင်၊ ဦးနိုင်ဝင်း–ဒေါ်ဝါဝါဝင့်သူ(ခ)ဝါဝါကြည်တိုး(Yangon Foodစားသောက်ကုန်လုပ်ငန်း)၊ ကိုအေးချမ်း(ရွှေသံလွင် ကုမ္ပဏီ)–ရဲတပ်ကြပ် သင်းသင်းခိုင်(အင်းစိန်မြို့မရဲစခန်း)၊ ကိုငြိမ်းချမ်း–မမီမီမျိုး၊[မနှင်းသီရိဖြူ(ခ)နှင်းနှင်းကြည်တိုး]၊ ကိုချမ်းမြေ့ပြည့်ဖြိုးတို့၏ဖခင်၊ (ဒေါ်တင်အေးကြည်–ရှယ်လီအုံးမောင်)၏ ချစ်လှစွာသောခင်ပွန်း၊ မြေး ကိုးယောက်၊မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၈–၃–၂၀၂၀ရက်နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၃–၂၀၂၀ရက် (အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(အမှတ် ၉၅၉၊ (၉)ရပ်ကွက်၊ ရွှေပဒေသာလမ်း၊ မြောက်ဒဂုံ(အရှေ့ပိုင်း) နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။ **ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးရဲကျော်စွာဦး
### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ(ဦးဦးဂါ–ဒေါ်ခင်သန်းလွင်)ညွှန်ကြားရေးမှူး၊ငြိမ်း၊ သစ်တောဦးစီးဌာနတို့၏သား၊ ဦးသြထွဋ်မင်း–ဒေါ်ဥမ္မာဖြူ၊ ဒေါ်ဇင်နီယာဦး–ဦးကျော်သူဝင်း၊ဦးလင်းထွေးမြင့်–ဒေါ်ယုယုဝေ၊ ဦးထူးရန်ကျော်–ဒေါ်သင်းပုံ့ဖြူတို့၏အစ်ကိုကြီး၊ မခင်ဝတီဦး၊မောင်ရဲသြထွဋ်ဦး၊ မအိန္ဒြေသြထွဋ်၊ မောင်ဘုန်းသွန်းထူး၊ မောင်အောင်ကျော်ဇင်၊ မောင်နေ့သစ်ထူး၊ Rya Gar တို့၏ ချစ်လှ စွာသောဘကြီး သည် ၇–၃–၂၀၂၀ရက် ည ၁၀:၄၀ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉–၃–၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၁၃–၃–၂၀၂၀ ရက်(သောကြာနေ့)တွင် မရမ်းကုန်းမြို့နယ်၊(၄) ရပ်ကွက်၊ မြိုင်ဟေဝန်အိမ်ရာ၊ တိုက် (၅)၊ အမှတ် ၅၀၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/56115, Hensin 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးအောင် ၉/မဟမ(နိုင်)၀၄၄၀၁၇ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀–၇)၊ ဦးပိုင်အမှတ်(၇၄)၊ ၆၉x၆၈လမ်း၊ ဝေသာလီ xသာယာဝတီလမ်းကြားရှိတောဂရန်မြေကွက်အမည်ပေါက်သူ ဦးမလဲဆင်၉/မနမ(နိုင်)၀၈၃၅၂၇၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၁၀၈၃/၂၀၀၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်လီလီမိုး ၉/မရမ(နိုင်) ၀၉၂၈၇၁က ငွေသွင်းပြေစာမူရင်းများအသိမ်းလွန်ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်းရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါ က ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

---

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက် အမှတ် (ဖဖ–၅)၊ ဦးပိုင်အမှတ်(၁၀)၊ မနော်ဟရီလမ်း၊ ၄၉x ၅၀ ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဖုန်းလောင်း ၁/မညန(နိုင်)၀၇၂၂၅၅ က ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံနှင့် စိစစ်ပြီး ဂရန်မိတ္တူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်စာချုပ် မူရင်း ပြန်လည်တွေ့ရှိ ပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ်ထုတ်ယူခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**



တပေါင်းလပြည့်နေ့ ညပိုင်းက ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ဘုရားဖူးပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားစွာတွေ့ရစဉ်။
ဓာတ်ပုံ- တင်စိုး (မြန်မာ့အလင်း)

**တပေါင်းလပြည့်နေ့၌ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ ဘုရားပုထိုးစေတီများ၌ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ပြုကြသူများဖြင့် စည်ကားများပြား**
စာ » ၈

AFC Cup ပြိုင်ပွဲ အဝေးကွင်းပွဲယှဉ်ပြိုင်ရန် ရှမ်းယူနိုက်တက်အသင်းထွက်ခွာ
စာ » ၁၂

**ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အရှိန်မြင့်နေပေမယ့် မဲဆွယ်စည်းရုံးမှုတွေ ဆက်လုပ်မယ့် ဒေါ်နယ်ထရမ့်**
စာ » ၁၅

## MNL ပြိုင်ပွဲ ရာပြည့်ဂိုးသွင်းရှင်အား ဆုချီးမြှင့်

**ရန်ကုန် မတ် ၈**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ရာပြည့်ဂိုးသွင်းယူခဲ့သည့် Southern အသင်းတိုက်စစ်မှူး ရှိုင်းသူရအား မတ် ၇ ရက်က ဆုချီးမြှင့်ခဲ့သည်။

ရှိုင်းသူရသည် ဖေဖော်ဝါရီ ၂၂ ရက်က ပွဲစဉ် (၇) အဖြစ် ယှဉ်ပြိုင်ကစားသည့် ချင်းယူနိုက်တက်အသင်းအား

*စာမျက်နှာ ၁၂ ကော်လံ ၅* ❖




၂၀၂၀ ရာသီ MNL ပြိုင်ပွဲ ရာပြည့်ဂိုးသွင်းရှင် ရှိုင်းသူရ (Southern) အား ဆုချီးမြှင့်စဉ်။
ဓာတ်ပုံ- ဖိုးသော်ဇင်

## ဟံသာဝတီအသင်း နိုင်ပွဲပြန်ယူပြီး ဆက်လက်ဦးဆောင်

**ရန်ကုန် မတ် ၈**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉) နောက်ဆုံးပွဲအဖြစ် ဟံသာဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယနေ့ ညနေပိုင်းက ပဲခူး Grand Royal ကွင်း၌ ကျင်းပရာ ဟံသာဝတီအသင်းက ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဟံသာဝတီအသင်းသည် အိမ်ကွင်းတွင် အမှားအယွင်းမရှိ နိုင်ပွဲရယူခဲ့ပြီး ဂိုးပြတ်အနိုင်ရလဒ်နှင့်အတူ ထိပ်ဆုံး၌ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ယမန်နေ့က ကစားသည့်ပွဲတွင် ရေှာဝတီအသင်း အနိုင်ရခဲ့သောကြောင့် ဟံသာဝတီအသင်းသည် ထိပ်ဆုံးနေရာတွင် ဆက်ရှိရန်အတွက် မဖြစ်မနေ နိုင်ပွဲရယူနိုင်ရန် ကြိုးပမ်းခဲ့ပြီး ဂိုးပြတ်ရလဒ်ဖြင့် အမှတ်ပြည့်ရယူနိုင်ခဲ့သည်။

ဟံသာဝတီသည် ဒဏ်ရာရကစားသမားအချို့မှလွဲ၍ နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့သည်။ တန်းတက် အား/ကာသိပ္ပံ အသင်းမှာလည်း အမှတ်လိုနေသောကြောင့် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ဟံသာဝတီအသင်းသည် နိုင်ပွဲပြန်ရရန် ပွဲစကတည်းက

*စာမျက်နှာ ၁၂ ကော်လံ ၁* ✻



ဟံသာဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်နေစဉ်။
ဓာတ်ပုံ- ကိုဇေ

